၄။ (၁) ရောင်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် ပစ္စည်းစီမံခန့်ခွဲခြင်းတွင် ကိစ္စတစ်ခုပြီးမြောက်စေရန်အတွက် စာချုပ်စောင်ရေအများအပြား ချုပ်ဆိုရသည့်အခါ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် ပစ္စည်းခွဲဝေခြင်းအတွက် ပင်ရင်းစာချုပ်တစ်ခုကိုသာလျှင် ဇယား(၁)ပါ သက်ဆိုင်ရာနှုန်းထားအတိုင်း ထမ်းဆောင်စေရမည်ဖြစ်ပြီး ကျန်စာချုပ်များအတွက် ဇယားတွင် ယင်းအတွက် ဖော်ပြထားသောအခွန်အစား တစ်စောင်လျှင် တံဆိပ်ခေါင်းခွန် ၁၀၀/- စီ ထမ်းဆောင်စေရမည်။

(၂) အထက်အပိုဒ် (၁)တွင် ဖော်ပြသည့်ပင်ရင်းစာချုပ်သည် မည်သည့်စာချုပ်ဖြစ်သည်ဟု မှတ်ယူရမည်ကို စာချုပ်တွင် ပါဝင်ချုပ် ဆိုသူများကိုယ်တိုင်က အဆုံးအဖြတ်ပေးနိုင်သည်။

သို့ရာတွင် ၎င်းတို့အဆုံးအဖြတ်ပေးသည့်စာချုပ်စာတမ်းအပေါ် ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်မှာ ချုပ်ဆိုခဲ့သည့် မည်သည့်စာချုပ်စာတမ်းများနှင့်မဆို စပ်လျဉ်း၍ အများဆုံးထိုက်သင့်သော တံဆိပ်ခေါင်းခွန်ဖြစ်စေရမည်။

**ကွဲပြားခြားနားသောကိစ္စရပ်များဆိုင်ရာစာချုပ်များ**

၅။ တစ်သီးတစ်ခြားစီဖြစ်သော အမှုကိစ္စများအားရည်ညွှန်း၍သော်လည်းကောင်း၊ ဆက်နွယ်၍သော်လည်းကောင်း၊ သီးခြားစီပြုလုပ်ချုပ်ဆိုထားသည့် စာချုပ်စာတမ်းဖြစ်လျှင် အမှုကိစ္စတစ်ခုချင်းအတွက် ဤအက်ဥပဒေအရ ထိုက်သင့်သည့်နှုန်းထားများအတိုင်း စုပေါင်း၍အခွန်ထိုက်သင့်စေရမည်။

**ဇယား (၁)ပါစာချုပ်များ**

၆။ အထက်ဖော်ပြပါ နောက်ဆုံးပုဒ်မပါ ပြဋ္ဌာန်းချက်များကို အခြေပြု၍ စာချုပ်စာတမ်းတစ်ခုသည်ဇယား (၁) ပါ စာချုပ်စာတမ်းနှစ်မျိုး သို့မဟုတ် နှစ်မျိုးထက်ပို၍ သက်ဆိုင်အောင်ရေးသားချုပ်ဆိုထားလျှင် ၎င်းဇယားအရ ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်များသည် ကွဲပြားခြားနားးပါက အများဆုံးတံဆိပ်ခေါင်းခွန်ကိုထိုက်သင့်စေရမည်။

သို့ရာတွင် ဤဥပဒေအရ အခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းတစ်စုံတစ်ရာအား ကျသင့်သောအခွန်ထမ်းဆောင်ပြီးမှုရင်းခွဲ ထပ်မံပွားယူသည့်ကိစ္စတွင် ၎င်းမူရင်းခွဲအတွက် တစ်ရာထက်ပို၍ အခွန်ထိုက်သင့်မှုမရှိစေရ။

**ပင်လယ်ရေကြောင်းအာမခံပေါ်လစီများ**

၇။ (၁) (၁၈၉၄ ခုနှစ်ပင်လယ်ရေကြောင်း ကုန်သွယ်မှုအက်ဥပဒေပုဒ်မ ၅၀၆ တွင်ရည်ညွှန်းထားသည့် အာမခံစာချုပ်မှအပ) ပင်လယ်ရေကြောင်းအာမခံအတွက် ချုပ်ဆိုသည့် မည်သည့် ပဋိညာဉ်စာချုပ်မျှ ပင်လယ်ရေကြောင်းပေါ်လစီအတိုင်း ရေးသားဖော်ပြခြင်းမရှိလျှင် တရားဝင်မဖြစ်စေရ။

(၂) အချိန်ကန့်သတ်ချုပ်ဆိုသည့် မည်သည့်ပင်လယ်ရေကြောင်း ပေါ်လစီမျှ ၁၂ လထက်ပိုသောကာလ အပိုင်းအခြားအတွက် မချုပ်ဆိုရ။

(၃) မည်သည့်ပင်လယ်ရေကြောင်းပေါ်လစီမျှ တိကျစွာဖော်ပြထားသည့် အန္တရာယ်ဖြစ်စေမည့်အချက် သို့မဟုတ် စွန့်စားမှုပြုလုပ်သည့်အချက် သို့မဟုတ် ကာလအပိုင်းအခြား၊ ငွေပေးသွင်းသူများ သို့မဟုတ် ငွေပေးဆောင်သူများ၏အမည် များနှင့်ပေးသွင်းငွေ သို့မဟုတ် အာမခံထားသည့်ငွေပေါင်းတို့ကို ရေးသားဖော်ပြခြင်း မရှိလျှင် တရားဝင် မဖြစ်စေရ။

(၄) ပင်လယ်ပြင်ခရီးစဉ်တစ်ခေါက်အတွက်သော်လည်းကောင်း၊ အချိန်ကာလကန့်သတ်ချက်အတွက် သော်လည်းကောင်း သို့မဟုတ် သင်္ဘောသွားရောက်ရမည့် အရပ်သို့ရောက်ရှိပြီး ကျောက်ချရပ်နားပြီးနောက် ရက်ပေါင်း ၃၀ ကျော်လွန်သည့် အချိန်ကာလအထိလည်းကောင်း သတ်မှတ်ချုပ်ဆိုထားသည့် မည်သည့်ပင်လယ်ရေကြောင်း

အာမခံမဆို ခရီးစဥ်တစ်ခုအတွက် ပေါ်လစီအဖြစ်သော်လည်းကောင်း၊ သတ်မှတ်အချိန်ကာလအတွက် ပေါ်လစီအဖြစ်သော်လည်းကောင်း တံဆိပ်ခေါင်းခွန်ပေးဆောင်စေရမည်။

ဒေသဆိုင်ရာအာဏာပိုင်ချေးငွေဥပဒေအရထုတ်ပေးသော ကတိခံဝန်ချုပ်၊ ကြွေးမြီခံဝန် ချုပ် သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များ သို့မဟုတ် ချေးငွေများ

၈။ (၁) ဤအက်ဥပဒေတွင်မည်သို့ပင်ပါရှိစေကာမူ ဒေသဆိုင်ရာအာဏာပိုင် ငွေချေးအက်ဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဖြစ်သည့် အခြားဥပဒေတစ်ခုခုအရသော်လည်းကောင်း၊ ဒေသဆိုင်ရာအာဏာပိုင်မှ ထုတ်ပေးသည့် ကတိခံဝန်ချုပ်များ၊ ကြွေးမြီခံဝန်ချုပ်များ သို့မဟုတ် အခြားသောငွေချေးသက်သေခံလက်မှတ်များဖြင့် ထုတ်ပေးသည့် ချေးငွေတစ်ခုနှင့်စပ်လျဥ်း၍ ထုတ်ပေးသော ကတိခံဝန်ချုပ်များ၊ ကြွေးမြီခံဝန်ချုပ်များ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များ၏ စုစုပေါင်းတန်ဘိုးအပေါ်တွင် တစ်ရာခိုင်နှုန်းတံဆိပ်ခေါင်းခွန်ထိုက်သင့်စေရမည်။ ထို့ပြင် အဆိုပါ ကတိခံဝန်ချုပ်များ၊ ကြွေးမြီခံဝန်ချုပ်များ သို့မဟုတ် အခြားသော ငွေချေး သက်သေခံလက်မှတ်များအားသက်တမ်း တိုးမြှင့်ခြင်း၊ ပေါင်းစည်းခြင်း၊ ခွဲခြားခြင်း သို့မဟုတ် အခြားနည်းတစ်ခုခုပြုလုပ်သည့်ကိစ္စတွင် တံဆိပ်ခေါင်းကပ် ရန်မလိုသည့်အပြင် တံဆိပ်ခေါင်းခွန် ထပ်မံထမ်းဆောင်ခြင်း မပြုရ။

(၂) အထက်အပိုဒ်(၁)တွင် တံဆိပ်ခေါင်းကပ်ခြင်းနှင့် တံဆိပ်ခေါင်းထပ်မံထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရသည့်ကတိခံဝန်ချုပ်များ၊ ကြွေးမြီခံဝန်ချုပ်များ သို့မဟုတ် အခြားသော ငွေချေးသက်သေခံလက်မှတ်များဟု ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များသည် မပြေကျန်ငွေများနှင့်သက်ဆိုင်သည့် ကတိခံဝန်ချုပ်များ၊ ကြွေးမြီခံဝန်ချုပ်များ သို့မဟုတ် အခြားသော ငွေချေး သက်သေခံလက်မှတ်များနှင့် သက်ဆိုင်စေရမည်။ ထို့အပြင်အဆိုပါကတိခံဝန်ချုပ်များ၊ ကြွေးမြီခံ ဝန်ချုပ်များ သို့မဟုတ် အခြားသော ငွေချေးသက်သေခံလက်မှတ်များသည် တံဆိပ်ခေါင်းကပ်သည်ဖြစ်စေ၊ မကပ်သည် ဖြစ်စေ တရားဝင်ဖြစ်စေရမည်။

(၃) ဤပုဒ်မအရပေးဆောင်ရမည့် တံဆိပ်ခေါင်းခွန်အား ရည်ရွယ်ချက်ဖြင့် ပေးဆောင်ခြင်းမရှိလျှင် ပေးဆောင်ရမည့် အခွန်ငွေ၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသောဒဏ်ငွေအား ပေးဆောင်ရန် ပျက်ကွက်သည့်လနှင့် နောက်လ ဆက်လက်ပေးဆောင်ခြင်းမရှိသည့်လစဥ်အတွက် နိုင်ငံတော်အစိုးရသို့ ဒေသဆိုင်ရာအာဏာပိုင်က နိုင်ငံတော်ဘဏ္ဍာအဖြစ် ကောက်ခံ သိမ်းဆည်းပေးရန် တာဝန်ရှိစေရမည်။

လျှော့ချခြင်း၊ လွတ်ငြိမ်းခွင့်ပြုခြင်း သို့မဟုတ် ပူးပေါင်း၍ပေးရန်အခွင့်အာဏာ

၉။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် နိုင်ငံတော်ပြန်တမ်းတွင် နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ -

(က) ရှေ့အလားအလာဖြစ်စေ၊ နောက်ကြောင်းပြန်၍ဖြစ်စေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ရပ်တွင် စာချုပ်စာတမ်းတစ်ရပ်ရပ် သို့မဟုတ် စာချုပ်စာတမ်း၏ သီးခြားအမျိုး အစားတစ်ရပ်ရပ် သို့မဟုတ် ယင်းအမျိုးအစားတွင်ပါဝင်သော စာချုပ်စာတမ်းတစ်ရပ်ရပ်၊ သီးခြားအမျိုးအစား တစ်ရပ်ရပ် ပုဂ္ဂိုလ်ကသော်လည်းကောင်း၊ ယင်းအတွက်သော်လည်းကောင်း၊ ယင်းအမျိုးအစား အဖွဲ့ဝင်တစ်ဦးဦးကသော်လည်းကောင်း၊ ယင်းတို့အတွက် သော်လည်းကောင်း ဆောင်ရွက်သော စာချုပ်စာတမ်းတစ်ရပ်ရပ်ကို တံဆိပ်ခေါင်းခွန်လျှော့ပေါ့ သို့မဟုတ် ကင်းလွတ်ခွင့်ပြုနိုင်သည်။

* (ခ) ပယ်ဖျက်သည်။

(ဂ) ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် အစုစပ်ကုမ္ပဏီကဖြစ်စေ သို့မဟုတ် အခြား အသင်းစုကဖြစ်စေထုတ်သည့် ကြွေးမြီခံဝန်ချုပ်၊ ကတိခံဝန်ချုပ် သို့မဟုတ် ရောင်းချနိုင်သော ငွေချေးသက်သေခံ

*၂၀၁၄ ခုနှစ် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ဖြည့်စွက်ထားသည်။

လက်မှတ်များ အတွက် တံဆိပ်ခေါင်းခွန်ကိုပြေငြိမ်းစေရန်ဖြစ်စေ၊ ပူးပေါင်း၍ ပေးဆောင်စေရန်ဖြစ်စေ သတ်မှတ်ပေးနိုင်သည်။

**ခ။ တံဆိပ်ခေါင်းများနှင့် ယင်းတို့ကိုထမ်းဆောင်ရန် နည်းလမ်းများ**

အခွန်ပေး ဆောင်ရန် နည်းလမ်း ၁၀။ (၁) ဤအက်ဥပဒေတွင် အတိအလင်းအခြားနည်းပြဋ္ဌာန်းထားသည့် ကိစ္စရပ်မှအပ မည်သည့်စာချုပ်စာတမ်းအတွက်မဆို ထိုက်သင့်သည့်အခွန်အားလုံးကို -

(က) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ သို့မဟုတ်

(ခ) ယင်းပြဋ္ဌာန်းချက်သည် ၎င်းစာချုပ်စာတမ်းများနှင့်မသက်ဆိုင်လျှင် ပြည်ထောင်စုအစိုးအဖွဲ့၏ သဘောတူညီချက်ဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ နည်းဥပဒေပြဋ္ဌာန်း၍ ညွှန်ကြားသည့်အတိုင်း တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည်ဖြစ်ပြီး ယင်းထမ်းဆောင်မှုသည် ယင်းစာချုပ်စာတမ်းများအပေါ် အခွန်ထမ်းဆောင်ပြီးဖြစ်ကြောင်းပြဆိုသည်။

(၂) အပိုဒ် (၁)အရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများတွင် အခြားအကြောင်းအရာများနှင့် အောက်ပါအချက်များကို စည်းမျဉ်းသတ်မှတ်ရမည် -

(က) စာချုပ်စာတမ်းအမျိုးအစားတစ်ရပ်စီအတွက် သုံးစွဲခွင့်ရသည့်တံဆိပ်ခေါင်းများ၏ အမျိုးအစားဖြစ်သည့်ကိစ္စ၊

(ခ) နှိပ်တံဆိပ်ခေါင်းရိုက်နှိပ်လျက်ပါရှိသည့် စာချုပ်စာတမ်းများအတွက် သုံးစွဲခွင့်ရသည့် တံဆိပ်ခေါင်း အရေအတွက်ဖြစ်သည့်ကိစ္စ၊

(ဂ) သက်ဆိုင်ရာနိုင်ငံသုံး ဘာသာစကားတစ်ရပ်ရပ်နှင့် ရေးသားထားသည့်ငွေလွှဲလက်မှတ်များ သို့မဟုတ် ငွေချေးကတိစာချုပ်များဖြစ်သည့်ကိစ္စတွင် ၎င်းတို့ကိုရေးသားရမည့် စက္ကူအရွယ်အစားပမာဏ၊

ကပ် တံဆိပ် ခေါင်းအ သုံးပြု ခြင်း ၁၁။ အောက်ဖော်ပြပါ စာချုပ်စာတမ်းများတွင် ကပ်တံဆိပ်ခေါင်းများကို ကပ်နှိပ်နိုင်သည် -

(က) တောင်းဆိုသည့်အခါမှတစ်ပါး အခြားနည်းဖြင့် ငွေပေးချေရသော စောင်ရေအစုံလိုက် ရေးသားတောင်းခံသည့် ငွေလွှဲလက်မှတ် အစိတ်အပိုင်းများမှတစ်ပါး အခွန် ၁၀ကျပ် ထိုက်သင့်သည့် စာချုပ်စာတမ်းများ၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြင်ပတွင်ရေးဆွဲပြုလုပ်သည့် ငွေလွှဲလက်မှတ်နှင့်ငွေပေးကတိစာချုပ်များ၊

(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်တင်သွင်းသည့်စာရင်း၊

(ဃ) နိုတြီ စာတမ်းများ၊

(င) အစုစပ်ကုမ္ပဏီ သို့မဟုတ် အခြားအသင်းစု၏ အစုရှယ်ယာများ ကိုထပ်ဆင့်လက်မှတ် ရေးထိုးလွှဲပြောင်းသည့်စာချုပ်စာတမ်းများ ။

ကပ် တံဆိပ် ခေါင်းပယ် ဖျက် ခြင်း ၁၂။ (၁) (က) တစ်စုံတစ်ယောက်သောသူ ချုပ်ဆိုထားသည့် တံဆိပ်ခေါင်းခွန်ထိုက်သင့်သော စာချုပ်စာတမ်းတစ်စုံတစ်ရာတွင် ကပ်တံဆိပ်ခေါင်းကို ကပ်သူမည်သူကမဆို ကပ်စဉ်အခါ၌ ယင်းတံဆိပ်ခေါင်းကို ထပ်မံ အသုံးမပြုနိုင်အောင်ဖျက်ရမည်။

(ခ) ကပ်တံဆိပ်ခေါင်းကပ်နှိပ်လျက်ပါသည့်စက္ကူတွင် စာချုပ်စာတမ်းတစ်စုံတစ်ရာ ရေးသားချုပ်ဆိုသူမည်သူမဆို ထိုတံဆိပ်ခေါင်းကိုဆိုခဲ့သည့် နည်းလမ်းအတိုင်း ဖျက်ပြီးမဟုတ်လျှင် ချုပ်ဆိုစဉ်အခါ၌ ထပ်မံအသုံးမပြုနိုင်အောင်ဖျက်ရမည်။

(၂) နောက်ထပ်မံ အသုံးမပြုနိုင်အောင် ဖျက်ထားခြင်းမပြုသည့် ကပ်တံဆိပ်ခေါင်းပါ စာချုပ်စာတမ်း တစ်စုံတစ်ရာကို ယင်းတံဆိပ်ခေါင်းနှင့်စပ်လျဉ်း၍ သမ္မတံဆိပ်ခေါင်းပါရှိသည်ဟူ၍မှတ်ယူခြင်းမပြုရ။

(၃) ကပ်တံဆိပ်ခေါင်းကိုပုဒ်မခွဲ(၁)အရ ဖျက်ရမည့်သူက တံဆိပ်ခေါင်းပေါ်တွင်ဖြစ်စေ၊ တံဆိပ်ခေါင်းကို ကန့်လန့်ဖြတ်၍ဖြစ်စေ၊ မိမိ၏အမည် သို့မဟုတ် အမည်တိုကိုလည်းကောင်း၊ မိမိလုပ်ငန်း၏အမည် သို့မဟုတ် အမည်တိုကိုသော်လည်းကောင်းရေးသား၍ ထိုကဲ့သို့ အမှန်ရေးသားသည့် နေ့စွဲရေးထိုးခြင်း ဖြင့်ဖြစ်စေ၊ အခြား ထိရောက်သည့် နည်းလမ်းတစ်စုံတစ်ရာဖြင့်ဖြစ်စေ ပယ်ဖျက်နိုင်သည်။

နှိပ်တံဆိပ် ခေါင်း ကပ်ထား သည့် စာချုပ်စာတမ်းတွင် ရေးသားရန် နည်းလမ်း

၁၃။ နှိပ်တံဆိပ်ခေါင်းရိုက်နှိပ်ပြီး စက္ကူတွင်ရေးသားသည့် မည်သည့်စာချုပ်စာတမ်းမဆို တံဆိပ်ခေါင်းသည် စာချုပ်စာတမ်း၏ ရှေ့မျက်နှာတွင် ပေါ်လွင်နေစေသည့်နည်းလမ်းအရ ရေးသားရမည်ဖြစ်ပြီး ၎င်းစက္ကူကို အခြားစာချုပ်စာတမ်း တစ်စုံတစ်ရာအတွက်အသုံးပြုခြင်း သို့မဟုတ် အသုံးချခြင်းမပြုလုပ်နိုင်သည့်နည်းလမ်းဖြင့် ရေးသားရမည်။

စာချုပ်စာတမ်း တစ်ခုတွင် တံဆိပ်ခေါင်း တစ်မျိုး တည်းသာထမ်း ဆောင်ရခြင်း

၁၄။ တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းတစ်စုံတစ်ရာရေးသားပြီးသည့် တံဆိပ်ခေါင်းကပ်ပြီး စက္ကူတွင် တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် အခြားမည်သည့် ဒုတိယစာချုပ်စာတမ်းကိုမျှ ထပ်မံရေးသားခြင်းမပြုလုပ်ရ။ သို့ရာတွင် ဤပုဒ်မပါ မည်သည့်အကြောင်းအချက်ကြောင့်မျှ ပေါ်ပေါက်လာသည့် သို့မဟုတ် သက်သေထင်ရှားဖြစ်စေသည့် အခွင့် အရေးတစ်ရပ်ရပ်ကို လွှဲပြောင်းရန်ဖြစ်စေ၊ စာချုပ်အရပေးအပ်ရန်ရှိသည့်ပစ္စည်း သို့မဟုတ် ငွေတစ်ရပ်ရပ်ကို ရရှိပြီး ကြောင်းအသိအမှတ်ပြုရန်ဖြစ်စေ ၎င်းစာချုပ်တွင် နည်းလမ်းကျနစွာတံဆိပ်ခေါင်းကပ်ပြီးသည့် သို့မဟုတ် တံဆိပ်ခေါင်းခွန် ထိုက်သင့်ခြင်းမရှိသေးသော စာချုပ်စာတမ်းတစ်စုံတစ်ရာပေါ် ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းများကို တားဆီးကန့်ကွက် ခြင်း မရှိစေရ။

ပုဒ်မ၁၃ သို့မဟုတ် ပုဒ်မ ၁၄ ကို ဆန့်ကျင် ရေးသားထား သော စာချုပ် စာတမ်းအား တံဆိပ် ခေါင်းမကပ်သကဲ့သို့ မှတ်ယူရခြင်း

၁၅။ ပုဒ်မ ၁၃ သို့မဟုတ် ပုဒ်မ ၁၄ နှင့် ဆန့်ကျင်၍ ရေးသားချုပ်ဆိုထားသော မည်သည့်စာချုပ်စာတမ်းမဆို တံဆိပ် ခေါင်းကပ်နှိပ်ထားခြင်းမရှိသော စာချုပ်စာတမ်းအဖြစ် မှတ်ယူရမည်။

တာဝန်ကို ဖော်ပြခြင်း

၁၆။ စာချုပ်စာတမ်းတစ်ခုနှင့်ပတ်သက်၍ တံဆိပ်ခေါင်းခွန်ထိုက်သင့်ခြင်းအတွက်ဖြစ်စေ၊ တံဆိပ်ခေါင်းခွန် ကင်းလွတ် ခြင်းအတွက်ဖြစ်စေ၊ အခြားစာချုပ်စာတမ်းတစ်စောင်အတွက် ထမ်းဆောင်ပြီးသည့် တံဆိပ်ခေါင်းခွန်ကို တနည်းနည်းနှင့် အမှီပြုရခြင်းဖြစ်လျှင် ယင်းကိစ္စရပ်အတွက် စာချုပ်စာတမ်းနှစ်စောင်လုံးကိုတင်ပြ၍ မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)ထံ စာရေးသားလျှောက်ထားတင်ပြလျှင် ထိုကဲ့သို့နောက်ဆုံးဖော်ပြထားသည့် တံဆိပ်ခေါင်းခွန်ထမ်းဆောင် ပြီးကြောင်းကို စာချုပ်စာတမ်းတွင် ရေးသားဖော်ပြပြီးနောက် ထိုမြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ) ကိုယ်တိုင်က ထပ်ဆင့်လက်မှတ်ရေးထိုး၍ဖြစ်စေ၊ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်သည့်အခြားနည်းလမ်းဖြင့်ဖြစ်စေ ပထမဖော်ပြထားသည့် စာချုပ် စာတမ်းတွင် ထပ်ဆင့်လက်မှတ်ရေးထိုးရမည်။

## ဂ။ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည့် အချိန်ကာလ

ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော်တွင် ချုပ် ဆိုသော စာချုပ်များ

၁၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မည်သူမဆိုချုပ်ဆိုသည့် တံဆိပ်ခေါင်းခွန်ထိုက်သင့်သော စာချုပ် စာတမ်းများအားလုံးကို စာချုပ်မချုပ်ဆိုမီဖြစ်စေ ချုပ်ဆိုသည့်အခါ၌ဖြစ်စေ တံဆိပ်ခေါင်းထမ်းဆောင်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ပြင်ပတွင်ချုပ်ဆိုသည့်ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ်မှလွဲ၍ အခြားစာချုပ်စာတမ်းများ

၁၈။ (၁) မြန်မာနိုင်ငံပြင်ပတွင်သာချုပ်ဆိုခဲ့သည့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ်မဟုတ်သော တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းများအရပ်ရပ်အား မြန်မာနိုင်ငံအတွင်း၌ ပထမဦးစွာ လက်ခံရရှိပြီးနောက် သုံးလအတွင်း တံဆိပ်ခေါင်း ကပ်နှိပ်နိုင်သည်။

(၂) ထိုစာချုပ်စာတမ်းတစ်စုံတစ်ရာကို ၎င်းအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသည့် တံဆိပ်ခေါင်းမျိုးဖြင့် သက်ဆိုင် သည့်ပုဂ္ဂိုလ်က ထိုက်သင့်သည့်တံဆိပ်ခေါင်းကို ဝယ်ယူကပ်နှိပ်ခြင်းမပြုနိုင်လျှင် ဆိုခဲ့သည့် သုံးလအတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ်တော်အရာရှိ)ထံ ဆောင်ယူလာနိုင်သည်။မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ်တော်အရာရှိ)သည် ပြည်ထောင်စုအစိုးအရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်နည်းဥပဒေများအရ သတ်မှတ်သည့် နည်းလမ်းအတိုင်း ယူဆောင်လာသူပုဂ္ဂိုလ် အလိုရှိသည့် တန်ဖိုးသင့် တံဆိပ်ခေါင်းကိုကပ်နှိပ်ရမည်။

ပြည်ထောင်စု သမ္မတ မြန်မာ နိုင်ငံတော် ပြင်ပတွင် ရေးဆွဲသည့် ငွေလွှဲလက်မှတ်နှင့် ငွေ ပေးကတိ စာချုပ်

၁၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြင်ပတွင်ရေးဆွဲ သို့မဟုတ် ပြုလုပ်ခဲ့သည့်တောင်းဆိုသည့် အခါမှတပါး အခြားအခါများ၌ ငွေပေးချေရမည်ဖြစ်သောငွေလွှဲလက်မှတ်တစ်စုံတစ်ရာသို့မဟုတ် ငွေပေးကတိစာချုပ် တစ်စုံတစ်ရာကို ပထမလက်ရှိဖြစ်သူသည် ပြည်တွင်း၌ လက်ခံရန်ဖြစ်စေ၊ ငွေတောင်းခံရန်ဖြစ်စေ၊ ထပ်ဆင့်လက်မှတ်ရေးထိုးရန်ဖြစ်စေ၊ လွှဲပြောင်းရန် သို့မဟုတ် အခြားနည်းလွှဲပြောင်းရန်ဖြစ်စေ၊ ပြုသခြင်းမပြုမီလိုအပ်သည့် တံဆိပ်ခေါင်းကို ကပ်နှိပ်၍ ယင်း တံဆိပ် ခေါင်းကို ပယ်ဖျက်ရမည်။

သို့ရာတွင် -

(က) ထိုငွေလွှဲလက်မှတ် သို့မဟုတ် ငွေချေးကတိစာချုပ်တစ်စုံတစ်ရာသည် မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်သူတစ်ဦးတစ်ယောက်၏ လက်သို့ရောက်ရှိသည့်အခါ၌ပုဒ်မ ၁၂ ၌ ပြဋ္ဌာန်းထား သည့်နည်းလမ်းနှင့်အညီ ထိုက်သင့်သော ကပ်တံဆိပ်ခေါင်းကပ်နှိပ်ပါရှိ၍ဖျက်ပြီးသည့် အပြင် ထိုလက်ရှိဖြစ်သူအနေဖြင့် ဤအက်ဥပဒေအရသတ်မှတ်ထားသည့်အချိန်၌ ထိုပုဂ္ဂိုလ်မှတပါး အခြား ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်က တံဆိပ်ခေါင်းကိုကပ်နှိပ်၍ဖျက်ခဲ့ခြင်းဖြစ်ကြောင်း ယုံကြည်ရန်အကြောင်းမရှိလျှင် ထိုငွေလွှဲလက်မှတ် သို့မဟုတ် ငွေချေးကတိစာချုပ်သည် ထိုလက်ဝယ်ရှိသူနှင့်စပ်လျဉ်းသက်ဆိုင်သရွေ့ နည်းလမ်းကျနစွာ တံဆိပ်ခေါင်းကပ်နှိပ်၍ ဖျက်ပြီးကြောင်း မှတ်ယူရမည်။

(ခ) ဤကန့်သတ်ချက်ပါ မည်သည့်အချက်အရမျှ တစ်စုံတစ်ယောက်သောသူသည် တံဆိပ်ခေါင်းကပ်နှိပ်ရန် သို့မဟုတ် ပယ်ဖျက်ရန်ပျက်ကွက်ခဲ့သည့်အတွက် ထိုက်သင့်သည့်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် မရရှိစေရ။

## ဃ။ တံဆိပ်ခွန်အတွက် တန်ဖိုးဖြတ်ခြင်း

နိုင်ငံခြားငွေကြေးဖြင့် ဖော်ပြသည့် ပမာဏကို ပြောင်းလဲခြင်း

*၂၀။ (၁) တန်ဖိုးအလျောက် အခွန်ထမ်းဆောင်ထိုက်သော စာချုပ်စာတမ်းတစ်ရပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ငွေကြေးမှတစ်ပါး မည်သည့်ငွေကြေးတစ်စုံတစ်ရာဖြင့်မဆို ငွေပမာဏကို ဖော်ပြထားခြင်းဖြစ်လျှင် ယင်းစာချုပ်ချုပ်ဆိုသည့်နေ့ရှိ ပေါ်ပေါက်ရာ ငွေလဲလှယ်နှုန်းဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငွေကြေးတန်ဖိုးပေါ်တွင် ထမ်းဆောင်ရမည့် အခွန်ကို တွက်ချက်ရမည်။

(၂) အထက်ပုဒ်မခွဲတွင် ဖော်ပြထားသည့် ပေါ်ပေါက်ရာ ငွေလွှဲလှယ်နှုန်းဆိုသည်မှာ စာချုပ်ချုပ်ဆိုသည့်နေ့ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်သည့် နေ့စဉ်ငွေလဲလှယ်နှုန်းနှင့်အညီ ဖြစ်စေရမည်။

စတော့နှင့် ဈေးကွက်ဝင် ငွေချေးသက်သေ ခံလက်မှတ် တန်ဖိုး ဖြတ်ခြင်း

၂၁။ စာချုပ်စာတမ်း တစ်စုံတစ်ရာသည် စတော့လက်မှတ် သို့မဟုတ် ဈေးကွက်ဝင်သော သို့မဟုတ် အခြား

*၂၀၁၄ ခုနှစ် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ဖြည့်စွက်ထားသည်။

ငွေချေးသက်သေခံလက်မှတ်တစ်စုံတစ်ရာဖြစ်ပြီး တန်ဖိုးအလျောက်တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့်အချက်တွင် ၎င်း တံဆိပ်ခေါင်းခွန်ကို စတော့လက်မှတ် သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်၏ ပျမ်းမျှတန်ဖိုးအပေါ်တွင်ဖြစ်စေ၊ ထိုစာချုပ်စာတမ်းပြုလုပ်သည့်နေ့တွင် သတ်မှတ်သည့်တန်ဖိုးအပေါ်တွင်ဖြစ်စေ တွက်ချက်ရမည်။

ပျမ်းမျှတန်ဖိုး လဲလှယ်နှုန်း ဆိုင်ရာ ဖော်ပြချက်၏ အကျိုးတရား

၂၂။ စာချုပ်စာတမ်း တစ်စုံတစ်ရာတွင် လက်ရှိငွေလဲလှယ်နှုန်းဖြစ်စေ၊ ပျမ်းမျှတန်ဖိုးဖြစ်စေ လိုအပ်သည့်အတိုင်း ဖော်ပြပါရှိပြီး ဤကဲ့သို့ ဖော်ပြပါရှိသည့်အပေါ် တံဆိပ်ခေါင်းကပ်နှိပ်ပြီးဖြစ်လျှင် အခြားနည်းဆန့်ကျင်၍ သက်သေ ထင်ရှားမဖြစ်မီအထိ ထိုဖော်ပြချက်ပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ ၎င်းစာချုပ်စာတမ်းကို ထိုက်သင့်ရာ တံဆိပ်ခေါင်း ကပ်နှိပ်ပြီးဖြစ်ကြောင်းမှတ်ယူရမည်။

အတိုးငွေ ကိုလျာထား သောစာ ချုပ်များ

၂၃။ စာချုပ်စာတမ်းတစ်စုံတစ်ရာပါ အချက်များအရ အတိုးပေးရန် အတိအလင်းပါရှိပြီး ထိုစာချုပ်စာတမ်းကို တံဆိပ်ခေါင်းခွန် ထိုက်သင့်ရမည့်ကိစ္စတွင်စာချုပ်၌ အတိုးကို ဖော်ပြထားခြင်းမရှိသည့်အခါ၌ ထိုက်သင့်စေရမည့် တံဆိပ်ခေါင်းခွန်ထက် ပိုမိုထိုက်သင့်ခြင်း မရှိစေရ။

ဈေးကွက်ဝင်ငွေချေး သက်သေခံလက်မှတ် ပေါင်နှံခြင်းနှင့် ဆက် နွယ်သော အချို့စာချုပ်စာတမ်းများကို စာချုပ်အဖြစ် အခွန်ထိုက်သင့်စေခြင်း

၂၃-က။ (၁) ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ်မဟုတ်သော စာချုပ်တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ -

(က) ချေးငွေအဖြစ် ကြိုတင်ထုတ်ပေးပြီးသည့်ငွေ သို့မဟုတ် ထုတ်ပေးမည့်ငွေသို့မဟုတ် တင်ရှိပြီး ကြွေးမြီ သို့မဟုတ် နောင်တွင်တင်ရှိမည့် ကြွေးမြီနှင့်စပ်လျဉ်း၍ ဈေးကွက်ဝင်အာမခံငွေလက် မှတ်တစ်စုံတစ်ရာအား အပေါင်အဖြစ် တင်သွင်းသည့်အခါ ချုပ်ဆိုလျှင် သို့မဟုတ် ။

(ခ) ထိုက်သင့်သောတံဆိပ်ခေါင်းခွန်အား ပြည့်စုံကျနစွာထမ်းဆောင်၍ ပေါင်နှံထားသောဈေးကွက် ဝင်အာမခံငွေလက်မှတ်အား ပြန်လည်ရွေးယူသည့်အခါ ချုပ်ဆိုလျှင်၊ ဇယား(၁)၊ အမှတ်စဉ် ၅ (ဂ)တွင် ဖော်ပြထားသည့် သဘောတူစာချုပ် သို့မဟုတ် သဘောတူချက်မှတ်တမ်းနှင့်သက်ဆိုင် သည့် ကျသင့်အခွန်နှုန်းထားအတိုင်း တံဆိပ်ခေါင်းခွန် ထိုက်သင့်စေရမည်။

(၂) ဆိုခဲ့သည့်စာချုပ်စာတမ်းတစ်စုံတစ်ရာအား စွန့်လွှတ် သို့မဟုတ် ပျက်ပြယ်စေသည့်အနေဖြင့် ချုပ်ဆိုသည့် စာချုပ်စာတမ်းကိုလည်း အထက်တွင်ဖော်ပြသည့်အတိုင်း တံဆိပ်ခေါင်းခွန် ထိုက်သင့် စေရမည်။

အနာဂတ်ငွေ ပေးချေမှု(သို့) အကြွေး ပေးဆောင် ရန်လွှဲပြောင်း ပုံနှင့် အခွန် ထိုက်သင့် စေခြင်း

၂၄။ တစ်စုံတစ်ယောက်သောသူရရန်ရှိသည့် ကြွေးမြီအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသအတွက်ဖြစ်စေ၊ ငွေ သို့မဟုတ် စတော့လက်မှတ် တစ်စုံ တစ်ရာအားပေးခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းအား မုချဖြစ်သည်၊ သို့မဟုတ် ဖြစ်တန်ရာသည်အတွက်ဖြစ်စေ၊ ပစ္စည်းတစ်စုံတစ်ရာပေါ်တွင်တင်ရှိသည့် ကြွေးမြီဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ယင်းပစ္စည်းကို အဖိုးစားနားအဖြစ်ဆိုခဲ့သူသို့ ပေးအပ်သည့်ကိစ္စတွင် ယင်းသို့သော ကြွေးမြီ၊ ငွေ သို့မဟုတ် စတော့ လက်မှတ်ကို အဖိုးစားနား၏တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းအဖြစ်အကြောင်းအားလျော်စွာ မှတ်ယူရမည်ဖြစ်ပြီး ယင်းနှင့်စပ်လျဉ်း၍ လွှဲပြောင်း ခြင်းအတွက် တန်ဖိုးအလျောက် တံဆိပ်ခေါင်းခွန်ပေးဆောင်ရမည်။

သို့ရာတွင် ဤပုဒ်မပါအချက်များသည် ဇယား(၁) အမှတ်စဉ် ၁၈ တွင်ဖော်ပြပါရှိသည့် ပစ္စည်းရောင်းသက်သေခံ လက်မှတ်တစ်စုံတစ်ရာနှင့် သက်ဆိုင်မှုမရှိစေရ။

ရှင်းလင်းချက်။ ။ပေါင်နှံထားသည့်ပစ္စည်း သို့မဟုတ် အခြားကြွေးမြီတင်ရှိသည့် ပစ္စည်းတစ်စုံတစ်ရာကိုရောင်းချ သည့်ကိစ္စတွင် ၎င်းပစ္စည်းအတွက် မပေးဆပ်ရသေးသော အပေါင်ချေးငွေ သို့မဟုတ် ကျသင့် တောင်းခံငွေကို အတိုးငွေနှင့်တကွ (တစ်စုံတစ်ရာရှိလျှင်)အား ရောင်းချသည့် အဖိုးစားနား၏ အစိတ်အပိုင်း ဟုမှတ်ယူရမည်။

သို့ရာတွင် ပေါင်နှံထားသည့်ပစ္စည်းကို အပေါင်ခံသူထံသို့ လွှဲပြောင်းပေးအပ်ရာ၌ ၎င်းသူသည် ပေါင်နှံခြင်းနှင့်ပတ်သက်၍ ပေးဆောင်ပြီးသောတံဆိပ်ခေါင်းခွန်ကို လွှဲပြောင်းခြင်းအပေါ် ပေးဆောင်ရမည့် တံဆိပ်ခေါင်းခွန်မှ နုတ်ယူပိုင်ခွင့်ရှိသည်။

ဥပမာများ -

(၁) မောင်ဖြူက မောင်မဲကို ငွေ ၁၀၀ဝိ/- ကြွေးဆပ်ရန်ရှိသည်။ ထိုအကြွေး ၁၀၀ဝိ/- ကို အပြေအကြေ ပြုလုပ်၍ ပစ္စည်းတစ်ရပ်ကို တန်ဖိုးငွေ ၅၀ဝိ/- နှင့် မောင်ဖြူက မောင်မဲသို့ ရောင်းချလျှင်ငွေ ၁၅၀ဝိ/- ပေါ်တွင် တံဆိပ်ခေါင်းခွန် ပေးဆောင်ရမည်။

(၂) မောင်ဖြူက မောင်မဲထံတွင် ငွေ ၁၀၀ဝိ/- နှင့် ပေါင်နှံထားသောပစ္စည်းကို အတိုးငွေ ၂၀ဝိ/- မပေးပဲ မောင်ဖြူက မောင်ညိုသို့ ငွေ ၅၀ဝိ/- နှင့် ရောင်းချလျှင် ငွေ ၁၇၀ဝိ/- ပေါ်တွင် တံဆိပ်ခေါင်းခွန်ပေးဆောင်ရမည်။

(၃) မောင်ဖြူက မောင်မဲထံ ၁၀၀၀ဝိ/- တန်အိမ်တစ်လုံးကို ၅၀၀ဝိ/- နှင့်ပေါင်ထားပြီးနောက် မောင်မဲက ၎င်းအိမ်ကို မောင်ဖြူထံမှဝယ်ယူလျှင် ပေါင်နှံသည့်အတွက်ပေးဆောင်ပြီးတံဆိပ်ခေါင်းခွန်ကို ခုနှိမ်၍ ငွေ ၁၀၀၀ဝိ/- ပေါ်တွင် တံဆိပ်ခေါင်းခွန်ပေးဆောင်ရမည်။

နှစ်စဉ်ကြေး စသည့်ကိစ္စ တန်ဖိုးဖြတ်ခြင်း

၂၅။ နှစ်စဉ်ပေးရမည့်ငွေ သို့မဟုတ် ကာလအပိုင်းအခြားနှင့်ပေးရမည့်အခြားငွေတစ်စုံတစ်ရာနှင့်စပ်လျဥ်း၍ချုပ်ဆိုသည့်စာချုပ်စာတမ်း သို့မဟုတ် လွှဲပြောင်းစာချုပ်ပါ အဖိုးစားနားအား နှစ်စဉ် သို့မဟုတ် ကာလအပိုင်းအခြား နှင့် ပေးရန် အခြား ငွေတစ်စုံတစ်ရာနှင့်စပ်လျဥ်း၍ ချုပ်ဆိုသည့် စာချုပ်စာတမ်းတွင် ဖော်ပြသည့်ငွေ သို့မဟုတ် လွှဲပြောင်းစာချုပ်စာတမ်းပါ အဖိုးစားနားမှာ ဤအက်ဥပဒေအရ အောက်ပါအတိုင်းမှတ်ယူရမည်-

(က) ပေးရမည့်ငွေပမာဏစုစုပေါင်းကို ကြိုတင်၍ သေချာစွာတွက်စစ်နိုင်ရန် အတိအကျ သတ်မှတ်အချိန်ကာလအတွင်း ပေးချေရမည်ဖြစ်လျှင် ဆိုခဲ့သည့်စုစုပေါင်းငွေပမာဏ၊

(ခ) ပေးချေရမည့်ငွေအား အစဉ်ထာဝရဖြစ်စေ၊ဆိုခဲ့သည့်စာချုပ်သို့မဟုတ် လွှဲပြောင်းစာချုပ်ချုပ်ဆိုသည့်နေ့တွင် ထာဝရ သို့မဟုတ် ကာလအဆုံးသတ်မရှိ၊ အတိအကျမရှိသောအချိန်ကာလအတွက်ဖြစ်စေ ပေးချေရမည်ဖြစ်လျှင် ပထမပေးရန်ရှိသောငွေကို ပေးချေရန်အချိန်စေ့ရောက်သည့်နေ့မှ ရေတွက်လျှင် နှစ်ပေါင်း၂၀ အတွင်းဆိုခဲ့သည့်စာချုပ် သို့မဟုတ် လွှဲပြောင်းစာချုပ်သတ်မှတ်ချက်များနှင့်အညီဖြစ်သော စုစုပေါင်းငွေ၊ ထို့အပြင်

(ဂ) ပေးချေရမည့်ငွေအားဆိုခဲ့သည့်စာချုပ် သို့မဟုတ် လွှဲပြောင်းစာချုပ်ချုပ်ဆိုသည့်နေ့တွင် ကာလအဆုံးသတ်ရှိသော ၊ အတိအကျမရှိသော အချိန်ကာလအတွက် ပေးချေရမည်ဖြစ်လျှင် ပထမပေးရန်ရှိသောငွေကိုပေးချေရန် အချိန်စေ့ရောက်သည့်နေ့မှ ရေတွက်လျှင် ၁၂ နှစ်အတွင်းဆိုခဲ့သည့်အတိုင်း ပေးရန်ရှိသည့် အများ ဆုံးငွေပေါင်း။

အကြောင်းကိစ္စ နှင့်စပ်လျဥ်းသည့် တန်ဖိုးမရေရာဖြစ်လျှင် တံဆိပ်ခေါင်း

၂၆။ တန်ဖိုးအလျောက်တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည့် စာချုပ်စာတမ်းပါအကြောင်းကိစ္စနှင့်စပ်လျဥ်းသည့် ငွေပေါင်း သို့မဟုတ် တန်ဖိုးအား ၎င်းစာချုပ်ချုပ်ဆိုသည့်နေ့ရက် သို့မဟုတ် ပထမချုပ်ဆိုသည့်နေ့ရက်တွင် သေချာစွာမတွက်စစ်နိုင်ခဲ့လျှင် အဆိုပါစာချုပ်ချုပ်ဆိုသည့်နေ့ရက်တွင် ဖော်ပြ၍ အမှန်တကယ်အသုံးပြုပြီးသော တံဆိပ်ခေါင်းအား လုံလောက်မှုရှိသည်ဟုယူဆ၍ ၎င်းစာချုပ်တွင် ဖော်ပြထားသောအမြင့်ဆုံးငွေပေါင်း သို့မဟုတ် တန်ဖိုးထက် ပိုမိုတောင်းဆို ပိုင်ခွင့်မရှိစေရ။

သို့ရာတွင် သတ္တုတွင်းအားငှားရမ်းခြင်းအတွက် ငှားရမ်းခ သို့မဟုတ် ငှားရမ်းခတစ်စိတ်တစ်ပိုင်းအဖြစ် မြေရှင်သို့ ပေးရငွေ(ခိုင်ကြေး) သို့မဟုတ် ထုတ်လုပ်မှုဝေစုအားရရှိသည့်ကိစ္စတွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရန် အလို့ငှာ

အဆိုပါမြေရှင်သို့ပေးရငွေ(ခိုင်ကြေး) သို့မဟုတ် ဝေစု၏တန်ဖိုးအား ခန့်မှန်းသတ်မှတ်ရာတွင် အောက်ပါကိစ္စရပ်မှာလုံလောက်မှုရှိသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သို့မဟုတ် ၎င်းကိုယ်စားဆောင်ရွက်ခွင့်ရသူမှ ငှားရမ်းခွင့်ပြုထားသောကိစ္စတွင် ငှားရမ်းခြင်းအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ပေးသွင်းရမည့်ခိုင်ကြေး သို့မဟုတ် ဝေစုကို မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ)မှ အခြေအနေအားလုံးကို လေ့လာထောက်ချင့်၍ ခန့်မှန်းသတ်မှတ်သောငွေပေါင်း သို့မဟုတ် တန်ဖိုး၊ သို့မဟုတ်

(ခ) တစ်နှစ်လျှင်ကျပ် ၂၀၀၀၀ နှုန်းဖြင့်အခြားသူတစ်ဦးဦးက ငှားရမ်းခွင့်ပြုထားသောကိစ္စဖြစ်လျှင် အဆိုပါမြေရှင်သို့ ပေးရငွေ(ခိုင်ကြေး) သို့မဟုတ် ဝေစုစုစုပေါင်းမှာ မည်မျှပင်ဖြစ်စေကာမူ အငှားစာချုပ်ပေါ်အခြေပြု၍တောင်းခံပိုင်ခွင့်ရှိသည်။

သို့ရာတွင် စာချုပ်စာတမ်းတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၁ အရသော်လည်းကောင်း၊ပုဒ်မ ၄၁ အရသော်လည်းကောင်း အရေးယူဆောင်ရွက်သည့်ကိစ္စတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ) သတ်မှတ်သည့်ငွေပေါင်းနှင့် ညီမျှသော တံဆိပ်ခေါင်းအား စာချုပ်ချုပ်ဆိုသည့်နေ့တွင် အမှန်တကယ်အသုံးပြုပြီးသကဲ့သို့ မှတ်ယူရမည်။

စာချုပ်တွင် အခွန်အကျိုးသက်ရောက်စေသည့် အချက်များဖော်ပြရန်

၂၇။ တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ ကျသင့်သည့်အခွန်ပေါ်တွင် အကျိုးသက်ရောက်စေသည့်အဖိုးစားနား(ရှိပါက)နှင့် အခြားသောအချက်များနှင့် အခြေအနေများ သို့မဟုတ် ကျသင့်သည့်အခွန်ငွေပေါင်းတို့ကို ၎င်းစာချုပ်ပေါ်တွင် ပြည့်စုံမှန်ကန်ပေါ်လွင်အောင်ရေးသားရမည်။

အချို့လွှဲပြောင်းစာချုပ်တွင် အခွန် ထမ်းဆောင်ရန် ညွှန်ကြားချက်

၂၈။ (၁) ပစ္စည်းတစ်စုံတစ်ရာကို အဖိုးစားနားတစ်ခုသတ်မှတ်၍ တစ်ခါတည်း ချုပ်ဆိုရောင်းချပြီးနောက် ကွဲပြားခြားနားသောစာချုပ်များချုပ်ဆို၍ ဝယ်ယူသူများသို့လွှဲအပ်သောအခါ အဆိုပါ စာချုပ်တစ်စောင်စီ၌ စာချုပ်ချုပ်ဆိုသူတို့မှသင့်တော်သည်ဟု ယူဆသောနည်းလမ်းအတိုင်း ကွဲပြားခြားနားသည့် အဖိုးစားနားအားခွဲခြားသတ်မှတ်ရမည်။ သို့ရာတွင် ချုပ်ဆိုထားသော လွှဲပြောင်းစာချုပ်စာတမ်းပေါ်တွင် စာချုပ်တစ်စောင်ချင်းစီအတွက် ဖော်ပြထားသော ကွဲပြားခြားနားသည့် အဖိုးစားနားပေါ်တွင် တန်ဖိုးအလျောက် တံဆိပ်ခေါင်းခွန်ထိုက်သင့်စေရမည်။

(၂) ပစ္စည်းတစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ အဖိုးစားနားတစ်ရပ်သတ်မှတ်ပြီး လူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောပုဂ္ဂိုလ်များဖက်စပ်၍ဖြစ်စေ၊ တစ်စုံတစ်ယောက်သောသူကမိမိအတွက်နှင့် အခြားသူအတွက်ဖြစ်စေ၊ အခြားသူသက်သက်အတွက်ဖြစ်စေ တစ်လုံးတည်းချုပ်ဆိုဝယ်ယူပြီးနောက် သီးခြားစာချုပ်တစ်စောင်စီ ချုပ်ဆို၍ ပြန်လည်လွှဲပြောင်းပေးသောအခါ သီးခြားစာချုပ်ချုပ်ဆိုထားသောလွှဲပြောင်းစာချုပ်တစ်စောင်ချင်းစီသည် ယင်းတွင်ဖော်ပြထားသည့် ကွဲပြားခြားနားသည့်အဖိုးစားနားပေါ်တွင် တန်ဖိုးအလျောက် တံဆိပ်ခေါင်းခွန် ထိုက်သင့်စေရမည်။

(၃) တစ်စုံတစ်ယောက်သောသူသည် ပစ္စည်းတစ်စုံတစ်ရာကိုဝယ်ယူရန် စာချုပ်ချုပ်ဆိုပြီးနောက် ၎င်းပစ္စည်းကိုလွှဲပြောင်းရယူခြင်းမပြုမီအခြားသူသို့လက်လွှဲရောင်းချပြန်သဖြင့် ၎င်းပစ္စည်းကိုတစ်ဆင့် ဝယ်ယူသူသို့ ချက်ချင်းလွှဲပြောင်းပေးသည့်ကိစ္စရပ်တွင် လွှဲပြောင်းစာချုပ်သည် မူလဝယ်ယူသူမှတစ်ဆင့် ဝယ်ယူသူသို့ ရောင်းချခြင်းအတွက် အဖိုးစားနားအပေါ်တွင်တန်ဖိုးအလျောက် တံဆိပ်ခေါင်းခွန် ထိုက်သင့်စေရမည်။

(၄) တစ်စုံတစ်ယောက်သောသူသည် ပစ္စည်းတစ်စုံတစ်ရာကို ဝယ်ယူရန်စာချုပ်ချုပ်ဆိုပြီးသော်လည်း ပစ္စည်းလက်ဝယ်မရရှိသေးခင်အချိန်တွင် ၎င်းပစ္စည်းအားလုံးကိုဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ၊ အခြားသူ

တစ်ဦးတစ်ယောက် သို့မဟုတ် အများသို့ထပ်ဆင့်ချုပ်ဆိုရောင်းချပြီးမူလ ရောင်းချသူမှ ထပ်ဆင့်ဝယ်ယူသည့်ပုဂ္ဂိုလ်အသီးသီးသို့ ရောင်းချရန်လွှဲပြောင်းပေးသည့် ၎င်းပစ္စည်းအသီးသီးအတွက် ချုပ်ဆိုသည့် စာချုပ်ပေါ်တွင် ဖော်ပြထားသည့် တန်ဖိုးအသီးသီးပေါ်တွင် တန်ဖိုးအလျောက်တံဆိပ်ခေါင်းခွန် ထိုက်သင့်စေရမည်။ ၎င်းပစ္စည်းအနက် မူလဝယ်ယူသူထံတွင် တချို့တဝက်ကျန်ရှိလျှင် ၎င်းကျန်ပစ္စည်းအတွက် ရောင်းလွှဲစာတမ်းတွင် မူလအဖိုးစားနားပေါ်တွင်တဆင့်ဝယ်ယူသူများသို့ ရောင်းချ၍ရသောအဖိုးစားနားကိုနှုတ်ပယ်၍ ကျန်ရှိသော အဖိုးစားနားပေါ်တွင် တန်ဖိုးအလျောက် တံဆိပ်ခေါင်းခွန် ထိုက်သင့်စေရမည်။

သို့ရာတွင်နောက်ဆုံးဖော်ပြသည့် လွှဲပြောင်းစာချုပ်စာတမ်းအတွက် အခွန်မှာမည်သည့်ကိစ္စတွင်မှ ကျပ်တစ်ရာအောက်မလျော့စေရ။

(၅) ရောင်းချသူပိုင်ဆိုင်သည့် အကျိုးစီးပွါးကို တဆင့်ဝယ်ယူသူကလွှဲပြောင်းယူရာတွင် ချုပ်ဆိုသောစာချုပ်ပေါ်တွင် တစ်ဆင့်ဝယ်ယူသူကပေးချေသည့်အဖိုးစားနားပေါ်တွင် တန်ဖိုးအလျောက်တံဆိပ်ခေါင်းခွန်ထိုက်သင့်စေ၍ ထိုက်သင့်သော တံဆိပ်ခေါင်းခွန်အတွက် တံဆိပ်ခေါင်းကပ်နှိပ်ပြီးဖြစ်သည့် ကိစ္စတွင်ယင်းပစ္စည်းကိုပင် မူလရောင်းချသူက တစ်ဆင့်ဝယ်ယူသူသို့ နောက်လွှဲအပ်ရန်ရှိသည့် လွှဲပြောင်းစာချုပ်စာတမ်းတွင် မူလရောင်းရသည့်အဖိုးစားနားအတွက် လွှဲအပ်သည့် လွှဲပြောင်းစာချုပ်စာတမ်းပေါ်တွင်ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် နှင့်ညီမျှသော တံဆိပ်ခေါင်းခွန် ထိုက်သင့်စေရမည်။ ၎င်းတံဆိပ်ခေါင်းခွန်မှာ ကျပ်ငါးရာ ထက်ပိုလျှင် အခွန်ကျပ်ငါးရာသာ ထိုက်သင့်စေရမည်။

### င။ တံဆိပ်ခေါင်းခွန် ပေးဆောင်ရမည့်ပုဂ္ဂိုလ်များ

ပေးရမည့် တံဆိပ်ခွန် ၂၉။ အခြားကွဲလွဲသည့် ပြဋ္ဌာန်းချက်မရှိလျှင် ထိုက်သင့်သည့် တံဆိပ်ခေါင်းကုန်ကျစရိတ်ကို :

(က) ဇယား(၁)တွင်ပါရှိသည့် အောက်ပါအပိုဒ်အသီးသီး၌ပြဋ္ဌာန်းထားသည့် စာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ ထိုစာချုပ်စာတမ်းကို ရေးသားသူပြုလုပ်သူ သို့မဟုတ် ချုပ်ဆိုသူက ပေးဆောင်ရမည် :

| | |
|---|---|
| အပိုဒ် ၂ | (အမွေထိန်းခံဝန်ချုပ်) |
| အပိုဒ် ၆ | (ပိုင်ဆိုင်ကြောင်းပြသည့် စာချုပ်စာတမ်းများကို တင်သွင်းထားခြင်းနှင့် ၎င်းအပေါင်အနှံနှင့် ပတ်သက်သည့်သဘောတူစာချုပ်) |
| အပိုဒ် ၁၃ | (ငွေလွှဲလက်မှတ်) |
| အပိုဒ် ၁၅ | (ခံဝန်ချုပ်) |
| အပိုဒ် ၁၆ | (သင်္ဘောအပေါင်စာချုပ်) |
| အပိုဒ် ၂၆ | (အကောက်ခွန်ခံဝန်ချုပ်) |
| အပိုဒ် ၂၇ | (ကြွေးမြီခံဝန်ချုပ်) |
| အပိုဒ် ၃၂ | (နောက်ထပ်အပေါင်စာချုပ်စာတမ်း) |
| အပိုဒ် ၃၇ | (လျော်ကြေးခံဝန်ချုပ်) |
| အပိုဒ် ၄၀ | (အပေါင်စာချုပ်) |
| အပိုဒ် ၄၉ | (ငွေပေးကတိစာချုပ်) |
| အပိုဒ် ၅၅ | (ရထိုက်ခွင့်စွန့်လွှတ်သည့်စာချုပ်စာတမ်း) |
| အပိုဒ် ၅၆ | (သင်္ဘောကုန်အပေါင်စာချုပ်) |

အပိုဒ် ၅၇ (အာမခံစာချုပ် သို့မဟုတ် အပေါင်စာချုပ်)

အပိုဒ် ၅၈ (ပစ္စည်းခွဲဝေမှုစာချုပ်စာတမ်း)

အပိုဒ်(၆၂) (က) (ဖွဲ့စည်းတည်ထောင်ထားသည့် အစုစပ်ကုမ္ပဏီ သို့မဟုတ် အခြားအသင်းစုအတွင်း ရှယ်ယာဝေစု လက်မှတ်များလွှဲပြောင်းခြင်း)

အပိုဒ်(၆၂)(ခ) (ပုဒ်မ(၈)၌ ပြဋ္ဌာန်းထားသည့် ကြွေးမြီခံဝန်ချုပ်များမှတပါး တံဆိပ်ခေါင်းခွန်ထိုက်သင့်သည်ဖြစ်စေ၊ မထိုက်သင့်သည်ဖြစ်စေ၊ ဈေးကွက်ဝင်သော ငွေချေးသက်သေခံလက်မှတ် များဖြစ်သော ကြွေးမြီခံဝန်ချုပ်များကို လွှဲပြောင်း ခြင်း)

အပိုဒ်(၆၂)(ဂ) (ကတိခံဝန်ချုပ်၊ အပေါင်စာချုပ် သို့မဟုတ် အာမခံပေါ်လစီတစ်စုံတစ်ရာအရ အကျိုးကျေးဇူး တစ်စုံတစ်ရာကို လွှဲပြောင်းခြင်း)

(ခ) မီးအာမခံပေါ်လစီမှအပ အခြားအာမခံပေါ်လစီအတွက် ပေါ်လစီချုပ်ဆိုသူက ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ကို ပေးဆောင်ရမည်။

(ခ)(ခ) မီးအာမခံပေါ်လစီ အတွက် ပေါ်လစီ ချုပ်ဆိုသူက ပေးဆောင်ရမည်။

(ဂ) (အပေါင်ပစ္စည်းကိုပြန်၍လွှဲအပ်ယူသည့် စာချုပ်အပါအဝင်)လွှဲပြောင်းစာချုပ်စာတမ်း ဖြစ်သည့်အချက်တွင် အာမခံချက်ပေးသူက ငှင်းငှားရမ်းခြင်း သို့မဟုတ် ငှားရမ်းရန် သဘောတူညီချက်ဖြစ်သည့် အချက်တွင် ငှားရမ်းရသူ သို့မဟုတ် ငှားရမ်းမည့်သူက ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို ပေးဆောင်ရမည်။

(ဃ) ငှားရမ်းခြင်းစာချုပ် မူရင်းခွဲဖြစ်သည့်အချက်တွင် ထိုက်သင့်သည့် တံဆိပ်ခေါင်းကုန်ကျငွေကို ငှားရမ်းသူက ပေးဆောင်ရမည်။

(င) ပစ္စည်းလဲလှယ်သည့် စာချုပ်စာတမ်းဖြစ်သည့်အချက်တွင် စာချုပ်တွင်ပါဝင်သူများက အညီအမျှပေးဆောင်ရမည်။

(စ) အရောင်းလက်မှတ်ဖြစ်သည့်အချက်တွင် ထိုလက်မှတ်နှင့်သက်ဆိုင်သည့် ပစ္စည်းဝယ်ယူသူကပေးဆောင်ရမည်။ ထို့အပြင်

(ဆ) ပစ္စည်းခွဲဝေသည့် စာချုပ်စာတမ်းဖြစ်သည့်အချက်တွင် ပစ္စည်းခွဲဝေခြင်းကို အခွန်အရာရှိ သို့မဟုတ် တရားမရုံး သို့မဟုတ် အနုညာတခုံလူကြီးက ချမှတ်သည့်အမိန့်အရ ခွဲဝေခြင်းဖြစ်လျှင် ယင်းတို့က ညွှန်ကြားသည့် အချိုးအစားအတိုင်းသော်လည်းကောင်း၊ ခွဲဝေသည့်အရပ်ရပ်ဆိုင်ရာ ပစ္စည်းများ၌ဆိုင်ရာအစုလိုက်သော်လည်းကောင်း စာချုပ်စာတမ်းတွင် ပါဝင်သူတို့ကပေးဆောင်ရမည်။

အချို့ကိစ္စတို့တွင်လက်ခံပြေစာပေးရန်တာဝန်များ

၃၀။ မည်သူမဆို ကျပ်ငါးထောင်ထက်ပိုသည့်ငွေကိုဖြစ်စေ၊ကျပ်ငါးထောင်ထက်ပိုသည့်ငွေလွှဲလက်မှတ်၊ချက်လက်မှတ် သို့မဟုတ် ငွေချေးကတိစာချုပ် တစ်စုံတစ်ရာကိုဖြစ်စေ၊ ကြွေးမြီတစ်စုံတစ်ရာကိုအားလုံး သို့မဟုတ် တစ်ချို့တစ်ဝက်အတွက် အစားထိုး အပြေအကြေပေးအပ်သည့် တန်ဖိုးငွေငါးထောင်ကျပ်ထက်ပိုသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်စုံတစ်ရာကိုဖြစ်စေ လက်ခံရယူလျှင် ထိုငွေ၊ ငွေလွှဲလက်မှတ်၊ ချက်လက်မှတ်၊ ငွေချေးကတိစာချုပ် သို့မဟုတ် ပစ္စည်းကိုပေးအပ်သူက တောင်းဆိုသည့်အခါ ထိုက်သင့်သည့်တံဆိပ်ခေါင်းကပ်ပြီး ပြေစာကိုပေးအပ်ရမည်။ (မည်သူမဆို အသစ်ပြန်လည်ချုပ်ဆိုသော မီးအာမခံစာချုပ်နှင့်စပ်လျဉ်း၍ ပရီမီယံငွေတစ်စုံတစ်ရာ သို့မဟုတ် အဖိုးစားနားတစ်ခုအတွက်ငွေကိုသော်လည်းကောင်း၊ ငွေလက်မှတ်ကိုသော်လည်းကောင်း၊ လက်ခံရယူထားလျှင်ထိုသို့ လက်ခံရယူပြီးတစ်လ အတွင်းငှင်းအတွက်တံဆိပ်ခေါင်းခွန်အပြေအကြေထမ်းဆောင်ထားသည့် ပြေစာအားပေးအပ်ရမည်။)

## အခန်း (၃)

## တံဆိပ်ခေါင်းနှင့်စပ်လျဥ်း၍ ပိုင်းခြားဆုံးဖြတ်ခြင်းအကြောင်း

သင့်လျော်သောတံဆိပ်ခေါင်းခွန်ကို ပိုင်းခြားဆုံးဖြတ်ခြင်း

၃၁။ (၁) စာချုပ်စာတမ်းတစ်စုံတစ်ရာကို ချုပ်ဆိုပြီးဖြစ်စေ၊ မချုပ်ဆိုရသေးသည်ဖြစ်စေ၊ တံဆိပ်ခေါင်းကပ်နှိပ်ပြီးဖြစ်စေ၊ မကပ်နှိပ်ရသေးသည်ဖြစ်စေ မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ)ထံ ဆောင်ယူတင်ပြလာပြီး ထိုစာချုပ်စာတမ်းသည်တံဆိပ်ခေါင်းခွန်(ထိုက်သင့်လျှင်) မည်မျှထိုက်သင့်သည် ထင်မြင်ကြောင်းကို သိရှိလိုကြောင်း ထိုသူက လျှောက်ထားလာသည့်အခါတွင် အမှုအသီးသီး၌ မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ)က ညွှန်ကြားသည့်အတိုင်း ငါးရာကျပ်ထက်မပို ကျပ်ငါးဆယ် အောက်မလျော့သည့် အခကြေးငွေ ကိုပေးဆောင်သည့်အခါ၊ စာချုပ်စာတမ်းအပေါ်တွင် တံဆိပ်ခေါင်းခွန်တစ်စုံတစ်ရာ ထိုက်သင့်သည်(ထင်မြင်လျှင်) အခွန်မည်မျှ ထိုက်သင့်ကြောင်းကို မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ) က ဆုံးဖြတ်ရမည်။

(၂) ဆိုခဲ့သည့်အတိုင်းပိုင်းခြားဆုံးဖြတ်နိုင်ရန်အလို့ငှာစာချုပ်စာတမ်းကောက်နုတ်ချက်နှင့်တကွ ၎င်းစာချုပ်စာတမ်းအပေါ်တွင်အခွန်ထိုက်သင့်စေခြင်းအကြောင်း၊ ထိုက်သင့်သည့်အခွန်နှင့်သက်ဆိုင်သည့် အကြောင်းခြင်းရာများနှင့် ပတ်ဝန်းကျင်အထောက်အထားအားလုံးကို ယင်းအပေါ်တွင် မှန်ကန်စွာအပြည့်အစုံ သတ်မှတ်ဖော်ပြလျက်ပါရှိကြောင်း အလိုရှိမည် ထင်မြင်သည့်ကျမ်းကျိန်လွှာနှင့် အခြားသက်သေခံချက်များကိုလည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ) ကဆင့်ဆိုတောင်းယူနိုင်သည့်အပြင်၊ ဤကဲ့သို့ ဆင့်ဆိုတောင်းယူသည့်အတိုင်း ထိုကောက်နုတ်ချက်နှင့် သက်သေခံချက်များကို မတင်သွင်းမီဆိုခဲ့သည့် လျှောက်လွှာမျိုးတစ်စုံတစ်ရာအပေါ် ပိုင်းခြားဆုံးဖြတ်ပေး ရန် ငြင်းပယ်ခွင့်ရှိသည်။

သို့ရာတွင် —

(က) ဤပုဒ်မအရတင်ပြသည့် မည်သည့်သက်သေခံချက်ကိုမျှ ဆိုင်ရာစာချုပ်စာတမ်းအပေါ်တွင် ထိုက်သင့်ရန်ရှိသည့် တံဆိပ်ခေါင်းခွန်နှင့်စပ်လျဥ်း၍ စစ်ဆေးမေးမြန်းသည့် အချက်တွင်မှတစ်ပါးအခြားမည်သည့်တရားမ လုပ်ထုံးလုပ်နည်းတွင်မျှတစ်စုံတစ်ယောက်သောသူအပေါ်တွင် အသုံးပြုခြင်းမရှိစေရ။ထို့ပြင်-

(ခ) စာချုပ်စာတမ်းပေါ်တွင် ထိုက်သင့်သည့်တံဆိပ်ခေါင်းတန်ဖိုးကို ပေးဆောင်ပြီးနောက် ထိုစာချုပ်စာတမ်းတွင် ဆိုခဲ့သည့်အကြောင်းခြင်းရာ သို့မဟုတ် ပတ်ဝန်းကျင်အထောက်အထားများကိုမှန်ကန်စွာ ဖော်ပြခြင်းမပြုဘဲ ချန်လှပ်ထားခြင်းကြောင့် ဤအက်ဥပဒေအရထိုက်သင့်သည့် မည်သည့်ပြစ်ဒဏ်မှမဆို ကင်းလွတ်ခွင့်ရှိစေရမည်။

၃၂။ (၁) ပုဒ်မ ၃၁ အရ မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ)ထံ ဆောင်ယူတင်ပြလာသည့် စာချုပ်စာတမ်းတစ်စုံတစ်ရာမှာ တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းမျိုးဖြစ်ကြောင်းနှင့် ထိုအရာရှိက ထင်မြင်သည့်အတိုင်း-

(က) တံဆိပ်ခေါင်းလုံလောက်စွာ ကပ်နှိပ်ပြီးဖြစ်ကြောင်း ၎င်းမြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)က ပိုင်းခြားဆုံးဖြတ်သည့်အခါ၊ သို့မဟုတ်

(ခ) ပုဒ်မ၃၁အရ ၎င်းမြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ) ပြဋ္ဌာန်းဆုံးဖြတ်သည့် တံဆိပ်ခေါင်းခွန်ကိုဖြစ်စေ၊ ဆိုင်ရာစာချုပ်စာတမ်းနှင့်စပ်လျဥ်း၍ ပေးဆောင်ပြီး တံဆိပ်ခေါင်းခွန်နှင့်တကွ ဆိုခဲ့သည့်အတိုင်း ပိုင်းခြားဆုံးဖြတ်သည့် တံဆိပ်ခေါင်းခွန်နှင့်ညီမျှသော

(ငွေကြေးကိုဖော်ပြ၍ဖြစ်စေ) ပေးဆောင်ပြီးဖြစ်သည့်အခါ၊ မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)က ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ကို ငွေအရေအတွက်ပါဖော်ပြ၍ အပြည့်အဝ ပေးဆောင်ပြီးဖြစ်ကြောင်း စာချုပ်စာတမ်းပေါ်တွင် ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းအားဖြင့် အတည်ပြုရမည်။

(၂) ၎င်းစာချုပ်စာတမ်းမှာ တံဆိပ်ခေါင်းခွန်မထိုက်ဟု ထင်မြင်ယူဆလျှင် ဖော်ပြခဲ့သည့် နည်းလမ်းအတိုင်း မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)က မှန်ကန်ကြောင်း အတည်ပြုရမည်။

(၃) ဤပုဒ်မအရ ထပ်ဆင့်လက်မှတ်ရေးထိုးပြီးသည့် မည်သည့်စာချုပ်စာတမ်းကိုမဆို ထိုက်သင့်သည့် တံဆိပ်ခေါင်းပါကြောင်း သို့မဟုတ် တံဆိပ်ခေါင်းခွန်ထိုက်သင့်ခြင်းမရှိကြောင်းအမှုအကြောင်းခြင်းရာ အလိုက်မှတ်ယူရမည့်အပြင် တံဆိပ်ခေါင်းခွန်ထိုက်သင့်လျှင်လည်း သက်သေခံချက်အဖြစ်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ လက်ခံနိုင်ခွင့်ရှိစေရမည်ဖြစ်ပြီးမူလကထိုက်သင့်ရာ တံဆိပ်ခေါင်းပါရှိပြီးဖြစ်သကဲ့သို့ အရေးယူခြင်းနှင့် မှတ်ပုံတင်သွင်းခြင်းပြုနိုင်သည်။ သို့ရာတွင် ဤပုဒ်မအရ မြို့နယ်အခွန်ဦးစီးဌာနမှူး ( ကော်လိတ္တော်အရာရှိ ) သည် အောက်ဖော်ပြပါ အချက်များကိုမျှ ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းမရှိစေရ -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းချုပ်ဆိုသည့် သို့မဟုတ် ပထမဦးစွာချုပ်ဆို၍ ချုပ်ဆိုသည့်နေ့ကဖြစ်စေ၊ ချုပ်ဆိုသည့်နေ့မှ တစ်လလွန်ပြီးသည့်နောက်ဖြစ်စေ ၎င်းထံယူဆောင်တင်ပြလာသည့် စာချုပ်စာတမ်းတစ်ခုခု။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြင်ပတွင် ချုပ်ဆိုပြီးသို့မဟုတ် ပထမဦးစွာချုပ်ဆို၍ မြန်မာနိုင်ငံအတွင်းပထမဦးစွာ လက်ခံရရှိပြီးနောက် သုံးလလွန်ပြီးမှ ၎င်းထံဆောင်ယူတင်ပြလာသည့် စာချုပ်စာတမ်းတစ်ခုခု။

(ဂ) ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်မပါသော စက္ကူပေါ်တွင် ရေးသားချုပ်ဆိုပြီးနောက် ၎င်းထံဆောင်ယူတင်ပြလာသည့် တံဆိပ်ခေါင်းခွန် တစ်ဆယ်ကျပ် ထိုက်သင့်သည့် စာချုပ်စာတမ်း သို့မဟုတ် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ်တစ်ခုခု။

## အခန်း (၄)

## နည်းလမ်းတကျထိုက်သင့်သော တံဆိပ်ခေါင်းမပါသည့် စာချုပ်စာတမ်းများ

စစ်ဆေး ကြည့်ရှုခြင်း နှင့် သိမ်းယူခြင်း

၃၃။ (၁) ရဲအရာရှိမှတစ်ပါး ဥပဒေအရသို့မဟုတ် အမှုသည်တို့သဘောတူညီချက်အရ သက်သေခံချက်ရယူခွင့်ရရှိသူနှင့် အများပြည်သူဆိုင်ရာ ရုံးကြီးကြပ်အုပ်ချုပ်သူအသီးသီးတို့သည် မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းများကိုဆောင်ရွက်ရာ၌ ၎င်းတို့ရှေ့မှောက်သို့ တင်ပြလာသော တံဆိပ်ခေါင်းခွန်ထိုက်သင့်သည်ဟု ထင်မြင်သည့် စာချုပ်စာတမ်းတစ်စုံတစ်ရာကို ထိုက်သင့်သော တံဆိပ်ခေါင်းမပါကြောင်းပေါ်ပေါက်လျှင် သိမ်းယူရမည်။

(၂) သိမ်းယူရန်အတွက်ဆိုခဲ့သည့်သူ အသီးသီးတို့က အခွန်ထိုက်သင့်ရမည့် ၎င်းတို့ထံတင်ပြလာသော စာချုပ်စာတမ်းအရပ်ရပ်ကို ချုပ်ဆိုသည့်အခါဖြစ်စေ၊ ပထမဦးစွာချုပ်ဆိုသည့်အခါဖြစ်စေ မြန်မာနိုင်ငံတည်ဆဲဥပဒေအရ တန်ဖိုးအလျောက်ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ပါရှိခြင်းရှိ၊ မရှိသေချာစေရန်အလို့ငှာ စစ် ဆေးကြည့်ရှုရမည်။

သို့ရာတွင် -

(က) ပြစ်မှုဆိုင်ရာတရားသူကြီး သို့မဟုတ် ပြစ်မှုဆိုင်ရာတရားရုံးမှတရားသူကြီး တစ်ဦးတစ်ယောက်က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအခန်း(၁၂)အရဖြစ်စေ၊ အခန်း(၃၆)အရဖြစ်စေ၊ ဆောင်ရွက်သည့် မှုခင်းကိစ္စများမှတစ်ပါး အခြားပြစ်မှုဆိုင်ရာမှုခင်းကိစ္စများဆောင်ရွက်ရာတွင် ၎င်းတို့ရှေ့မှောက်သို့ ရောက်ရှိလာသည့် စာချုပ်စာတမ်းတို့ကို ကြည့်ရှုစစ်ဆေးခြင်း သို့မဟုတ် သိမ်းယူခြင်းမသင့်ဟု ဆုံးဖြတ်ချက်များနှင့်သက်ဆိုင်ခြင်း မရှိစေရ။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဖြစ်လျှင် ဤပုဒ်မအရစာချုပ်စာတမ်း တစ်စုံတစ်ရာကို စစ်ဆေးကြည့်ရှုခြင်း၊ သိမ်းယူခြင်းစသည့် တာဝန်ကိုဆောင်ရွက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခန့်ထားသောအရာရှိသို့ လွှဲအပ်နိုင်သည်။

(၃) ဤပုဒ်မအလို့ငှာ သံသယဖြစ်သည့်အချက်ရှိလျှင် -

(က) မည်သည့်ရုံးများသည် အများပြည်သူဆိုင်ရာရုံးများဟု မှတ်ယူရမည့်အချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတ်မှတ်နိုင်သည်။ ထို့အပြင် -

(ခ) မည်သူသည်အများပြည်သူဆိုင်ရာရုံးများ၏ ကြီးကြပ်အုပ်ချုပ်သူဟု မှတ်ယူရမည့် အချက်ကို ပြည်ထောင်စု အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတ်မှတ်နိုင်သည်။

တံဆိပ်ခေါင်းမပါသည့်ပြေစာများအတွက် အထူးပြဋ္ဌာန်းချက်

၃၄။ တံဆိပ်ခွန် ကျပ်တစ်ဆယ် ထိုက်သင့်သည့် ပြေစာတစ်စုံတစ်ရာကို တံဆိပ်ခေါင်းမကပ်ဘဲ အများပြည်သူနှင့် သက်ဆိုင်သော ငွေစာရင်းများရှင်းလင်းစစ်ဆေးရာတွင် အရာရှိတစ်ဦးဦးရှေ့သို့တင်သွင်း သို့မဟုတ် ပေးအပ်တင်ပြသည့်အခါ ထိုအရာရှိကစဉ်းစားဆင်ခြင်၍ ထိုပြေစာကို သိမ်းယူခြင်းမပြုဘဲ ယင်းပြေစာအစား ထိုက်သင့်သည့် တံဆိပ်ခေါင်းပါရှိသည့် ပြေစာကိုတင်သွင်းစေရန်တောင်းဆိုနိုင်သည်။

နည်းလမ်းတကျထိုက်သင့်သော တံဆိပ်ခေါင်းမပါသည့် စာချုပ်စာတမ်းများ သက်သေခံမဝင်ခြင်း

၃၅။ တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းများတွင် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားခြင်းမရှိလျှင်ဥပဒေအရ သို့မဟုတ် အမှုသည်တို့၏ သဘောတူညီချက်အရ သက်သေခံချက် ရယူခွင့်အာဏာရှိသူတစ်ဦးတစ်ယောက်က မည်သည့်အမှုကိစ္စနှင့်မျှ သက်သေခံချက်အဖြစ် လက်ခံခွင့်မရှိစေရ၊ သို့မဟုတ် ဤကဲ့သို့ သက်သေခံချက်ရယူခွင့်ရှိသူတစ်ဦးတယောက်ကဖြစ်စေ၊ အများပြည်သူနှင့်သက်ဆိုင်သည့် အရာရှိတစ်ဦးတစ်ယောက်ဖြစ်စေ ထိုစာချုပ်စာတမ်းအရဆောင်ရွက်ခြင်း၊ မှတ်ပုံတင်ခြင်း သို့မဟုတ် မှန်ကန်ကြောင်းအသိအမှတ်ပြုသက်သေခံ လက်မှတ်ရေးထိုးခြင်း မရှိစေရ။

သို့ရာတွင် -

(က) တံဆိပ်ခေါင်းခွန် တစ်ဆယ်ကျပ်သာ ထိုက်သင့်သည့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ်မဟုတ်သည့်ဆိုခဲ့သည့် မည်သည့်စာချုပ် စာတမ်းကိုမဆို ချွင်းချက်အားလုံးကို အထောက်အထားပြု၍ ထိုစာချုပ်စာတမ်းကို ထိုက်သင့်ရာ တံဆိပ်ခေါင်းခွန် ပေးဆောင်သည့်အခါ သက်သေခံချက်အဖြစ်လက်ခံရမည် သို့မဟုတ် တံဆိပ်ခေါင်းခွန် လုံလောက်စွာ ကပ်နှိပ်ထားခြင်းမရှိသည့် စာချုပ်စာတမ်းတစ်ခုနှင့်စပ်လျဉ်း၍ ဒဏ်ကြေးငွေ ငါးရာကျပ် နှင့်တကွလိုအပ်သည့် တံဆိပ်ခေါင်းခွန်ငွေပေါင်းကို ပေးဆောင်သည့်အခါ

သက်သေခံချက် အဖြစ်လက်ခံရမည် သို့မဟုတ် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် သို့မဟုတ် လိုအပ်သော တံဆိပ်ခေါင်းခွန်သည် ငါးရာကျပ် ထက်ပိုသည့်အခါ ထိုထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် သို့မဟုတ် လိုအပ်သော တံဆိပ်ခေါင်းခွန်၏ (၁၀)ဆနှင့်ညီမျှသောငွေကို ပေးဆောင်သည့်အခါ သက်သေခံချက်အဖြစ် လက်ခံရမည်။

(ခ) တောင်းဆိုသည့်အခါ၌ တံဆိပ်ခေါင်းကပ်နှိပ်ပြီးပြေစာကို ပေးအပ်ရမည့် ပုဂ္ဂိုလ်တစ်ဦးဦးက တံဆိပ်ခေါင်းမပါသည့်ပြေစာကို ပေးအပ်ခဲ့ပြီးအကယ်၍ ထိုပြေစာကို တံဆိပ်ခေါင်းကပ်နှိပ်ခဲ့လျှင်ထိုသူအပေါ်၌ သက်သေခံချက်အဖြစ် လက်ခံရမည့်ကိစ္စတွင် ပြေစာပေးသူက ဒဏ်ကြေးငွေ တစ်ရာကျပ် ပေးဆောင်ခြင်းအားဖြင့် ထိုပြေစာကိုထိုတင်သွင်းသူအတွက် သက်သေခံချက် အဖြစ် လက်ခံရမည်။

(ဂ) ပဋိညာဉ်စာချုပ် သို့မဟုတ် သဘောတူညီချက် မည်သည့် အမျိုးအစားကိုမဆို စာပေးစာယူနှင့် ပြုလုပ်ချုပ်ဆိုထားပြီး စာနှစ်စောင် သို့မဟုတ် ထိုထက် ပိုမို၍ပါရှိနေပြီး ၎င်းစာများအနက်တစ်စောင်စောင်တွင် ထိုက်သင့်သည့်တံဆိပ်ခေါင်းကပ်နှိပ်ပါရှိလျှင် ထိုပဋိညာဉ်စာချုပ် သို့မဟုတ် သဘောတူညီချက်ကို ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အခန်း-၁၂ သို့မဟုတ် အခန်း-၃၆ အရ မှုခင်းတစ်စုံ တစ်ရာမှ တစ်ပါးပြစ်မှုဆိုင်ရာတရားရုံး၌ ဆောင်ရွက်ချက်တစ်စုံတစ်ရာတွင် စာချုပ်စာတမ်းတစ်ရပ်ရပ်ကို သက်သေခံအဖြစ်လက်ခံခြင်းကို ဤပုဒ်မပါမည်သည့်အချက်ကမျှတားမြစ်ခြင်းမရှိစေရ။

(င) အစိုးရကဖြစ်စေ၊အစိုးရကိုယ်စားဖြစ်စေချုပ်ဆိုထားသည့် စာချုပ်စာတမ်း တစ်စုံတစ်ရာကိုသော်လည်းကောင်း၊ ပုဒ်မ ၃၂ အရ သို့မဟုတ် ဤအက်ဥပဒေပါအခြား ပြဋ္ဌာန်းချက်တစ်စုံတစ်ရာအရ ပြဋ္ဌာန်းထားသည့်အတိုင်း မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ်တော်အရာရှိ) ၏သက်သေခံလက်မှတ်ပါရှိသည့် စာချုပ်စာတမ်းတစ်စုံတစ်ရာကို လည်းကောင်း၊ မည်သည့်တရားရုံး၌မဆို သက်သေခံချက်အဖြစ် လက်ခံခြင်းကို ဤပုဒ်မပါ မည်သည့်အချက်ကမျှ တားမြစ်ခြင်းမရှိစေရ။

စာချုပ်စာတမ်းကို သက်သေခံအဖြစ် လက်ခံပြီး နောက်မေးမြန်းပြောဆိုခွင့်မရှိသည့် ပြဋ္ဌာန်းချက်

၃၆။ စာချုပ်စာတမ်းတစ်ခုကို သက်သေခံအဖြစ် လက်ခံပြီးဖြစ်သည့်အချက်တွင် ထိုကဲ့သို့ လက်ခံပြီးဖြစ်သော ဝန်ခံချက်ကို ပုဒ်မ ၆၁ တွင် ပါရှိသည့် ပြဋ္ဌာန်းချက်အရမှတပါး ထိုအမှု သို့မဟုတ် အမှုစစ်ဆေးနေစဉ် မည်သည့်အဆင့်၌မဆို အဆိုပါ စာချုပ်စာတမ်းသည် နည်းလမ်းတကျ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်းမရှိသေးဟု အကြောင်းပြ၍ မေးမြန်းခွင့်မရှိစေရ။

လိုအပ်သည့် အမျိုး အစားမဟုတ်သော တံဆိပ်ခေါင်းပါစာချုပ် စာတမ်းများကို လက်ခံခြင်း

၃၇။ တံဆိပ်ခေါင်းခွန် လုံလောက်စွာ ကပ်နှိပ်ထားသော်လည်း လိုအပ်သည့် တံဆိပ်ခေါင်းအမျိုးအစားမဟုတ်သည့် အချက်တွင် ထိုစာချုပ်အတွက် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ကို ပေးဆောင်ပြီးသည့်အခါ ၎င်းစာချုပ်စာတမ်းကို ထိုက်သင့်သည့် တံဆိပ်ခေါင်းကပ်နှိပ်ပြီးကြောင်း အသိအမှတ်ပြုလက်မှတ်ရေးထိုးခွင့်ရသည့်အပြင် ဤကဲ့သို့သော စာချုပ်သည် စာချုပ်ချုပ်ဆိုသည့်နေ့မှ အစပြု၍ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ပြီးဖြစ်ကြောင်း မှတ်ယူရမည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် လိုအပ်သည့်နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

စာချုပ်စာတမ်းများ သိမ်းယူသည့်နည်းလမ်း

၃၈။ (၁) စာချုပ်စာတမ်းတစ်ရပ်ကိုပုဒ်မ ၃၃ အရသိမ်းယူထားသည့်မည်သူမဆို ဥပဒေအရ၊ သို့မဟုတ် အမှုသည်များ၏ သဘောတူညီချက်အရသက်သေခံချက်ရယူခွင့်ရှိပြီး ပုဒ်မ ၃၅ ပြဋ္ဌာန်းချက်အရ ဒဏ်ကြေးငွေကို ပေးဆောင်ပြီးနောက် သို့မဟုတ် ပုဒ်မ ၃၇အရ ပြဋ္ဌာန်းထားသည့်အတိုင်း တံဆိပ်ခေါင်းခွန်ကို ပေးဆောင်စေပြီးနောက်ပိုင်း၌ ထိုစာချုပ်စာတမ်းကို သက်သေခံအဖြစ် လက်ခံပြီးသောအခါတွင် ၎င်းစာချုပ်စာတမ်းအတွက် ထိုက်သင့်သည့်အခွန်ငွေနှင့်ဒဏ်ငွေတို့သည် ဖော်ပြပါရှိသည့် သက်သေခံလက်မှတ်နှင့်တကွ အသိအမှတ်ပြုမှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် ထို**စာချုပ်စာတမ်းလက်ခံမိတ္တူ** တစ်စောင်ကို မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ) ထံပေးပို့ရမည့်အပြင် ၎င်းတံဆိပ်ခေါင်းခွန်နှင့် ဒဏ်ငွေများကိုလည်း မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ)ထံ သို့မဟုတ် ဤကိစ္စအတွက် မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)က ၎င်း၏ကိုယ်စား ခန့်ထားသူထံသို့ ပေးပို့ရမည်၊

(၂) အခြားအမှုကိစ္စအရပ်ရပ်တွင် ဤကဲ့သို့ စာချုပ်စာတမ်းတစ်ရပ်ကို သိမ်းယူထားသူသည် ထို**စာချုပ်စာတမ်းမူရင်း**ကို မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ) ထံပေးပို့ရမည်။

ပုဒ်မ ၃၈ အရ ဒဏ်ကြေးငွေကိုပြန်ပေးနိုင်သည့် ကော်လိတ္တော်အရာရှိ၏အခွင့်အာဏာ

၃၉။ (၁) စာချုပ်စာတမ်းတစ်ခု၏မိတ္တူကို ပုဒ်မ၃၈၊ပုဒ်မခွဲ(၁)အရ မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ) ထံသို့ ပေးပို့သည့်အခါယင်း မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)သည် သင့်လျော်သည်ဟု ထင်မြင်ပါက ထိုစာချုပ်စာတမ်းနှင့် ပတ်သက်၍ပေးဆောင်ပြီးသည့်ဒဏ်ကြေးငွေများအနက် ငါးရာကျပ်ထက်ပိုသည့် ဒဏ်ကြေးငွေများကို ပြန် လည်ထုတ်ပေးနိုင်သည်။

(၂) ထိုကဲ့သို့သော စာချုပ်စာတမ်းတစ်ရပ်ကို သိမ်းယူထားသည်မှာ ပုဒ်မ ၁၃ သို့မဟုတ် ပုဒ်မ၁၄ ကိုဆန့်ကျင်၍ ရေးသားခြင်းကြောင့်ဖြစ်လျှင်ဆိုခဲ့သည့်အတိုင်း ပေးဆောင်ပြီးသည့် ဒဏ်ကြေးငွေအားလုံးကို မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)ကပြန်လည်ထုတ်ပေးနိုင်သည်။

သိမ်းယူထားသည့် စာချုပ်စာတမ်းများကို မြို့နယ်အခွန်ဦးစီးဌာနမှူးကော်လိတ္တော်အရာရှိက တံဆိပ်ခေါင်းကပ်နှိပ်နိုင်ခွင့်အာဏာ

၄၀။ (၁) မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)သည် ပုဒ်မ ၃၃ အရ စာချုပ်စာတမ်းတစ်စုံတစ်ရာကို သိမ်းယူထားသောအခါ သို့မဟုတ်ငွေလွှဲစာချုပ် သို့မဟုတ်ငွေပေးကတိစာချုပ်မဟုတ်သည့် စာချုပ်စာတမ်းတစ်စုံတစ်ရာ၊ တံဆိပ်ခေါင်းခွန်တစ်ဆယ်ကျပ်သာထိုက်သင့်သည့် စာချုပ်စာတမ်းများကို ပုဒ်မ ၃၈ပုဒ်မခွဲ(၂) အရ ၎င်းထံပေးပို့သည်ကို လက်ခံရရှိသောအခါ အောက်ပါလုပ်ထုံးလုပ်နည်း အတိုင်းလိုက်နာဆောင်ရွက်ရမည်-

(က) ထိုစာချုပ်စာတမ်းသည် ထိုက်သင့်သည့် တံဆိပ်ခေါင်းကပ်နှိပ်ပြီးကြောင်း သို့မဟုတ် တံဆိပ်ခေါင်းခွန်ထိုက်သင့်ရန်မရှိကြောင်း ထင်မြင်ယူဆလျှင် ၎င်းကထိုက်သင့်သည့်တံဆိပ်ခေါင်းကပ်နှိပ်ပြီးကြောင်းသို့မဟုတ်ထိုကဲ့သို့ တံဆိပ်ခေါင်းခွန်ထိုက်သင့်ရန်မရှိကြောင်း အမှုပေါ်မူတည်၍စာချုပ်စာတမ်းပေါ်၌ထပ်ဆင့်ရေးသားအတည်ပြုရမည်။

(ခ) အကယ်၍ ထိုစာချုပ်စာတမ်းသည် တံဆိပ်ခေါင်းခွန်ထိုက်သင့်စေရမည်ဖြစ်ပြီး ထိုက်သင့်သည့်တံဆိပ်ခေါင်းကို ကပ်နှိပ်ထားခြင်းမရှိဟု ယင်းအနေဖြင့်ထင်မြင်ယူဆခဲ့လျှင် လိုအပ်သော တံဆိပ်ခေါင်းခွန်ကို ပေးဆောင်စေရန် သို့မဟုတ် တံဆိပ်ခွန်အတိုင်း ပြည့်မီရန်လိုအပ်သည့် တံဆိပ်ခေါင်းခွန်နှင့်တကွဒဏ်ကြေး ငွေကျပ်ငါးရာကိုပါ ပေးဆောင်စေရန်သို့မဟုတ် ယင်းအနေဖြင့် သင့်လျော်သည်ဟုထင်မြင်ပါက လိုအပ်သောတံဆိပ်ခေါင်းခွန် သို့မဟုတ် လျော့နည်းနေသည့် တံဆိပ်ခေါင်းခွန်၏ ဆယ်ဆ ထက်မပိုသော ဒဏ်ကြေးငွေကို ပေးသွင်းစေရမည်။

ထိုဒဏ်ကြေးငွေသည်ငွေ ကျပ်ငါးရာထက်ပိုသည်ဖြစ်စေ၊ လျော့သည်ဖြစ်စေ အထက်ပါ အတိုင်း ပေးသွင်းစေရမည်။

သို့ရာတွင် ထိုစာချုပ်စာတမ်းကို သိမ်းယူထားသည်မှာ ပုဒ်မ ၁၃ သို့မဟုတ် ပုဒ်မ ၁၄ ကို ဆန့်ကျင်၍ ရေးသားခြင်းကြောင့်ဖြစ်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူး( ကော်လိတ္တော်အရာရှိ )သည် ၎င်းအနေနှင့် သင့်လျော်သည် ဟုယူဆပါက ဤပုဒ်မအရ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဒဏ်ကြေးငွေအားလုံးကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၂) ပုဒ်မခွဲ(၁)အပိုဒ်(က)အရ သက်သေခံလက်မှတ်တိုင်းသည် ဤအက်ဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ယင်းလက်မှတ်ပါအကြောင်းအရာစကားရပ်များအတိုင်း အပြီးအပြတ်သက်သေခံချက်ဖြစ်စေရမည်။

(၃) စာချုပ်စာတမ်းတစ်ရပ်ကို ပုဒ်မ ၃၈ ပုဒ်မခွဲ-၂ အရ မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ) ထံပေးပို့ခဲ့ခြင်းဖြစ်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)သည် ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အရေးယူဆောင်ရွက်ပြီးနောက် ထိုစာချုပ်စာတမ်းကို သိမ်းယူခဲ့သည့် အရာရှိထံသို့ ပြန်လည်ပေးပို့ရမည်။

မတော်တဆများ: ယွင်း၍တံဆိပ်ခေါင်း မကပ်မိသည့် စာချုပ်စာတမ်းများ

၄၁။ တံဆိပ်ခေါင်းခွန် တစ်ဆယ်ကျပ် သာထိုက်သင့်သည့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ် မဟုတ်သည့် တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းတစ်စုံတစ်ရာဖြစ်ပြီး ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ကိုထမ်းဆောင်ထားခြင်းမရှိဘဲ ထိုစာချုပ်စာတမ်းတစ်ရပ်ကို မည်သူမဆိုဂင်း၏ သဘောဆန္ဒအလျောက် စာချုပ်ချုပ်ဆိုသည့်နေ့မှ သို့မဟုတ် ပထမဦးစွာချုပ်ဆိုသည့်နေ့မှ တစ်နှစ်အတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ) ရှေ့မှောက်သို့ တင်ပြလာခြင်းနှင့် ထိုသူကပင် ထိုစာချုပ်စာတမ်းသည်ထိုက်သင့်သည့် တံဆိပ်ခေါင်းကိုကပ်နှိပ်ရခြင်းမရှိသေးကြောင်း အသိပေးအကြောင်းကြားပြီး လိုအပ်သည့် တံဆိပ်ခေါင်းခွန်ဖိုးငွေကိုသော်လည်းကောင်း၊ ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို ပြည့်မီရန်လိုအပ်သည့်တံဆိပ်ခေါင်း ဖိုးငွေကိုသော်လည်းကောင်း ပေးရန်ကမ်းလှမ်းလာသည့်အခါတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)သည် ထိုစာချုပ်ကိုထိုက်သင့်သည့် တံဆိပ်ခေါင်းကပ်ရန်ပျက်ကွက်ခဲ့ခြင်းမှာမတော်တဆဖြစ်ခြင်း၊ မှားယွင်းခြင်း၊ အရေးတကြီးလိုအပ်ခြင်းကြောင့် ပေါ့ပေါက်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ခဲ့ပါက မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)သည် ပုဒ်မ ၃၃ နှင့် ၄၀ အရ ဆောင်ရွက်မည့်အစား ထိုက်သင့်သောငွေကို လက်ခံရယူပြီးနောက် ပြဋ္ဌာန်းချက်များအတိုင်းဆောင်ရွက်နိုင်သည်။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ဘဏ္ဍာတော်မင်းကြီး) ထံ အမှုတွဲနှင့်တကွ တင်ပြခွင့်ပြုရန်ဖြစ်သည်။

ပုဒ်မ ၃၅၊ ၄၀ သို့မဟုတ် ၄၁ အရတံဆိပ် ခေါင်းခွန်ထိုက်သင့်ပြီးသည့် စာချုပ်စာတမ်းပေါ် တွင် ထပ်ဆင့်လက်မှတ်ရေးထိုးခြင်း

၄၂။ (၁) စာချုပ်စာတမ်းတစ်စုံတစ်ရာသည် အကယ်၍တံဆိပ်ခေါင်းခွန်နှင့် ဒဏ်ကြေးငွေ တစ်စုံတစ်ရာကို(ရှိလျှင်) ပုဒ်မ ၃၅၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ၄၁ အရပေးဆောင်ပြီးဖြစ်သည့်အခါ ထိုစာချုပ်စာတမ်းစာတမ်းကို သက်သေခံအဖြစ်လက်ခံသူ သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)က အမှုအလိုက် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် သို့မဟုတ် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်နှင့် ဒဏ်ကြေးငွေကို ကောက်ခံပြီးဖြစ်ကြောင်း ငွေပေးဆောင်သူအမည်နေရပ်နှင့်တကွ ၎င်းစာချုပ်စာတမ်းပေါ်တွင် ထပ်ဆင့် ရေးသား အတည်ပြုရမည်။

(၂) ထိုကဲ့သို့ထပ်ဆင့်ရေးသားအတည်ပြုပြီးသည့် စာချုပ်တစ်ရပ်ရပ်သည်သက်သေခံအဖြစ် လက်ခံနိုင်ခွင့်ရှိစေရမည့်အပြင် ထိုစာချုပ်စာတမ်းကို ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ပြီးဖြစ်သကဲ့သို့ မှတ်ပုံတင်ခြင်း၊ ယင်းအပေါ်အရေးယူဆောင်ရွက်ခြင်းနှင့် မှန်ကန်ကြောင်း အတည်ပြုလက်မှတ်ရေးထိုးခွင့်လည်းရှိစေရမည့်အပြင် စာချုပ်စာတမ်းကိုသိမ်းယူထားသူ အရာရှိက သိမ်းခဲ့စဉ်၌ လက်ရှိဖြစ်သူက

ဤကိစ္စအတွက် လျှောက်ထားလာသည့်အခါတွင်ထိုသူသို့ဖြစ်စေ၊ ထိုသူကညွှန်ကြားသူသို့ ဖြစ်စေပေးအပ်ရမည်။

သို့ရာတွင် -

(က) ပုဒ်မ ၃၅ အရ တံဆိပ်ခေါင်းခွန်နှင့် ဒဏ်ကြေးငွေများကို ပေးဆောင်၍သက်သေခံ အဖြစ်လက်ခံပြီး မဟုတ်သည့် မည်သည့်စာချုပ်စာတမ်းကိုမဆို သိမ်းယူသည့်နေ့မှ တစ်လမကျော်လွန်မီ မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ်တော်အရာရှိ)က ထပ်မံသိမ်းချုပ်ရန် လိုအပ်ကြောင်းနှင့် ထိုသက်သေခံလက်မှတ်ကို ပယ်ဖျက်ခြင်းမရှိသေးကြောင်းတရားဝင်ဖော်ပြလျှင် ဆိုခဲ့သည့်အတိုင်း ပေးအပ်ခြင်းမရှိစေရ။

(ခ) ဤပုဒ်မပါမည်သည့်အချက်ကမျှ တရားမကျင့်ထုံးဥပဒေအမိန့် - ၁၃ နည်းဥပဒေ - ၉ ကို အကျိုးသက်ရောက်ခြင်း မရှိစေရ။

တံဆိပ်ခေါင်းအက်ဥပဒေကို ဆန့်ကျင်သောပြစ်မှုအတွက် တရားစွဲဆိုခြင်း

၄၃။ စာချုပ်စာတမ်းတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ ဤအခန်းအရဆောင်ရွက်ခြင်း သို့မဟုတ် ဒဏ်ငွေပေးဆောင်ခြင်းကြောင့် ယင်းစာချုပ်စာတမ်းနှင့်ပတ်သက်၍ တံဆိပ်ခေါင်းဥပဒေကိုဆန့်ကျင်ပြီး ပြစ်မှုကျူးလွန်ခဲ့သည်ဟု ထင်မြင်ရန် အကြောင်းရှိသူအပေါ်တွင် တံဆိပ်ခေါင်းဥပဒေအရ တရားစွဲဆိုခွင့်ကို ပိတ်ပင်ခြင်းမရှိစေရ။

သို့ရာတွင် ထိုပြစ်မှုကိုကျူးလွန်ခြင်းမှာ ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ခြင်းမပြုရ အောင်ကြံရွယ်ချက်ဖြင့် ကျူးလွန်ခြင်းဖြစ်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ်တော်အရာရှိ)က ထင်မြင်ယူဆခြင်းမရှိလျှင် ဆိုခဲ့သည့်အတိုင်း ဒဏ်ငွေပေးဆောင်ပြီးသည့် စာချုပ်စာတမ်းနှင့်ဆိုင်သည့်ကိစ္စတွင် တရားစွဲဆိုခွင့်မရှိစေရ။

အချို့ကိစ္စများတွင် တံဆိပ်ခေါင်းခွန် သို့မဟုတ် ဒဏ်ငွေများပေးဆောင်သူကပြန်လည် ရယူနိုင်ခြင်း

၄၄။ (၁) စာချုပ်စာတမ်းတစ်ရပ်အတွက် မည်သူမဆို ပုဒ်မ ၃၅၊ ပုဒ်မ ၃၇၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ အရတံဆိပ်ခေါင်းခွန် သို့မဟုတ် ဒဏ်ငွေကိုပေးဆောင်ပြီးနောက် သဘောတူညီချက် သို့မဟုတ် ပုဒ်မ ၂၉ပါပြဋ္ဌာန်းချက်များသို့မဟုတ်ထိုစာချုပ်စာတမ်းချုပ်ဆိုသည့်အချိန်၌ အာဏာတည်ဆဲအခြားပြဋ္ဌာန်းချက်အရ အခြားသူကထိုစာချုပ်စာတမ်းအတွက် ပေးဆောင်ရန် တာဝန်ရှိသည့်အခါ ပထမဖော်ပြခဲ့သူက အခြားသူထံမှပေးဆောင်ပြီး တံဆိပ်ခေါင်းခွန်နှင့်ဒဏ်ကြေးငွေကိုပြန်လည်ရပိုင်ခွင့်ရှိသည်။

(၂) ထိုကဲ့သို့ပြန်လည်ရရှိရန်အတွက် ဤအက်ဥပဒေအရ ထိုစာချုပ်စာတမ်းနှင့် ပတ်သက်၍ ထုတ်ပေးသည့်သက်သေခံလက်မှတ် တစ်စုံတစ်ရာသည် ထိုစာချုပ်စာတမ်း၌ပါရှိ သည့်အကြောင်းအချက်များအတွက် မှန်ကန်ကြောင်း အပြီးအပြတ်သက်သေခံချက် ဖြစ်စေရမည်။

(၃) တရားရုံးကသင့်လျော်သည်ဟု ထင်မြင်သည့်အခါတွင် အမှုသည်များအဖြစ် ထိုသူများပါဝင်၍ ယင်းစာချုပ်စာတမ်းကိုလည်း သက်သေခံအဖြစ်တင်သွင်းသည့်မည်သည့်မှုခင်း သို့မဟုတ် ဆောင်ရွက်ချက်တွင်မဆို ဆိုခဲ့သည့် ငွေပမာဏကို တရားစရိတ်ငွေနှင့်ပတ်သက်၍ ချမှတ်သည့်အမိန့်တွင် ထည့်သွင်းနိုင်သည်။ ထိုငွေပမာဏကို ယင်းအမိန့်မျိုးတွင် တရားရုံးကထည့်သွင်းခဲ့ခြင်းမရှိလျှင် ၎င်းငွေကိုရရန် တစ်စုံတစ်ရာ ထပ်မံ၍ ဆောင်ရွက်ခွင့်မရှိစေရ။

အချို့ကိစ္စများတွင်ဒဏ်ငွေ သို့မဟုတ် ပိုမိုကောက်ခံသည့် တံဆိပ်ခေါင်းခွန်ကို ပြန်ပေးနိုင်ရန်ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ အခွင့်အာဏာ

၄၅။ (၁) ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၄၀ အရ ဒဏ်ကြေးငွေတစ်စုံတစ်ရာကို ပေးဆောင်ထားပြီးနောက် ပေးဆောင်သည့်နေ့မှတစ်နှစ်အတွင်းစာဖြင့် ရေးသားလျှောက်ထားသည့်အခါတွင်ထိုဒဏ်ငွေအားလုံးကို သို့မဟုတ် အချို့အဝက်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

(၂) ဥပဒေနှင့်အညီ ထိုက်သင့်သည်ထက်ပိုမို၍ တံဆိပ်ခေါင်းခွန်ကို ပုဒ်မ ၃၅ အရ သို့မဟုတ် ပုဒ်မ ၄၀ အရပေးဆောင်ပြီးသည့်အချက်တွင် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က တံဆိပ်

ခေါင်းခွန်ကို ပိုမိုပေးဆောင်ထားကြောင်း ထင်မြင်သည့်အခါ ထိုသို့ထမ်းဆောင်ရန် အမိန့်ချမှတ်သည့် နေ့မှ(၃)လအတွင်း စာဖြင့်ရေးသားလျှောက်ထားလျှင် ပိုမိုထမ်းဆောင်ထားသည့် အခွန်ငွေကိုပြန်လည် ထုတ်ပေးနိုင်သည်။

*ပုဒ်မ ၃၈ အရ ပေးပို့သည့်စာချုပ်စာတမ်းများ ပျောက်ဆုံးသည့်အတွက်တာဝန်မရှိခြင်း*

၄၆။ (၁) ပုဒ်မ ၃၈၊ ပုဒ်မခွဲ (၂) အရ မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ)ထံ ပေးပို့သည့် စာချုပ်စာတမ်းတစ်စုံတစ်ရာသည် ပျောက်ဆုံးလျှင်ဖြစ်စေ ၊ဖျက်ဆီးလျှင်ဖြစ်စေ၊ ပျက်စီးလျှင်ဖြစ်စေပေးပို့သူမှာ ထိုသို့ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ သို့မဟုတ် ဆုံးရှုံးခြင်းအတွက် တာဝန်မရှိစေရ။

(၂) စာချုပ်စာတမ်းတစ်စုံတစ်ရာကို အထက်ပါအတိုင်းပေးပို့သည့်အခါတွင် သိမ်းယူစဥ်ထိုစာချုပ်ကို လက်ရှိဖြစ်သူကသိမ်းယူသူထံမှ မိမိကုန်ကျစရိတ်ဖြင့်မိတ္တူကူး၍ သိမ်းယူသူကိုယ်တိုင်မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပေးရန် တောင်းဆိုခွင့် ရှိသည်။

*ငွေပေးချေသူရရှိသည့် အခွန်မပါသည့်ငွေလွှဲလက်မှတ်၊ ကတိစာချုပ်များကို ၎င်းကတံဆိပ်ခွန်ကပ်နှိပ်နိုင်ခွင့်အာဏာ*

၄၇။ တံဆိပ်ခေါင်းခွန် တစ်ဆယ်သာထိုက်သင့်သည့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိ စာချုပ်တစ်စုံတစ်ရာကို ငွေထုတ်ယူရန် တင်ပြလာသည့်အခါ၌ တံဆိပ်ခေါင်းကပ်ထားခြင်းမရှိလျှင် ထိုကဲ့သို့ တင်ပြခြင်းကိုလက်ခံသူက လိုအပ်သည့် ကပ်တံဆိပ်ခေါင်းကိုကပ်နှိပ်၍ ဤအက်ဥပဒေ၌ ဖော်ပြပြီးဖြစ်သည့် နည်းလမ်းအတိုင်း ထိုတံဆိပ်ခေါင်းကို ပယ်ဖျက်ရမည့်အပြင် ယင်းငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ်အတွက် ပေးရမည့်ငွေကိုပေးနိုင်ပြီး အခွန်ကို အမှန်ပေးဆောင်သင့်သူထံမှတောင်း ယူခွင့်ရှိသည် သို့မဟုတ် ဆိုခဲ့သည့် မိမိပေးရန်ရှိငွေမှ နုတ်ယူခွင့်ရှိသည့်အပြင် အဆိုပါ စာချုပ်စာတမ်းသည်လုံလောက်ခိုင်မာသည်ဟု မှတ်ယူရမည်။

သို့ရာတွင် ဤပုဒ်မပါမည်သည့်အချက်ကမျှ တစ်ဦးတစ်ယောက်ကို ယင်း၏ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ်ဆက်စပ်တာဝန်ရှိခြင်းနှင့်စပ်လျဥ်း၍ ပြစ်ဒဏ် သို့မဟုတ် ဆောင်ရွက်ချက်တို့မှ ကင်းလွတ်ခွင့်မရှိစေရ။

*တံဆိပ်ခေါင်းခွန်များနှင့်ဒဏ်ငွေများပြန်လည်ကောက်ခံခြင်း*

၄၈။ ဤအခန်းအရပေးဆောင်ရန်ရှိသည့် တံဆိပ်ခေါင်းခွန်၊ ဒဏ်ကြေးငွေနှင့် အခြားငွေများအားလုံးကို မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ)က အရကောက်ခံရမည့်အပြင်ကောက်ခံသည့်အခါတွင် ၎င်းငွေများကို ပေးဆောင်ရန်ရှိသူပိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို သိမ်းဆည်းရောင်းချ၍ဖြစ်စေ၊ မြေခွန်မပေးကျန်ငွေဖြစ်သကဲ့သို့ အရကောက်ခံရန် အခြားတည်ဆဲနည်းလမ်းများဖြင့်ဖြစ်စေ ပြန်လည်ကောက်ခံနိုင်သည်။

## အခန်း ( ၅ )

## အချို့ကိစ္စများတွင် တံဆိပ်ခေါင်းများအတွက်ခွင့်ပြုချက်များ

*ပျက်စီးသည့် တံဆိပ်ခေါင်းများအတွက်ခွင့်ပြုချက်*

၄၉။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြဋ္ဌာန်းထားသည့် နည်းဥပဒေများကိုအခြေပြု၍ လိုအပ်သောသက်သေခံအထောက်အထားရရှိရန် သို့မဟုတ် စုံစမ်းမှုပြုလုပ်ရန်အတွက် မြို့နယ်အခွန်ဦးစီးဌာနမှူး ( ကော်လိတ္တော်အရာရှိ )သည် ပုဒ်မ ၅၀ ၌ ပြဋ္ဌာန်းထားသည့် ကာလအပိုင်းအခြားအတွင်း တင်သွင်းသည့် လျှောက်လွှာနှင့် အကြောင်းအရာကို ကျေနပ်မှုရှိလျှင် ပျက်စီးသွားသောနှိပ် တံဆိပ်ခေါင်းများနှင့် ပတ်သက်၍အောက်တွင် ဖော်ပြသည့်ကိစ္စရပ်များတွင် ခွင့်ပြုနိုင်သည် -

(က) စက္ကူတစ်စုံတစ်ရာတွင် ရေးသားသည့် စာချုပ်စာတမ်းကို မည်သူမဆို မချုပ်ဆိုမီ အမှုမဲ့အမှတ်မဲ့ဖြစ်စေ၊ မကြံရွယ်ဘဲဖြစ်စေ၊ ယိုယွင်းပျက်စီး၍ အသွင်သဏ္ဍာန်မထင်မရှား သို့မဟုတ် ရေးသားရာတွင် မှားယွင်း၍ဖြစ်စေ၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ၊ ရည်ရွယ်သည့်ကိစ္စတွင် အသုံးပြုရန်အတွက် မသင့်လျော်သည့် တံဆိပ်ခေါင်း၊

(ခ) စာချုပ်စာတမ်းတစ်စုံတစ်ရာကို အားလုံး သို့မဟုတ် တစ်ပိုင်းတစ်စ ရေးပြီးဖြစ်သော်လည်း မည်သည့် အမှုသည်ကမျှ လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ချုပ်ဆိုခြင်းမပြုသေးသည့် စာချုပ်စာတမ်းပေါ်ရှိ တံဆိပ်ခေါင်း၊

(ဂ) တောင်းဆိုသည့်အခါမှတစ်ပါး အခြားနည်းဖြင့် ငွေပေးချေရသောငွေလွှဲလက်မှတ်များ သို့မဟုတ် ငွေပေး ကတိစာချုပ်များ ဖြစ်သည့်အချက်တွင် -

(၁) မည်သည့်ငွေလွှဲလက်မှတ်တွင်မဆို ကိုယ်တိုင်လက်မှတ်ရေးထိုးသူ သို့မဟုတ် ၎င်း၏ကိုယ်စား လက်မှတ်ရေးထိုးသူက လက်မှတ်ရေးထိုးပြီး ဖြစ်သော်လည်းလက်ခံခြင်းမပြု ရသေးသည့် သို့မဟုတ် မည်သည့်နည်းလမ်းနှင့်မျှ အသုံးမပြုရသေးသည့် သို့မဟုတ် ငွေလက်ခံစေရန်အလို့ငှာ တင်ပြသည့်ကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စနှင့်မျှ လက်မလွှတ်ရသေးသည့် ငွေလွှဲလက်မှတ် တစ်စုံတစ်ရာ အပေါ်၌ပါရှိသည့် နှိပ်တံဆိပ်ခေါင်း၊ သို့ရာတွင် ထိုတံဆိပ်ခေါင်းမျိုး ရိုက်နှိပ် လျက်ပါသည့်စက္ကူတွင် နောက်ထပ်ရေးသား ရန် ရှိသည့် ငွေလွှဲလက်မှတ် တစ်စုံတစ်ရာအတွက် ငွေ လက်ခံမှုအတွက် ရည်ရွယ်သည့် လက်မှတ်တစ်စုံတစ်ရာ မပါရှိစေရ၊

(၂) ကိုယ်တိုင်လက်မှတ်ရေးထိုးသူ သို့မဟုတ် ၎င်း၏ကိုယ်စား လက်မှတ်ရေးထိုးသူက လက်မှတ် ရေးထိုးပြီးဖြစ်သော်လည်း မည်သည့်နည်းလမ်းနှင့်မျှ အသုံးမပြုရသေးသည့် သို့မဟုတ် ထိုသူ ၏လက်မှ မလွှတ်ရသေးသည့် ငွေပေးကတိစာချုပ်တွင် ကပ်ထားသည့်တံဆိပ်ခေါင်း၊

(၃) ကိုယ်တိုင်လက်မှတ်ရေးထိုးသူ သို့မဟုတ် ၎င်း၏ ကိုယ်စားလက်မှတ်ရေးထိုးသူက လက်မှတ် ရေးထိုးသည့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ် တစ်စုံတစ်ရာတွင် အသုံးပြုပြီး သို့မဟုတ် အသုံးပြုရန်ရည်ရွယ်သောတံဆိပ်ခေါင်း၊ သို့သော် လက်ခံပြီးသည့် သို့မဟုတ် ထပ်ဆင့်လက်မှတ်ရေးထိုးပြီးသည့် ငွေလွှဲလက်မှတ်တွင် ပျက်ကွက်မှု သို့မဟုတ် မှားယွင်းမှု ပါရှိသည့် တံဆိပ်ခေါင်းသည်ပျက်စီး သို့မဟုတ် အသုံးပြု၍မရနိုင်အောင်ဖြစ်ခဲ့လျှင် ယင်းငွေ လွှဲလက်မှတ်ပေါ် ပါရှိသည့်တံဆိပ်ခေါင်း သို့မဟုတ် ငွေပေးကတိစာချုပ် ဖြစ်သည့်အချက်တွင် ငွေပေးချေမည့်သူသို့ လက်ရောက်ပေးအပ်သည့်အခါ၌ ကပ်ထားသည့်တံဆိပ်ခေါင်း သို့ရာတွင် ဆိုခဲ့သည့်အတိုင်း မှားယွင်းသည့်အချက်ကို ပြင်ဆင်ခြင်းမှတစ်ပါး အခြားအကြောင်းအချက် တစ်ရပ်ရပ်တွင် ပျက်စီးယိုယွင်းသည့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ်များ အတွက် ပြည့်စုံ၍ထိုက်သင့် သည့် တံဆိပ်ခေါင်းကိုကပ်နှိပ်စေ၍တင်ပြစေရမည်။

(ဃ) သက်ဆိုင်ပါဝင်သူတစ်ဦးဦးက ရေးသားချုပ်ဆိုပြီးဖြစ်သော်လည်း အောက်ပါစာချုပ်စာတမ်းအတွက် အသုံးပြုပြီးသည့်တံဆိပ်ခေါင်း -

(၁) ရေးသားချုပ်ဆိုပြီးနောက် ကနဦးကပင် ဥပဒေအရ လုံးဝပျက်ပြယ်နေကြောင်း တွေ့ရှိရသော စာချုပ်စာတမ်း၊

(၂) ချုပ်ဆိုပြီးနောက် အမှား သို့မဟုတ် မှားယွင်းမှုတစ်စုံတစ်ရာပါရှိသည်ဟု တွေ့ရှိရသည့် အတွက် မူလကြံရွယ်သည့်အတိုင်းအသုံးပြုရန် မသင့်လျော်သည့်စာချုပ်စာတမ်း၊

(၃) လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုသင့်သူ တစ်စုံတစ်ယောက်က မချုပ်ဆိုရသေးမီ သေဆုံး၍ ဖြစ်စေ၊ ချုပ်ဆိုခြင်းမပြုလိုကြောင်းငြင်းဆို၍ဖြစ်စေ၊ ရည်ရွယ်ထားသည့်အတိုင်း ဆောင်ရွက် ရန်ရှိသည်ကိုအထမြောက်အောင် မချုပ်ဆိုနိုင်သည့် စာချုပ်စာတမ်း၊

(၄) စာချုပ်ချုပ်ဆိုရာ၌ အဓိကကျသူက မချုပ်ဆိုသည့်အပြင် လက်မှတ်မရေးထိုးနိုင်၍ဖြစ်စေ၊ လက်မှတ်မရေးထိုးလိုကြောင်း ငြင်းပယ်၍ဖြစ်စေ၊ ကြံရွယ်ရင်းကိစ္စအတိုင်း အထမြောက်မှု မရှိသည့် စာချုပ်စာတမ်း၊

(၅) တစ်စုံတစ်ယောက်သောသူက ချုပ်ဆိုသည့်စာချုပ်အတိုင်း ဆောင်ရွက်ရန် ငြင်းဆန်ခြင်းကြောင့် သို့မဟုတ် အာမခံငွေအဖြစ် ကြံရွယ်ထားသည့် ငွေကြေး တစ်စုံတစ်ရာကို ကြိုတင်ထုတ်ပေးရန် ငြင်းဆန်ခြင်း သို့မဟုတ် ပေးအပ်သည့်ရာထူး တစ်စုံတစ်ရာကို လက်မခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကြောင့် ကြံရွယ်ထားသည့် ရည်ရွယ်ချက် လုံးဝဆုံးရှုံးသွားသည့် စာချုပ်စာတမ်း၊

(၆) ချုပ်ဆိုသည့်စာချုပ်အရ ဆောင်ရွက်ရန်ကြံရွယ်သည့် အမှုကိစ္စကိုဆိုခဲ့သည့် တံဆိပ်ခေါင်းတန်ဖိုးအောက်မလျော့သော တံဆိပ်ခေါင်းပါသည့်စာချုပ်မှာ ထိုအမှုသည်များအကြား အခြားစာချုပ်စာတမ်းအရ ဆောင်ရွက်ပြီးဖြစ်၍ အသုံးမဝင် ဖြစ်လာသည့် စာချုပ်စာတမ်း၊

(၇) ချုပ်ဆိုထားသည့်စာချုပ်တွင် တန်ဖိုးထက်လျော့သော တံဆိပ်ခေါင်းပါရှိနေပြီး ဆိုခဲ့သည့်တံဆိပ်ခေါင်းတန်ဖိုးအောက်မလျော့သည့် တံဆိပ်ခေါင်းပါရှိသော အခြားစာချုပ်စာတမ်းအရ အမှုသည်များအကြား ဆောင်ရွက်ပြီးဖြစ်သည့် အမှုကိစ္စနှင့်စပ်လျဉ်း၍ ချုပ်ဆိုသည့်စာချုပ်စာတမ်း၊

(၈) အမှုမဲ့အမှတ်မဲ့ဖြစ်စေ၊ မရည်ရွယ်၍ဖြစ်စေ၊ ပျက်စီးသွား၍ မူလချုပ်ဆိုရာတွင် ပါဝင်သည့် အမှုသည်တို့ကပင် တူညီသည့်သဘောအတိုင်း အခြားစာချုပ်စာတမ်းတစ်စောင်ကို အစားချုပ်ဆို၍ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားသည့် စာချုပ်စာတမ်း။

သို့ရာတွင်—

စာချုပ်စာတမ်းတစ်စုံတစ်ရာအား ဥပဒေနှင့်ညီသော ဆောင်ရွက်မှု သို့မဟုတ် ပေးအပ်ခံရမှု သို့မဟုတ် သက်သေခံအဖြစ် လွှဲအပ်မှုမရှိသည့်အခါ အဆိုပါ စာချုပ်စာတမ်းသည် ပယ်ဖျက်ခြင်းခံ ရမည်။

ရှင်းလင်းချက် — စာချုပ်စာတမ်းတစ်ခုကို တံဆိပ်ခေါင်းခွန်အပြည့်အဝထမ်းဆောင်ထားကြောင်း ပုဒ်မ ၃၂ အရ မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ) ၏ သက်သေခံလက်မှတ် သည် ဤပုဒ်မအရ နှိပ်တံဆိပ်ခေါင်းဖြစ်သည်။

ပုဒ်မ ၄၉ အရခွင့်ပြုသည့် သက်သာခွင့်ကိုလျှောက်ထားရမည့် အချိန်ကာလ

၅၀။ ပုဒ်မ ၄၉ အရ စာချုပ်စာတမ်း တစ်စုံတစ်ရာအတွက် သက်သာခွင့်ကို အောက်ပါကာလအပိုင်းအခြားအတွင်း လျှောက်ထားရမည်ဟု ဆိုရာတွင် -

(၁) အထက်ပြဋ္ဌာန်းထားသည့် အပိုဒ်(ဃ)(၅)အရ ဖော်ပြပါရှိသည့် ကိစ္စအတွက် စာချုပ်ပါနေ့မှ (၂) လအတွင်း၊

(၂) တံဆိပ်ခေါင်းပါစက္ကူပေါ်တွင် သက်ဆိုင်သူမည်သူမျှ ရေးသားချုပ်ဆိုခြင်းမပြုရသေးသည့်ကိစ္စ အတွက် တံဆိပ်ခေါင်းပျက်စီးသည့်နောက် (၆) လအတွင်း၊

(၃) တံဆိပ်ခေါင်းပါစက္ကူတွင် သက်ဆိုင်သူတစ်ဦးဦးက စာချုပ်ရေးသားချုပ်ဆိုပြီးသောကိစ္စအတွက် စာချုပ်ပါနေ့ရက်မှ (၆)လအတွင်း သို့မဟုတ် နေ့စွဲဖော်ပြထားခြင်း မရှိလျှင် ဦးစွာချုပ်ဆိုသည့်နေ့ သို့မဟုတ် ချုပ်ဆိုသူတစ်ဦးတည်း ချုပ်ဆိုသည့် နေ့မှ (၆)လအတွင်း၊

သို့ရာတွင်-

(က) ပျက်စီးသွားသော စာချုပ်စာတမ်းတစ်စုံတစ်ရာကို လုံလောက်သောအကြောင်းအချက်များအရ မြန်မာနိုင်ငံပြင်ပသို့ပို့ပြီးနောက် မြန်မာနိုင်ငံအတွင်း ပြန်လည်လက်ခံရရှိသည့်နေ့မှ (၆)လ အတွင်းလျှောက်ထားနိုင်သည်။

(ခ) မလွှဲမရှောင်နိုင်သည့်ကိစ္စများကြောင့် စာချုပ်စာတမ်းတစ်စုံတစ်ရာကို အစားထိုးပြီးနောက် ဖော်ပြပါအချိန်အတွင်း ပယ်ဖျက်ရန် မတင်ပြနိုင်လျှင် အစားထိုးချုပ်ဆိုသည့် စာချုပ်ကိုချုပ်သည့်နေ့မှ (၆)လအတွင်း လျှောက်ထားနိုင်သည်။

**အသင်းစုများမှအသုံးပြုရန်မလိုသည့် ပုံနှိပ်ပုံစံများအားခွင့်ပြုခြင်းကိစ္စ**

၅၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဤကိစ္စအတွက် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အခွင့်အာဏာအပ်နှင်းထားသည့် မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ)သည် မည်သည့် ဘဏ်လုပ်ငန်းရှင် သို့မဟုတ် အသင်းစုမဟုတ်သော မည်သည့်ကုမ္ပဏီ သို့မဟုတ် အခြားအသင်းစုတစ်ခုခုက ပုံနှိပ်ပြီး စာချုပ်စာတမ်းပုံစံများအလို့ငှာ အသုံးပြုသည့်တံဆိပ်ခေါင်းပါစက္ကူများကို (လုံလောက်သည့်အကြောင်းပြချက် တစ်စုံတစ်ရာ အတွက်ကြောင့်)ဆိုခဲ့သည့် ဘဏ်လုပ်ငန်းရှင်၊ ကုမ္ပဏီ သို့မဟုတ် အသင်းစုတို့က ယင်းပုံစံများအား ဆက်လက်၍ အလို ရှိကြောင်း အချိန်အကန့်အသတ်မရှိ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ၎င်းတံဆိပ်ခေါင်းပါစက္ကူများအတွက် တံဆိပ်ခေါင်းခွန်ကို နည်းလမ်းတကျထမ်းဆောင်ခဲ့ပြီးကြောင်း ကျေနပ်သည့်အခါမှသာ ယင်းအတိုင်း သက်သာခွင့်ပြုနိုင်သည်။

**မှားယွင်းအသုံးပြုခဲ့သည့်တံဆိပ်ခေါင်းများအတွက် ခွင့်ပြုခြင်း**

၅၂။ (က) တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းတစ်စုံတစ်ရာတွင် ၎င်းစာချုပ်စာတမ်းမျိုးအတွက် ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေများနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းထားသည့် တံဆိပ်ခေါင်း မျိုးမှတစ်ပါး အခြားတံဆိပ်ခေါင်းမျိုး တစ်စုံတစ်ရာကိုလည်းကောင်း၊ လိုအပ်သည် ထက်တန်ဖိုးပိုမိုသော တံဆိပ်ခေါင်းတစ်စုံတစ်ရာကိုလည်းကောင်း၊ တစ်စုံတစ်ယောက်သောသူက အမှတ်မဲ့ အသုံးပြုသော အခါဖြစ်စေ၊ အခွန်ထိုက်သင့်ရန် မရှိသည့်စာချုပ်စာတမ်းအတွက် တံဆိပ်ခေါင်းတစ်စုံ တစ်ရာကို အမှတ်မဲ့အသုံးပြုမိသည့် အခါဖြစ်စေ၊

(ခ) စာချုပ်စာတမ်းတစ်စုံတစ်ရာကို ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ရေးသားသည့်အတွက် ၎င်းစာချုပ်စာတမ်းတွင် အသုံးပြုသည့်တံဆိပ်ခေါင်းမှာ ပုဒ်မ ၁၅ အရ အမှတ်မဲ့အသုံးပြု၍ မရနိုင် အောင်ဖြစ်လာသည့်အခါဖြစ်စေ၊ ၎င်းစာချုပ်ပါ နေ့ရက်မှ (၆)လအတွင်းသော်လည်းကောင်း၊ နေ့စွဲ ဖော်ပြထားခြင်းမရှိလျှင် ပထမဦးစွာချုပ်ဆိုပြီးနောက် သို့မဟုတ် တစ်ဦးတစ်ယောက်တည်း ချုပ်ဆိုသူက ချုပ်ဆိုပြီးနောက် (၆)လအတွင်းလျှောက်ထားသည့်အခါတွင် ထိုစာချုပ်စာတမ်းအပေါ်၌ အကယ်၍ တံဆိပ်ခေါင်းခွန် ထိုက်သင့်လျှင် ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို ထပ်မံကပ်ပြီးသည့်အခါ၌ မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)သည် ဆိုခဲ့သည့်အတိုင်း မှားယွင်းအသုံးပြုမိခဲ့သည့် သို့မဟုတ် အသုံးပြု၍မရနိုင်လောက်အောင်ဖြစ်လာသည့် တံဆိပ်ခေါင်းကို ပယ်ဖျက်ပြီး ပျက်စီးပြီးသည့် တံဆိပ်ခေါင်းအဖြစ်ခွင့်ပြုနိုင်သည်။

**ပျက်စီးသည့် သို့မဟုတ် မှားယွင်းအသုံးပြုမိသည့် တံဆိပ်ခေါင်းများကို ပြုလုပ်စေရန်နည်းလမ်း**

၅၃။ ပျက်စီးသည့် သို့မဟုတ် မှားယွင်းအသုံးပြုမိသည့် တံဆိပ်ခေါင်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်သည့် မည်သည့်ကိစ္စတွင်မဆို မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ )က ၎င်းတံဆိပ်ခေါင်းများအစား -

(က) အမျိုးအစားတူ၊ တန်ဖိုးတူ အခြားတံဆိပ်ခေါင်းများ၊ သို့မဟုတ်

(ခ) လိုအပ်၍ ၎င်းကသင့်လျော်သည်ဟု ထင်မြင်လျှင်တန်ဖိုးတူညီသည့် အခြားတံဆိပ်ခေါင်း အမျိုးအစား တစ်စုံတစ်ရာ၊ သို့မဟုတ်

(ဂ) ၎င်းကစဉ်းစားဆင်ခြင်၍ ငွေကျပ်တစ်ရာ အတွက် သို့မဟုတ် ကျပ်တစ်ရာ မပြည့်သည့် အစိတ်အပိုင်းအတွက် တစ်ဆယ်ကျပ်စီနှုတ်၍ တူညီသော ငွေတန်ဖိုးကိုပေးနိုင်သည်။

**အသုံးပြုရန် မလိုအပ်သည့်တံဆိပ်ခေါင်းများအတွက် ခွင့်ပြုခြင်း**

၅၄။ မည်သူမဆို ရည်ရွယ်ရင်းကိစ္စအတွက် မပျက်စီးသည့် အသုံးပြုရန်မသင့်လျော်သည့်၊ သို့မဟုတ် အသုံးမဝင်သည့်တံဆိပ်ခေါင်း သို့မဟုတ် တံဆိပ်ခေါင်းများသည်တစ်ဦးတစ်ယောက်၏ လက်ဝယ်၌ရှိပြီး ၎င်းတို့ကိုချက်ခြင်းအသုံးပြုရန်မလို၍ မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)ထံ ပယ်ဖျက်ပေးရန် အတွက်ပေးအပ်သောအခါ မြို့နယ်အခွန်ဦးစီးဌာနမှူး ကော်လိတ္တော်အရာရှိ သည် ထိုသူအား ငွေကျပ် (၁၀၀) သို့မဟုတ် ကျပ်တစ်ရာ၏ အစိတ်အပိုင်းအတွက် ကျပ်တစ်ဆယ်ကျခုနှိမ်၍ ပြန်လည်ထုတ်ပေးရန်အလို့ငှာ -

(က) တံဆိပ်ခေါင်းလက်ဝယ်ရှိသူသည် ယင်းတံဆိပ်ခေါင်းများကို အသုံးပြုရန်အတွက် ဝယ်ယူသူအမှန်ဖြစ်သည်ဟုလည်းကောင်း၊

(ခ) တံဆိပ်ခေါင်းတန်ဖိုးကို အပြည့်ပေးပြီးဖြစ်သည်ဟုလည်းကောင်း၊

(ဂ) ယင်းတံဆိပ်ခေါင်းများကို တင်ပြသည့်နေ့မတိုင်မီ ခြောက်လအတွင်း ဝယ်ယူခဲ့ကြောင်းကိုလည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)ကျေနပ်အောင် သက်သေပြရမည်။

သို့ရာတွင် ထိုသို့ပယ်ဖျက်ရန် ပေးအပ်သူသည် တံဆိပ်ခေါင်းရောင်းချရန် လိုင်စင်ရရှိသူဖြစ်ပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)က သင့်သည်ဟုထင်မြင်လျှင် ရောင်းချသူအမှန် ပေးဆောင်ပြီးငွေကို ဆိုခဲ့သည့်အတိုင်း ခုနှိမ်ခြင်းမပြုဘဲ တန်ဖိုးအတိုင်း ပြန်လည်ထုတ်ပေးနိုင်ခွင့်ရှိသည်။

**ဒီဘင်ချာခေါ် ကြွေးမြီခံဝန်ချုပ်အချို့ကို အသစ်လဲလှယ် ရန် ခွင့်ပြုခြင်း**

၅၅။ ကျသင့်သည့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ပြီးကြောင်း ကြွေးမြီခံဝန်ချုပ် တစ်စုံတစ်ရာအား၊ ၎င်းခံဝန်ချုပ် သဘောအတိုင်းရေးသား၍ ခံဝန်ချုပ်သစ်တစ်ခုပြုလုပ်သည့်ကိစ္စတွင် ကော်လိတ္တော်အရာရှိထံ တစ်လအတွင်း လျှောက်ထားသည့် မူလခံဝန်ချုပ်ပါ တံဆိပ်ခေါင်းခွန်တန်ဘိုး သို့မဟုတ် ခံဝန်ချုပ်သစ်ပါ တံဆိပ်ခေါင်းခွန်တန်ဖိုးအနက် လျော့နည်းရာကို ခံဝန်ချုပ်ချုပ်ဆိုသူသို့ ပြန်ပေးရမည်။ သို့ရာတွင် အချို့ကိစ္စများ၌ ကြွေးမြီခံဝန်ချုပ်ကို မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)ထံ တင်ပြခဲ့လျှင် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပယ်ဖျက်ရမည်။

ရှင်းလင်းချက် - အောက်ပါအတိုင်း ပြောင်းလဲပြင်ဆင်မှုရှိသော်လည်း ကြွေးမြီခံဝန်ချုပ်တစ်စုံတစ်ရာမှာ ယခုပုဒ်မအဓိပ္ပါယ်အလို့ငှာ ရှိရင်းသဘောအတိုင်း အသစ်ပြောင်းလဲသည် ဟုမှတ်ယူရမည် -

(က) စုစုပေါင်းအာမခံသည့်ငွေကို မူလအတိုင်းထား၍ မူရင်းကြွေးမြီခံဝန်ချုပ်တစ်စောင်အစား ယင်းခံဝန်ချုပ်မျိုးနှစ်စောင်သော်လည်းကောင်း၊ အများသော်လည်းကောင်း၊ ထုတ်သည့်အချက်၊

(ခ) စုစုပေါင်းအာမခံသည့်ငွေကို မူရင်းကြွေးမြီခံဝန်ချုပ်နှစ်စောင် သို့မဟုတ် နှစ်ခုထက်ပိုသော ကြွေးမြီခံဝန်ချုပ်အစား ယင်းခံဝန်ချုပ်မျိုးတစ်စောင်ထုတ်ပေးခြင်း၊

(ဂ) အသစ်ပြောင်းလဲသည့်အခါ လက်ရှိဖြစ်သူအမည်ကို မူလလက်ရှိဖြစ်သူအမည်အစား ထည့်သွင်းခြင်း၊ ၎င်းအပြင်

(ဃ) အတိုးနှုန်းကိုဖြစ်စေ၊ အတိုးပေးရန် နေ့ရက်များကိုဖြစ်စေ ပြောင်းလဲခြင်း။

## အခန်း ( ၆ )

## စောဒကတင်သွင်းခြင်းနှင့်ပြင်ဆင်ခြင်း

**ပြည်တွင်းအခွန်များဦးစီးဌာန၊ညွှန်ကြားရေးမှူး ချုပ် ကြီးကြပ်ခြင်းနှင့်ယင်းထံအမှုအကြောင်းတင်သွင်းခြင်း**

၅၆။ (၁) အခန်း(၄)နှင့် အခန်း(၅)ပုဒ်မ ၂၆ ပါ ပထမကန့်သတ်ချက်အပိုဒ်(က) တို့အရ မြို့နယ်အခွန် ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ) ဆောင်ရွက်ခွင့်ရသည့် အခွင့်အာဏာများကို အရပ်ရပ်အမှုများတွင် ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ကြီးကြပ်ခြင်းနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်၊

(၂) မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ) သည် ပုဒ်မ ၃၁၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ အရ ဆောင်ရွက်သည့် စာချုပ်စာတမ်းတစ်စုံတစ်ရာအပေါ်တွင် အခွန်မည်မျှ ထိုက်သင့်ရန်ရှိသည့် အကြောင်းနှင့် စပ်လျဉ်း ၍သံသယဖြစ်လျှင် အမှုအကြောင်းအရာကိုရေးသား၍ မိမိထင်မြင်ချက်နှင့်တကွ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ စီရင်ဆုံးဖြတ်ရန် တင်သွင်းနိုင်သည်။

(၃) ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် အမှုကို စဉ်းစားဆင်ခြင်ပြီးနောက် ၎င်း၏ ဆုံးဖြတ်ချက်မိတ္တူကို မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ)ထံ ပေးပို့ရပြီး ထိုအရာရှိမှ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ဆုံးဖြတ်ချက်နှင့်အညီ ထိုက်သင့်သည့်အခွန်ကို စည်းကြပ်ရမည်။

**ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမှုအကြောင်းအရာ တင်သွင်းခြင်း**

၅၇။ (၁) ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ပုဒ်မ ၅၆ အပိုဒ်(၂)အရ စောဒကတင်သွင်းသည့်အမှု သို့မဟုတ် ၎င်းက အခြားနည်းဖြင့်တွေ့မြင်သည့်အမှု တစ်စုံတစ်ရာကို အကြောင်းအရာ ရေးသားဖော်ပြ၍ မိမိထင်မြင်ချက်နှင့်တကွ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စောဒကတင်သွင်းနိုင်သည်၊

(၂) ၎င်းအမှုမျိုးအရပ်ရပ်ကို စောဒကတင်သွင်းလျှင် သုံးဦးအောက်မနည်းသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများက စီရင်ဆုံးဖြတ်ရမည်။ သဘောထားကွဲပြားသည့်အခါ အများစု၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ရမည်။

**အကြောင်းအရာတင်သွင်းသည့်အမှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကနောက်ထပ်အကြောင်းအရာများတောင်းဆိုနိုင်ခွင့်အာဏာ**

၅၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အမှုတွင် ဖော်ပြပါရှိသည့် အကြောင်းအရာများမှာ အငြင်းပွားမှုဖြစ်စေသည့်အချက်များကို ဆုံးဖြတ်ရန် လုံလောက်ကြောင်း ကျေနပ်မှုမရှိလျှင် ယင်းကိစ္စတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားသည့်အတိုင်း ထပ်မံပြုလုပ်ဆောင်ရွက်ရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်၍ တင်သွင်းရန် အခွန်အာဏာပိုင်ထံသို့ အမှုကို ပြန်လည်လွှဲပေးနိုင်သည်။

**အကြောင်းအရာတင်သွင်းသည့်အမှုကို စီရင်ဆုံးဖြတ်ရာတွင်လိုက်နာရန်နည်းလမ်း**

၅၉။ (၁) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်ဆိုခဲ့သည့်အမှုမျိုး တစ်စုံတစ်ရာကို ကြားနာသည့်အခါ ၎င်းအမှုတွင် စောဒကဖြစ်စေသည့် အချက်များကို ဆုံးဖြတ်ပြီးလျှင် ဆုံးဖြတ်ရာအခြေပြုသည့် အကြောင်းအချက်များနှင့်တကွ စီရင်ချက်ချမှတ်ရမည်။

(၂) ၎င်းစီရင်ချက်မိတ္တူကိုပြည်ထောင်စုတရားလွှတ်တော်ချုပ် မှတ်ပုံတင်အရာရှိက ဆိုင်ရာတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပြီး အခွန်အာဏာပိုင်ထံ ပေးပို့ရမည်ဖြစ်ပြီး အခွန်အာဏာပိုင်သည် ၎င်းစီရင်ချက် မိတ္တူကို လက်ခံရရှိက စီရင်ချက်နှင့်အညီ အမှုကို စီမံခန့်ခွဲရမည်။

**အခြားတရားရုံးများက ပြည်တောင်စုတရားလွှတ်တော်ချုပ်သို့ အမှုအကြောင်းအရာတင်သွင်းခြင်း**

၆၀။ (၁) ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှတစ်ပါး အခြားတရားရုံးတစ်ရုံးရုံးက ပုဒ်မ ၃၅ ပါ ကန့်သတ်ချက် (က)အရ စာချုပ်စာတမ်းတစ်စုံတစ်ရာကို အခွန်မည်မျှ ပေးဆောင်ရန်ရှိကြောင်း သံသယဖြစ်လျှင်

တရားသူကြီးက မိမိထင်မြင်ချက်နှင့်တကွ အမှုအကြောင်းအရာကို ရေးသားဖော်ပြ၍ စီရင်ဆုံးဖြတ်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းနိုင်သည်။

(၂) ၎င်းပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း ယင်းစောဒကတင်သွင်းချက်ကို ပုဒ်မ ၅၇ အရ တင်သွင်းသကဲ့သို့ ဆောင်ရွက်ပြီးလျှင် စီရင်ချက်မိတ္တူကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဆိုင်ရာ တံဆိပ်ရိုက်နှိပ်ပြီး မှတ်ပုံတင်အရာရှိက လက်မှတ်ရေးထိုး၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြား ရေးမှူးချုပ်ထံတစ်စောင်၊ စောဒကတင်သွင်းသည့် တရားသူကြီးထံတစ်စောင်ပေးပို့ရပြီး ယင်းတရား သူကြီးက စီရင်ချက်နှင့်အညီ အမှုကိုစီမံခန့်ခွဲရမည်။

(၃) ပုဒ်မခွဲ(၁) အရ စောဒကတင်သွင်းသည့်အချက်များကို ခရိုင်တရားရုံး၏ လက်အောက်ခံတရားရုံး တစ်ရုံးရုံးကတင်သွင်းသည့်အခါ ခရိုင်တရားရုံးမှတဆင့် တင်သွင်းရမည်ဖြစ်ပြီး အခွန်ရုံးလက်အောက်ခံ ရုံးတစ်ရုံးရုံးက တင်သွင်းသည့်အခါ ဆိုင်ရာတစ်ဆင့်မြင့်ရုံးမှ တစ်ဆင့်ချက်ချင်း တင်သွင်းရမည်။

တံဆိပ်ခေါင်းခွန်လုံလောက်သည့်အကြောင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီရင်သည့် အချို့စီရင်ချက်များကိုပြင်ဆင်ခြင်း

၆၁။ (၁) တရားမမှု သို့မဟုတ် အခွန်စီရင်ပိုင်ခွင့်အာဏာကိုကျင့်သုံးသည့် တရားရုံး တစ်ရုံးကဖြစ်စေ ပြစ်မှုဆိုင် ရာကျင့်ထုံးဥပဒေ အခန်း (၁၂) သို့မဟုတ် အခန်း(၃၆) အရ ပြစ်မှုတစ်စုံတစ်ရာကိုစီရင်သည့်ပြစ်မှု တရားရုံးတစ်ရုံးကဖြစ်စေ၊ စာချုပ်စာတမ်း တစ်စုံတစ်ရာကို ထိုက်သင့်သည့်တံဆိပ်ခေါင်းကပ်ပြီး ကြောင်း၊ သို့မဟုတ် ကပ်ရန်မလိုကြောင်း သို့မဟုတ် ပုဒ်မ၃၅အရ တံဆိပ်ခေါင်းခွန်နှင့်ဒဏ်ကြေးကို ပေးဆောင်ပြီးကြောင်း ထိုစာချုပ်စာတမ်းတစ်စုံတစ်ရာကို သက်သေခံအဖြစ်လက်ခံရန် အမိန့်ချမှတ် သည့်အခါတွင် မူလရုံးမှ တင်သွင်းသည့် အယူခံမှု၊ စောဒကမှုများကို  လက်ခံခွင့်ရှိသည့်ရုံးက မိမိ သဘောအလျောက်ဖြစ်စေ၊ မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)က လျှောက်ထားသည့် အခါ၌ဖြစ်စေ ထိုချမှတ်ခဲ့ သည့်အမိန့်ကို ထည့်သွင်းစဉ်းစားခွင့်ရှိသည်။

(၂) အကယ်၍အဆိုပါတရားရုံးက ဆိုခဲ့သည့်အတိုင်းစဉ်းစားပြီးနောက် ပုဒ်မ ၃၅ အရ တံဆိပ်ခေါင်းခွန်နှင့် တကွ ဒဏ်ကြေးမပေးဆောင်ဘဲဖြစ်စေ၊ ထိုက်သင့်သည်ထက်ပိုမိုသည့် တံဆိပ်ခေါင်းခွန်နှင့်ဒဏ်ငွေကို မပေးဆောင်ဘဲဖြစ်စေ ယင်းစာချုပ်စာတမ်းကို သက်သေခံချက်အဖြစ် လက်မခံသင့်ကြောင်း ထင်မြင် လျှင် ထိုသို့ထင်မြင်ချက်ကိုမှတ်တမ်းတင်ပြီး ထိုစာချုပ်သည် တံဆိပ်ခေါင်းခွန်မည်မျှ ထိုက်သင့် ကြောင်းကို ဆုံးဖြတ်၍ ထိုစာချုပ်စာတမ်းကို တင်ပြစေရန်လက်ဝယ်ရှိသူ သို့မဟုတ် အခွင့်အာဏာ ရသူကို ဆင့်ဆိုပြီး တင်ပြလာသည့်အခါ၌ သိမ်းယူနိုင်သည်။

(၃) အထက်ပုဒ်မခွဲ (၂)အရ ကြေငြာချက်တစ်စုံတစ်ရာကို မှတ်တမ်းတင်ခဲ့လျှင် ထိုမှတ်တမ်းတင်ခဲ့သည့် ရုံးက ယင်းကြေငြာချက်လက်ခံမိတ္တူတစ်စောင်ကို မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ) ထံ ပေးပို့ရမည့်အပြင် ယင်းကြေငြာချက်နှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းကို သိမ်းယူပြီးလျှင် သို့မဟုတ် ထိုတရားရုံး လက်ဝယ် သို့ အခြားနည်းနှင့်ရောက်ရှိလျှင်၊ ထိုစာချုပ်ကို ယင်းထံပေးပို့ရမည်။

(၄) ဤကဲ့သို့ပေးပို့သည့်အခါတွင် ထိုစာချုပ်စာတမ်းကိုသက်သေခံချက်အဖြစ် လက်ခံရန်ချမှတ်သည့် အမိန့် တွင်သို့မဟုတ် ပုဒ်မ ၄၂ သို့မဟုတ် ပုဒ်မ ၄၃ အရ ပေးအပ်သည့် သက်သေခံလက်မှတ်တစ်စုံတစ်ရာ တွင် မည်သို့ပင်ပါရှိစေကာမူ မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ)က ယင်းစာချုပ်စာတမ်း နှင့်ပတ်သက်၍ တံဆိပ်ခေါင်းအက်ဥပဒေကို ဆန့်ကျင်၍ ပြစ်မှုကျူးလွန်သူမည်သူ့ကိုမဆို  တရားစွဲဆို နိုင်သည်။

သို့ရာတွင် -

(က) အဆိုပါရုံးက ဆုံးဖြတ်သည့်အတိုင်း တံဆိပ်ခေါင်းခွန်ဒဏ်ငွေများနှင့်တကွ ထိုစာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ပုဒ်မ ၃၅ အရ ပေးဆောင်ရမည့်ငွေကို ယင်းထံ ပေးဆောင်သည့်အခါတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ်တော်အရာရှိ)သည် ထိုပြစ်မှုကိုကျူးလွန်ခဲ့ခြင်းမှာ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ကို မပေးဆောင်ရအောင်ရှောင်လွှဲရန် ကြံရွယ်ချက်နှင့် ကျူးလွန်ခဲ့သည်ဟု ထင်မြင်သည့်အခါမှ တစ်ပါးတရားစွဲဆိုခြင်းမရှိစေရ။

(ခ) ထိုသို့တရားစွဲဆိုရန်ကိစ္စမှတစ်ပါး ဤပုဒ်မအရ ထုတ်ပြန်သောကြေငြာချက်သည် စာချုပ်စာတမ်းတစ်စုံတစ်ရာကို သက်သေခံချက်အဖြစ် လက်ခံရန်အမိန့် အခိုင်အမာဖြစ်ခြင်း သို့မဟုတ် ပုဒ်မ ၄၂ အရ ပေးအပ်သည့် သက်သေခံလက်မှတ်တစ်စုံတစ်ရာကို သက်ရောက်ခြင်း မရှိစေရ။

## အခန်း (၇)

## ပြစ်မှုများနှင့် လုပ်ထုံးလုပ်နည်း

ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်မပါသည့်စာချုပ်စာတမ်းအတွက်ပြစ်ဒဏ်

၆၂။ (၁) မည်သူမဆို -

(က) သက်သေအဖြစ်မှတစ်ပါး တောင်းဆိုသည့်အခါ မှတစ်ပါး အခြားနည်းဖြင့် ငွေပေးချေရသောငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ်တစ်စုံတစ်ရာကို ထိုက်သင့်သည့် တံဆိပ်ခေါင်းကပ်နှိပ်ခြင်းမရှိပဲ ရေးသားခြင်း၊ ပြုလုပ်ခြင်း၊ ထုတ်ပေးခြင်း၊ ထပ်ဆင့်လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လွှဲပြောင်းခြင်း သို့မဟုတ် လက်မှတ်ရေးထိုးခြင်းပြုခဲ့လျှင် သို့မဟုတ်၊ ငွေပေးချေရန် သို့မဟုတ် လက်ခံရန် သို့မဟုတ် ငွေပေးချေခြင်းကိုလက်ခံသည့်အခါ သို့မဟုတ် အခြားနည်းလမ်းတစ်စုံတစ်ရာဖြင့် လွှဲပြောင်းသည့်အခါ၊ သို့မဟုတ်၊

(ခ) တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းတစ်စုံတစ်ရာကို ထိုက်သင့်သည့် တံဆိပ်ခေါင်းမပါဘဲ ချုပ်ဆိုလျှင် သို့မဟုတ် သက်သေအဖြစ်မှတစ်ပါး အခြားနည်းဖြင့် လက်မှတ်ရေးထိုးလျှင်၊ သို့မဟုတ်၊

(ဂ) ထိုက်သင့်သည့် တံဆိပ်ခေါင်းမပါသည့် "ကိုယ်စားဆောင်ရွက်ရန်လွှဲအပ်စာ" အရမဲပေးရန် သို့မဟုတ် မဲပေးရန်အတွက် အားထုတ်မှုပြုခဲ့လျှင် ထိုပြစ်မှုအသီးသီးအတွက် ငွေဒဏ်ကျပ်တစ်သိန်း အထိချမှတ်ရမည်။

သို့ရာတွင် စာချုပ်စာတမ်းတစ်စုံတစ်ရာအတွက် ပုဒ်မ ၃၅၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ၆၁ အရ ဒဏ်ကြေးငွေတစ်စုံတစ်ရာ ပေးဆောင်ပြီးဖြစ်လျှင် ဤပုဒ်မအရ နောက်ထပ် စီရင်သည့် ဒဏ်ကြေးငွေ (အကယ်၍ရှိခဲ့လျှင်) ထိုဒဏ်ငွေကို ခုနှိမ်ခွင့်ပြုရမည်။

(၂) ထိုက်သင့်သည့်တံဆိပ်ခေါင်းမပါသည့် အစုရှယ်ယာလက်မှတ်ကိုကုမ္ပဏီကထုတ်ပေးခဲ့လျှင် ထိုထုတ်ပေးခဲ့သည့် ကုမ္ပဏီနှင့်ထိုသို့ထုတ်ပေးခဲ့စဉ်အချိန်၌ အုပ်ချုပ်မှုဒါရိုက်တာလူကြီး သို့မဟုတ် အတွင်းရေးမှူး သို့မဟုတ် ကုမ္ပဏီ၏ အခြားအကြီးအကဲအရာရှိဖြစ်ခဲ့လျှင် ငွေဒဏ် ကျပ်တစ်သိန်းအထိ ချမှတ်ရမည်။

တံဆိပ်ခေါင်းကိုပယ်ဖျက်ရန်ပျက်ကွက်သည့်အတွက်ပြစ်ဒဏ်

၆၃။ ပုဒ်မ ၁၂ အရ ကပ်တံဆိပ်ခေါင်းတစ်ခုကိုပယ်ဖျက်ရမည့် မည်သူမဆို ထိုပုဒ်မတွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ပယ်ဖျက်ရန်ပျက်ကွက်ခဲ့လျှင် ငွေဒဏ် ကျပ်တစ်သိန်း အထိချမှတ်ရမည်။

ပုဒ်မ ၂၇ ပါပြဋ္ဌာန်းချက်များကိုမလိုက်နာပျက်ကွက်သည့်အတွက်ပြစ်ဒဏ်

၆၄။ မည်သူမဆိုအစိုးရကို လိမ်လည်ရန် ရည်ရွယ်၍ -

(က) စာချုပ်စာတမ်းတစ်စုံတစ်ရာကို ချုပ်ဆိုသည့်အခါ၌ ပုဒ်မ ၂၇ အရ လိုအပ်သည့်အကြောင်းအချက် အခြေအနေအရပ်ရပ်ကို စုံလင်စွာနှင့်မှန်ကန်စွာ ဖော်ပြပါရှိရမည်ကိုဖော်ပြခြင်းမရှိပဲ ရေးသားချုပ်ဆိုလျှင်၊ သို့မဟုတ်

(ခ) စာချုပ်စာတမ်းတစ်စုံတစ်ရာကို ပြင်ဆင်ရေးဆွဲရာ၌ ပါဝင်လျှင် သို့မဟုတ် ပတ်သက်လျှင် သို့မဟုတ် ၎င်းစာချုပ်စာတမ်းတွင် အထက်ပါအတိုင်း အကြောင်းအချက်များနှင့် အခြေအနေအရပ်ရပ်ကို စုံလင်စွာနှင့်မှန်ကန်စွာဖော်ပြရန် ပေါ့လျော့ခဲ့လျှင် သို့မဟုတ်ချန်လှပ်ထားခဲ့လျှင်၊ သို့မဟုတ်

(ဂ) ဤအက်ဥပဒေအရ အစိုးရကိုပေးဆောင်ရမည့်အခွန်တစ်စုံတစ်ရာ သို့မဟုတ် ဒဏ်ကြေးကို ဆုံးရှုံးစေနိုင်သည့် အခြားပြုလုပ်မှုတစ်စုံတစ်ရာကို ပြုလုပ်လျှင်-

ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။

**ပြေစာပေးရန် ငြင်းဆန်ခြင်းနှင့်ပြေစာအပေါ် ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို လွှဲရှောင်ခြင်းအတွက်ပြစ်ဒဏ်**

၆၅။ မည်သူမဆို -

(က) ပုဒ်မ ၃၀ အရ ပြေစာပေးရန်လိုအပ်သူက ပြေစာပေးရန်ငြင်းဆန်လျှင် သို့မဟုတ် ပေးရန်အလားတူ ပျက်ကွက်လျှင်၊ သို့မဟုတ်

(ခ) အခွန်တစ်စုံတစ်ရာနှင့်စပ်လျဥ်း၍ အစိုးရကိုလိမ်လည်ရန် ရည်ရွယ်ချက်ဖြင့် ကျပ်ငါးထောင်ထက် ပိုသည့် ငွေကိုပေးချေရာတွင်ဖြစ်စေ၊ ကျပ်ငါးထောင်ထက်ပို၍ အဖိုးထိုက်တန် သည့်ပစ္စည်းကိုပေးအပ်ရာတွင် ဖြစ်စေ၊ ကျပ်ငါးထောင် ထက်မပိုသည့် တန်ဖိုးပမာဏအတွက်ပြေစာကို ပေးလျှင်ဖြစ်စေ၊ ပေးချေသည့် သို့မဟုတ် ပေးအပ်သည့်ငွေ သို့မဟုတ် ပစ္စည်းကိုခွဲခြမ်းစိတ်ဖြာ၍ ပေးအပ်လျှင် သို့မဟုတ် လွှဲအပ်လျှင် ထိုသူအား ငွေဒဏ် ကျပ်နှစ်သောင်း အထိချမှတ်ရမည်။

**အာမခံပေါ်လစီကိုနည်းလမ်းအတိုင်း မဆောင်ရွက်ခြင်း သို့မဟုတ် ထိုက်သင့်သည့်တံဆိပ်ခေါင်းမကပ်သည့်အတွက်ပြစ်ဒဏ်**

၆၆။ မည်သူမဆို -

(က) အာမခံကြေးတစ်စုံတစ်ရာ သို့မဟုတ် အာမခံပဋိညာဥ်တစ်စုံတစ်ရာအတွက် အဖိုးစားနား သို့မဟုတ် ယင်းတို့၏အမြတ်ငွေကို လက်ခံရယူပြီး နောက်တစ်လအတွင်း ထိုအာမခံကြေး သို့မဟုတ် အဖိုးစားနားအတွက် ထိုက်သင့်သောတံဆိပ်ခေါင်းပါသည့် အာမခံပေါ်လစီကို ချုပ်ဆိုခြင်းမရှိလျှင်၊ သို့မဟုတ်

(ခ) ထိုက်သင့်သည့် တံဆိပ်ခေါင်းမပါသော အာမခံပေါ်လစီတစ်စုံတစ်ရာကို ရေးသား၊ ချုပ်ဆို သို့မဟုတ် ထုတ်ပေးသည့်အခါ ယင်းပေါ်လစီနှင့်စပ်လျဥ်း၍ ငွေပေးအပ်ခြင်း သို့မဟုတ် စာရင်းတွင် ငွေပေးသွင်းခြင်း သို့မဟုတ် ထိုသို့ပေးအပ်ရန် သို့မဟုတ် စာရင်းသွင်းရန် သဘောတူညီလျှင် ထိုသူကိုငွေဒဏ် ကျပ်လေးသောင်းအထိချမှတ်ရမည်။

**စောင်ရေပြည့်အောင်ရေးသားခြင်းမရှိသည့် ငွေလွှဲလက်မှတ်သို့မဟုတ် ရေကြောင်းအာမခံပေါ်လစီများအတွက်ပြစ်ဒဏ်**

၆၇။ မည်သူမဆို (တောင်းဆိုသည့်အခါ မှတစ်ပါး အခြားနည်းဖြင့် ငွေပေးချေရသော) ငွေလွှဲလက်မှတ်၊ သို့မဟုတ် ပင်လယ်ရေကြောင်းဆိုင်ရာ အာမခံပေါ်လစီကိုရေးသားခြင်း သို့မဟုတ် ချုပ်ဆိုခြင်းပြုရာတွင်စာချုပ်နှစ်စောင် သို့မဟုတ် ထို့ထက်ပို၍ ချုပ်ဆိုရမည့်သဘောသက်ရောက်သော်လည်း ထိုက်သင့်သည့်တံဆိပ်ခေါင်းပါသော ယင်းငွေလွှဲလက်မှတ် သို့မဟုတ် အာမခံပေါ်လစီအတိုင်း စောင်ရေပြည့်မီ အောင်ချုပ်ဆိုခြင်းမပြုလျှင်ထိုသူကိုငွေဒဏ်ကျပ်နှစ်သိန်းအထိ ချမှတ်ရမည်။

**ကြိုတင်နေ့စွဲရေးထားသည့် ငွေလွှဲလက်မှတ်နှင့်အခွန်ကိုရှောင်လွှဲသည့်အခြားနည်းလမ်းများအတွက်ပြစ်ဒဏ်**

၆၈။ မည်သူမဆို-

(က) အစိုးရအခွန်ငွေကိုရှောင်လွှဲရန်အကြံဖြင့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ် တစ်စုံတစ်ရာကို ရေးသား၊ ပြုလုပ် သို့မဟုတ် ထုတ်ပေးသည့်အခါတွင် အမှန်တကယ်ရေးသား သို့မဟုတ် ပြုလုပ်သည့် နေ့စွဲကိုမထည့်ပဲ နောက်လာမည့် နေ့ရက်ကိုထည့်လျှင် သို့မဟုတ်

(ခ) ထိုကဲ့သို့သော ငွေလွှဲလက်မှတ် သို့မဟုတ် ကတိစာချုပ်တွင် ကြိုတင်နေ့စွဲတပ်ထား ပြီးဟုသိလျှက်နှင့် ထိုငွေလွှဲလက်မှတ်သို့မဟုတ် ငွေပေးကတိစာချုပ်ကိုလက်ခံရန် သို့မဟုတ်ငွေပေးချေရန်အတွက် ထပ်ဆင့်လက်မှတ်ရေးထိုးခြင်း၊ လွှဲပြောင်းခြင်းပြုသခြင်းကိုပြုလုပ်လျှင် သို့မဟုတ် ယင်းတစ်ရပ်ရပ်ကို လက်ခံခြင်း၊ ငွေပေးချေခြင်း၊ သို့မဟုတ် ငွေပေးချေသည် ကိုရယူခြင်းပြုလုပ်လျှင် သို့မဟုတ် အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းပေးလျှင်၊ သို့မဟုတ်

(ဂ) အလားတူအကြံဖြင့် ဆောင်ရွက်လျှင် သို့မဟုတ် ဤအက်ဥပဒေ သို့မဟုတ် တည်ဆဲအခြားဥပဒေတစ်စုံတစ်ရာဖြင့် သီးခြားပြဋ္ဌာန်းမထားသော ဆောင်ရွက်မှု၊ ဖန်တီးမှု သို့မဟုတ် နည်းလမ်းတစ်ခုခုတွင် ပါဝင်ပတ်သက်လျှင် ထိုသူကို ငွေဒဏ်ကျပ်နှစ်သိန်းအထိ ချမှတ်ရမည်။

တံဆိပ်ခေါင်းရောင်းချခြင်းနှင့်သက်ဆိုင်သည့်နည်းဥပဒေများကိုဖောက်ဖျက်ခြင်းနှင့်အခွင့်အာဏာမရှိဘဲတံဆိပ်ခေါင်းရောင်းချခြင်းအတွက်ပြစ်ဒဏ်

၆၉။ (က) တံဆိပ်ခေါင်းရောင်းချရန် ခန့်ထားခံရသူ မည်သူမဆို ပုဒ်မ ၇၄ အရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေတစ်စုံတစ်ရာကိုမလိုက်နာလျှင်၊ ထို့ပြင်

(ခ) မည်သူမဆိုခန့်ထားခြင်းမခံရဘဲ ကျပ်တစ်ဆယ်တန်ကပ်တံဆိပ်ခေါင်းမှအပ အခြားတံဆိပ်ခေါင်းတစ်စုံတစ်ရာကိုရောင်းချလျှင်၊ သို့မဟုတ် ရောင်းချရန်ကမ်းလှမ်းလျှင်၊

(ဂ) တံဆိပ်ခေါင်းတစ်စုံတစ်ရာကိုတရားမဝင်လက်ဝယ်ထားလျှင် ထိုသူကို ထောင်ဒဏ်ခြောက်လအထိ သို့မဟုတ် ငွေဒဏ်ကျပ်တစ်သိန်းအထိ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံးချမှတ်ရမည်။

ပြစ်မှုကြောင်းအရတရားစွဲဆိုခြင်း

၇၀။ (၁) ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်နိုင်သည့် ပြစ်မှုတစ်စုံတစ်ရာကို မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)၏ အခွင့်အာဏာမပါရှိပဲ သို့မဟုတ် ဤကိစ္စအတွက် ပြည်ထောင်စုအစိုးရသဘောတူညီချက်ဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ခန့်ထားသည့်အရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ သီးခြားအခွင့်အာဏာအပ်နှင်းခံရသည့် အရာရှိတစ်ဦးဦး သို့မဟုတ် အထူးသဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)၏ ခွင့်ပြုချက်မရှိဘဲ တရားစွဲဆိုခြင်း မရှိစေရ။

(၂) ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဤကိစ္စအလို့ငှာယေဘုယျ သို့မဟုတ် သီးခြားကိစ္စရပ်အနေဖြင့် အခွင့်အာဏာအပ်နှင်းခံရသည့် အရာရှိတစ်ဦးဦးသည် ပြစ်မှုကြောင်းအရ စွဲဆိုသည့် အမှုကိုရပ်ဆိုင်းခွင့် သို့မဟုတ် ကျေအေးခွင့်ရှိသည်။

(၃) ကျေးအေးခဲ့သည့်ငွေပမာဏကို ပုဒ်မ၄၈တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ပြန်လည်ရယူရမည်။

ပြစ်မှုဆိုင်ရာတရားသူကြီးများ၏စီရင်ပိုင်ခွင့်

၇၁။ ဒုတိယတန်းအာဏာရ ပြစ်မှုဆိုင်ရာတရားသူကြီးရရှိသည့် အခွင့်အာဏာအောက်မလျော့သည့် အခွင့်အာဏာရရှိသည့် ပြစ်မှုဆိုင်ရာတရားသူကြီးများမှတစ်ပါး အခြားမည်သည့် ပြစ်မှုဆိုင်ရာ တရားသူကြီးကမျှ ဤအက်ဥပဒေအရ ပြစ်မှုတစ်စုံတစ်ရာကို စစ်ဆေးခွင့်မရှိစေရ။

စစ်ဆေးရမည့်နေရာ

၇၂။ စာချုပ်စာတမ်းတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ ကျူးလွန်သည့်ပြစ်မှုကို ယင်းစာချုပ်စာတမ်းတွေ့ရှိသည့် မည်သည့်ခရိုင်၌ဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရစစ်ဆေးခွင့်ရသည့် ခရိုင်တစ်စုံတစ်ရာအတွင်း၌ဖြစ်စေ တည်ဆဲဥပဒေအရ စစ်ဆေးနိုင်သည်။

## အခန်း (၈)

## နောက်ဆက်တွဲပြဋ္ဌာန်းချက်များ

**စာအုပ်စသည့်များကိုစစ်ဆေးကြည့်ရှုခွင့်**

၇၃။ မှတ်ပုံတင်စာရင်းစာအုပ်များမှစာအုပ်များ၊ မှတ်တမ်းများ၊ အမှုတွဲစက္ကူများနှင့် စာချုပ်စာတမ်း အမှတ်အသားများ သို့မဟုတ် အမှုတွဲများကိုထိမ်းသိမ်းကြည့်ရှုရသည့် အများပြည်သူတို့ဆိုင်ရာ အရာရှိအရပ်ရပ်မှာ ယင်းတို့ကိုကြည့်ရှုစေခြင်းဖြင့် အခွန်တစ်ရပ်ရပ် ရရန်သော်လည်းကောင်း၊ အခွန်တစ်ရပ်ရပ်နှင့်စပ်လျဥ်း၍ လိမ်လည်လှည့်ဖြားခြင်း သို့မဟုတ် ထိန်ချန်ခြင်းတစ်စုံ တစ်ရာပေါ်ပေါက်တွေ့ရှိရန်သော်လည်းကောင်း ရှိမည်ဖြစ်လျှင် သင့်လျော်သည့် အချိန်များတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)က စာရေးသား၍ အခွင့်အာဏာအပ်နှင်းသူ မည်သူသို့မဆို ယင်းမှတ်ပုံတင်စာရင်းစာအုပ်များ၊ စာအုပ်များ၊ မှတ်တမ်းများ၊ အမှုတွဲစက္ကူများ၊ စာချုပ်စာတမ်းအမှတ်အသားများ သို့မဟုတ် အမှုတွဲများကို ဆိုခဲ့သည့်ကိစ္စအလို့ငှာ အဖိုးအခမရှိဘဲ ကြည့်ရှုရန် သင့်မည်ထင်မြင်ရာ မှတ်ချက်ထုတ်နှုတ်ချက်များကို ရေးကူးရန် ခွင့်ပြုရမည်။

**တံဆိပ်ခေါင်းရောင်းချခြင်းနှင့်ဆိုင်သည့်နည်းဥပဒေများကိုပြဋ္ဌာန်းနိုင်ခွင့်**

၇၄။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များအတွက် စည်းမျဥ်း သတ်မှတ်ရန် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်သည် -

(က) တံဆိပ်ခေါင်းများနှင့် တံဆိပ်ခေါင်းစက္ကူများ ထုတ်ပေးခြင်းနှင့် ရောင်းချခြင်း၊

(ခ) တံဆိပ်ခေါင်းများရောင်းချနိုင်ခွင့်ရှိသူများ၊

(ဂ) ယင်းတို့၏ဆောင်ရွက်ရန် တာဝန်များနှင့် ရထိုက်သည့်အခကြေးငွေများ။

သို့သော်လည်း အဆိုပါ နည်းဥပဒေများအရ ကျပ်တစ်ဆယ်တန် ကပ်တံဆိပ်ခေါင်းရောင်းချခြင်းကို စည်းမျဥ်း ကန့်သတ်မှုမဖြစ်စေရ။

**အက်ဥပဒေကို ကျင့်သုံးဆောင်ရွက်ရန်ယေဘုယျအားဖြင့်နည်းဥပဒေများပြဋ္ဌာန်းနိုင်ခွင့်**

၇၅။ ဤအက်ဥပဒေ၏ ရည်ရွယ်ချက်များကို ယေဘုယျအားဖြင့် ကျင့်သုံးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည့်အပြင် ယင်းနည်းဥပဒေများကို ကျူးလွန်သည့်အခါ ကျပ်ငါးသိန်းထက်မပိုသည့်ငွေဒဏ်ကို ချမှတ်နိုင်ရန် ထိုနည်းဥပဒေများဖြင့် ပြဋ္ဌာန်းသတ်မှတ်နိုင်သည်။

**နည်းဥပဒေများကိုထုတ်ပြန်ခြင်း**

၇၆။ (၁) ဤအက်ဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများအားလုံးကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြေညာရမည်။

(၂) ဤပုဒ်မအရလိုအပ်၍ ထုတ်ပြန်သည့် နည်းဥပဒေ အားလုံးသည်ကြေညာသည့် အချိန်မှစ၍ ဤအက် ဥပဒေအရ ထုတ်ပြန်သည့် ဥပဒေကဲ့သို့ အကျိုးသက်ရောက်စေရမည်။

**အချို့အာဏာများကိုလွှဲအပ်ခြင်း**

၇၆ က ။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်တမ်းတွင် အမိန့်ကြော်ငြာစာ ထည့်သွင်းကြေညာ၍ -

(က) ပုဒ်မ ၂(၉)၊ ၃၃(၃) (ခ)၊ ၇၀ (၁)၊ ၇၄ နှင့် ၇၈ တို့အရ အပ်နှင်းသည့်အခွင့်အာဏာ အားလုံးကို သို့မဟုတ် တစ်စုံတစ်ရာကို ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲအပ်နိုင်သည်။

(ခ) ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၄၅ (၁) (၂)၊ ၅၆(၁) နှင့် ၇၀(၂)တို့အရ ယင်းအားအပ်နှင်းသည့်အခွင့်အာဏာအားလုံးကို သို့မဟုတ် တစ်စုံတစ်ရာကို လက်အောက်အခွန် အရာရှိတစ်ဦးဦးသို့ အမိန့်ကြော်ငြာစာဖြင့် လွှဲအပ်နိုင်သည်။

ရုံးခွန်များနှင့်စပ်လျဉ်းသည့်သက်သာခွင့်

၇၇။ ဤအက်ဥပဒေပါ မည်သည့်အချက်မျှရုံးခွန်နှင့် သက်ဆိုင်cxzသာ တည်ဆဲဥပဒေအရ ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်များ အပေါ်အကျိုးသက်ရောက်သည်ဟု မှတ်ယူခြင်းမရှိစေရ။

၇၈။ ပယ်ဖျက်ထားသည်။

၇၉။ ၁၉၁၄ ခုနှစ် အက်ဥပဒေနံပါတ် ၁၀ အရရုပ်သိမ်းသည်။

ဇယား(၁)

**စာချုပ်စာတမ်းများအတွက် တံဆိပ်ခေါင်းခွန်**

**(ပုဒ်မ ၃ ကို ကြည့်ပါ)**

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **၁။ ကြွေးမြီဝန်ခံချက်**။ ထိုခံဝန်ချက် မှာငွေပမာဏ သို့မဟုတ် တန်ဖိုး ငွေကျပ်၂၀၀၀ထက်ပိုသော ကြွေးမြီပေးဆပ်ရန်ရှိကြောင်း သက်သေခံ ဖြစ်စေရန် မြီစားကသော်လည်းကောင်း မြီစားအတွက် သော်လည်း ကောင်း (ဘဏ်လုပ်ငန်းရှင်၏ ငွေမှတ်စာအုပ်မှအပ) အခြားစာအုပ် တစ်ခုခုတွင် ဖြစ်စေ၊ သီးခြားစာရွက်တစ်ခုပေါ်တွင် ဖြစ်စေ ရေးသား ပြီးလျှင် သို့မဟုတ် လက်မှတ်ရေးထိုးပြီးလျှင် ထို စာအုပ်ကို သို့မဟုတ် ထိုစာရွက်ကို မြီရှင်၏လက်တွင် ပေးအပ်ထားသည့်ကိစ္စတွင် အဆိုပါ ကြွေးမြီအတွက် ဝန်ခံချက်ဖြစ်ရမည်။ သို့ရာတွင် ထိုဝန်ခံချက်တွင် ကြွေးမြီပေးဆပ်ရန် ကတိပြုချက်တစ်ခုခုသော်လည်းကောင်း အတိုး ပေးရန် သို့မဟုတ် ကုန်စည်ကိုဖြစ်စေ၊ အခြားပစ္စည်းတစ်ခုခုကို ဖြစ်စေပေးအပ်ရန် စည်းကမ်းချက်တစ်ခုခုသော်လည်းကောင်း မပါရှိ စေရ။ | - ကျပ် ၅၀ |
| | **၂။ အမွေထိန်းခံဝန်ချုပ်။** ၎င်းတွင် အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၉၁၊ ပုဒ်မ ၃၇၅ သို့မဟုတ် ၃၇၆ အရ ပေးသော ခံဝန်ချုပ်လည်း ပါဝင်သည်။ | |
| | (က) ငွေပေါင်း ကျပ် ၁၀၀,၀၀၀ (၁သိန်း)ထက် မပိုလျှင် | အဆိုပါ ငွေပမာဏ အ တွက် ခံဝန်ချုပ် အမှတ် စဉ် (၁၅)ပါ တံဆိပ်ခေါင်း ခွန်အတိုင်း ဖြစ်သည်။ |
| | (ခ) အခြားကိစ္စရပ်တစ်ခုခုဖြစ်လျှင်။ | - ကျပ် ၂,၀၀၀ |
| | **၃။ မွေးစားစာချုပ်။** ဆိုလိုရင်းမှာ မွေးစားခြင်းကို မှတ်တမ်းတင်သည့် သို့မဟုတ် မွေးစားရန် အာဏာအပ်နှင်းသည့် သို့မဟုတ် အပ်နှင်း သော သဘောသက်ရောက်သည့် (သေတမ်းစာမှအပ) အခြားစာချုပ် စာတမ်းတစ်ခုခု။ တရားလွှတ်တော်ရှေ့နေ။ တရားလွှတ်တော် ရှေ့နေ အဖြစ် ရေးသွင်းချက်စာတမ်း (အမှတ်စဉ်၃၀)ကိုကြည့်ပါ။ | -ကျပ် ၁၅၀ |
| | **၄။ ကျမ်းကျိန်လွှာ။** ၎င်းတွင် ကျမ်းကျိန်မည့်အစား ကတိသစ္စာပြုရန် သို့မဟုတ် ကြေညာရန် တရားဥပဒေအရ ခွင့်ပြုထားသူများဖြစ်လျှင် ကတိသစ္စာပြုချက် သို့မဟုတ် ကြေညာချက် ပါဝင်သည်။<br>**ကင်းလွတ်ခွင့်များ**<br>အောက်ပါအတိုင်း ပြုလုပ်သည့် ကျမ်းကျိန်လွှာ သို့မဟုတ် စာဖြင့် ရေးသားထားသော ကြေညာချက် -<br>(က) ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေအရ အမည်စာရင်း သွင်းရန် စည်းကမ်းချက်အဖြစ်ဖြင့် ပြုလုပ်ခြင်း၊<br>(ခ)တရားရုံးတစ်ခုခုတွင်ဖြစ်စေ၊တရားရုံး တစ်ခုခု၏အရာရှိရှေ့တွင် ဖြစ်စေ ချက်ချင်းတင်သွင်းရန် သို့မဟုတ် အသုံးပြုရန်ကိစ္စ အတွက် ပြုလုပ်ခြင်း၊<br>(ဂ)ပင်ရှင်လစာငွေကိုဖြစ်စေ၊အလှူငွေကိုဖြစ်စေ၊ တစ်ဦးတစ်ယောက် သောသူအား ရရှိနိုင်စေလိုသည့်ကိစ္စအတွက် ဥပဒေနှင့်အညီ ဆောင် ရွက်စေနိုင်သော ရည်ရွယ်ချက်သက်သက်ဖြင့် ပြုလုပ်ခြင်း။ | -ကျပ် ၁၅၀ |

*၂၀၁၄ ခုနှစ် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ အစားထိုးပြင်ဆင်သည်။

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **၅။ သဘောတူစာချုပ် သို့မဟုတ် သဘောတူညီ ချက်မှတ်တမ်း -** | |
| | (က)ငွေလွှဲလက်မှတ်ရောင်းချခြင်းနှင့်သက်ဆိုင်လျှင်၊ | - ကျပ် ၅၀ |
| | (ခ)အစိုးရငွေချေးသက်သေခံ လက်မှတ်ကို ဖြစ်စေ၊ တရားဥပဒေအရ ဖွဲ့စည်းထားသော ကုမ္ပဏီ သို့မဟုတ် အခြားတရားဝင် အဖွဲ့အစည်းတွင် ပါဝင်သည့် အစုရှယ်ယာကို ဖြစ်စေ ရောင်းချခြင်းနှင့် သက်ဆိုင်လျှင်၊ | -ငွေချေးသက်သေခံလက်မှတ် သို့မဟုတ် အစုရှယ်ယာတန်ဖိုး ကျပ် ၁၀၀,၀၀၀ (၁သိန်း)အတွက် ဖြစ်စေ၊ ၎င်း၏ အစိတ်အပိုင်းအတွက် ဖြစ်စေ ကျပ် ၂၅။<br>သို့ရာတွင် အများဆုံး ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်မှာ ကျပ် ၁၀,၀၀၀ ဖြစ်သည်။ |
| | (ဂ) ဖက်စပ်သဘောတူစာချုပ်၊ ထုတ်လုပ်ခြင်း သို့မဟုတ် အကျိုးအမြတ် ခွဲဝေခြင်း ပဋိညာဉ်စာချုပ်၊ ဆောက်လုပ်ရေး သဘောတူစာချုပ် သို့မဟုတ် အလားတူ သဘောတူစာချုပ် သို့မဟုတ် ပဋိညာဉ်စာချုပ် နှင့် သက်ဆိုင်လျှင်၊ | - ထိုငွေပမာဏ သို့မဟုတ် တန်ဖိုးအပေါ် ၁ %။<br>သို့ရာတွင် အများဆုံးထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် ၁ သိန်းခွဲ ဖြစ်စေရမည်။ |
| | (ဃ) အခြားနည်းဖြင့် ပြဋ္ဌာန်းမထားသည့် သဘောတူစာချုပ်ဖြစ်လျှင် -<br>**ကင်းလွတ်ခွင့်များ**<br>အောက်ပါသဘောတူစာချုပ် သို့မဟုတ် သဘောတူညီချက်မှတ်တမ်း များအတွက် တံဆိပ်ခေါင်းခွန်မထိုက်သင့်စေရ -<br>(က) အမှတ်စဉ် ၄၃ အရ ထိုက်သင့်သည့် **အမှာစာတမ်း** သို့မဟုတ် **သဘောတူညီချက်မှတ်တမ်း** မဟုတ်သော စာချုပ်စာတမ်းများဖြစ်သည့် ကုန်စည်များ သို့မဟုတ် ရောင်းဝယ်ကုန်စည်များ ရောင်းချရန်အတွက် သာပြုလုပ်သည့် သို့မဟုတ် ရောင်းချခြင်းနှင့်သာသက်ဆိုင်သည့် သဘောတူစာချုပ် သို့မဟုတ် သဘောတူညီချက်မှတ်တမ်း။<br>(ခ) ချေးငွေတစ်ခုခုအတွက်ဖြစ်စေ၊ ချေးငွေတစ်ခုခုနှင့်စပ်လျဉ်း၍ ဖြစ်စေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ထံ တင်သွင်းသော တင်ဒါအဖြစ်ဖြင့် ပြုလုပ်သည့် သဘောတူစာချုပ် သို့မဟုတ် သဘောတူညီချက်မှတ်တမ်း။<br>(ဂ) မြေသိမ်းအက်ဥပဒေအရ ပြုလုပ်သည့် သဘောတူစာချုပ် သို့မဟုတ် သဘောတူညီချက်မှတ်တမ်း။ **အငှားချထားရန် သဘောတူစာချုပ်။** (အမှတ်စဉ် ၃၅ ကိုကြည့်ပါ။) | ကျပ် ၃၀၀ |
| | **၆။ ပိုင်ဆိုင်ကြောင်းပြသည့်စာချုပ် စာတမ်းများတင်သွင်းခြင်းနှင့် ပေါင်နှံခြင်းဆိုင်ရာသဘောတူစာချုပ်။** ဆိုလိုရင်းမှာ အောက်ပါတို့နှင့်စပ်လျဉ်းသည့် သဘောတူညီချက်သက်သေခံ စာချုပ်စာတမ်း တစ်ခုခု - | |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | (၁)ရောင်းတန်းဝင်ငွေချေးသက်သေခံလက်မှတ်မှအပ အခြားမည်သည့်ပစ္စည်းကိုမဆို ပိုင်ဆိုင်ကြောင်းသက်သေခံအဖြစ် ချုပ်ဆိုသည့် သို့မဟုတ် ပိုင်ဆိုင်ကြောင်း သက်သေခံဖြစ်သည့် စာချုပ်စာတမ်းများ တင်သွင်းခြင်း (သို့မဟုတ် ) | |
| | (၂)**ရွှေ့ပြောင်းနိုင်သောပစ္စည်း ပေါင်နှံခြင်း။** ချေးငွေအဖြစ်ဖြင့်ဖြစ်စေ၊ တင်ရှိဆဲ သို့မဟုတ် နောင်အခါတင်ရှိ မည့်ကြွေးမြီအဖြစ်ဖြင့်ဖြစ်စေ၊ ထုတ်ပေးသည့် သို့မဟုတ် ထုတ်ပေးရန်ရှိသည့်ငွေကို ပြန်ဆပ်ရန် အာမခံသည့်အနေဖြင့် ထိုသို့တင်သွင်းခြင်း သို့မဟုတ် ပေါင်နှံခြင်း ပြုသည့်ကိစ္စတွင် - | |
| | (က) အဆိုပါချေးငွေ သို့မဟုတ် ကြွေးမြီကို တောင်းဆိုသောအခါဖြစ်စေ၊ သဘောတူညီချက်သက်သေခံစာချုပ်စာတမ်း ချုပ်ဆိုသည့်နေ့မှ သုံးလကျော်လွန်သည့်အခါဖြစ်စေ ပြန်ဆပ်ရမည်ဖြစ်လျှင်။ | -အာမခံပေးထားသည့်ငွေအတွက် တံဆိပ်ခွန်မှာ ငွေပေးအမိန့်လက်မှတ် [အမှတ်စဉ် ၁၃(က)] ပါ တံဆိပ်ခေါင်းခွန်အတိုင်းဖြစ်သည်။ |
| | (ခ) အဆိုပါ ချေးငွေ သို့မဟုတ် ကြွေးမြီကို အဆိုပါ စာချုပ်စာတမ်း ချုပ်ဆိုသည့်နေ့မှ သုံးလမကျော်လွန်မီ ပြန်ဆပ်ရမည်ဖြစ် လျှင်။ | -အာမခံပေးထားသည့်ငွေအတွက် တံဆိပ်ခွန်မှာ ငွေပေးအမိန့်လက်မှတ် [အမှတ်စဉ် ၁၃(က)] ပါ တံဆိပ်ခေါင်းခွန်၏ ထက်ဝက်။ |
| | **ကင်းလွတ်ခွင့်**<br>အသိသက်သေလက်မှတ် မရေးထိုးဘဲ ချုပ်ဆိုသည့် ကုန်စည်ပေါင်နှံခြင်းစာချုပ်စာတမ်း။ | |
| | **၇။ အခွင့်အာဏာလွှဲအပ်ချက်အရ ဆောင်ရွက်ရန်ခန့်အပ်သည့်စာတမ်း။** ၎င်းကိုသေတမ်းစာမဟုတ် သောရေးသားချက်တစ်ခုခုဖြင့် - | |
| | (က) ယုံမှတ်အပ်နှံခံရသူများကို ခန့်အပ်ရန်ပြုလုပ်လျှင်၊ | - ကျပ် ၁,၅၀၀ |
| | (ခ) ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သောပစ္စည်းအတွက် ဆောင်ရွက်ရန် ခန့်အပ်သည့်စာတမ်းပြုလုပ်လျှင်။ | - ကျပ် ၃,၀၀၀ |
| | **၈။ ရာဖြတ်စာတမ်း သို့မဟုတ် တန်ဖိုးဖြတ် ချက်စာတမ်း။** တရားမမှုစစ်ဆေးနေစဉ်အတောအတွင်း တရားရုံး၏အမိန့်အရ အခြားနည်းဖြင့် ပြုလုပ်သည့်ထိုစာတမ်းမှာ - | |
| | (က) ငွေပေါင်း ကျပ် ၁ သိန်း ထက်မပိုလျှင် | အဆိုပါငွေအတွက် ခံဝန်ချုပ် (အမှတ်စဉ်၁၅)ပါ တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ |
| | (ခ)အခြားကိစ္စရပ်တစ်ခုခုဖြစ်လျှင် | - ကျပ် ၂,၀၀၀ |
| | **ကင်းလွတ်ခွင့်များ**<br>(က) သဘောတူညီချက်အရဖြစ်စေ၊ တရားဥပဒေအရဖြစ်စေ တစ်ဖက်နှင့်တစ်ဖက် မည်သို့မျှတာဝန်မရှိစေဘဲ တစ်ဖက်တည်း သိသာရန်ပြုသည့် ရာဖြတ်စာတမ်း သို့မဟုတ် တန်ဖိုးဖြတ်ချက် စာတမ်း။ | |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | (ခ) ကောက်ပဲသီးနှံများကိုမြေရှင်အား ငှားရမ်းခအဖြစ် မည်၍ မည်မျှပေးရမည်ကိုအမှန်သိအောင်ပြုရန်ကိစ္စအတွက်ရာဖြတ်စာတမ်း။ | |
| | **၉။ အလုပ်သင်စာချုပ်။** ၎င်းတွင် အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းမှု၊ ကုန်သွယ်မှုပညာ သို့မဟုတ် အလုပ်လုပ်ကိုင်မှု တစ်ခုခုတတ်မြောက်အောင် သင်ကြားရန် ဆရာတစ်ဦးဦးထံအပ်နှံ ထားသည့် အလုပ်သင်စာရေး သို့မဟုတ် တပည့်လက်သားတစ်ဦးဦး၏ အမှုထမ်းရွက်ခြင်းနှင့် သော်လည်းကောင်း၊ ပညာသင်ကြားခြင်းနှင့် သော်လည်းကောင်း သက်ဆိုင်သော အမှတ်စဉ် ၁၁ အရ စည်းမျဉ်းများ မဟုတ်သည့် ရေးသားချက်အသီးသီးပါဝင်သည်။<br>**ကင်းလွတ်ခွင့်**<br>အများပြည်သူ၏အလှူငွေဖြင့် သို့မဟုတ် အများပြည်သူ၏ အလှူငွေထဲမှ အကုန်ကျခံ၍ တစ်ဦးတစ်ယောက်အား အလုပ်သင်ခန့်ထားသည့် အလုပ်သင်စာချုပ်စာတမ်းများ။ | - ကျပ် ၁၅၀ |
| | **၁၀။ ကုမ္ပဏီ၏ သင်းဖွဲ့စည်း မျဉ်းများ -** | |
| | (က)ကုမ္ပဏီမှာ အစုရှယ်ယာမတည်ငွေရင်း မရှိလျှင် သို့မဟုတ် အမည်ခံ အစုရှယ်ယာမတည်ငွေရင်းမှာ ကျပ် ၁၀၀,၀၀၀,၀၀၀ (၁,၀၀၀သိန်း) ထက်မပိုလျှင်၊ | - ကျပ် ၅၀,၀၀၀ |
| | (ခ)အမည်ခံ အစုရှယ်ယာ မတည် ငွေရင်းမှာ ကျပ် ၁၀၀,၀၀၀,၀၀၀ (၁,၀၀၀သိန်း) ထက်ပိုလျှင်၊<br>**ကင်းလွတ်ခွင့်**<br>မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၆ အရ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ဘဲ ဖွဲ့စည်း ၍ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့တစ်ခုခု၏ သင်းဖွဲ့စည်းမျဉ်းများ။ **ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း** ( အမှတ်စဉ် ၃၉ )ကိုလည်းကြည့် ပါ။ | - ကျပ် ၁၅၀,၀၀၀ |
| | **၁၁။ ရှေ့နေအလုပ်သင်စည်းမျဉ်းများ** သို့မဟုတ် တရားလွှတ်တော်ချုပ်၏ တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်ရရှိစေရေးအတွက် တရားလွှတ်တော်ရှေ့နေ အလုပ်သင်အဖြစ် ဆောင်ရွက်ရန် ပုဂ္ဂိုလ်တစ်ဦးဦးက ရေးဦးစွာချုပ်ဆိုသည့် ပဋိညာဉ်စာချုပ်။<br>**လွှဲအပ်သည့်စာချုပ်စာတမ်း။** ပစ္စည်းလွှဲပြောင်းခြင်းစာချုပ် (အမှတ်စဉ် ၂၃)။ အလွှဲပြောင်းစာ ချုပ် (အမှတ်စဉ် ၆၂) နှင့်အငှားစာချုပ်အလွှဲအပြောင်းစာတမ်း(အမှတ်စဉ် ၆၃) တို့၌ ဆိုင်ရာကိုကြည့်ပါ။<br>**ကိုယ်စားလှယ်စာ။**ကိုယ်စားလှယ်လွှဲစာ (အမှတ်စဉ် ၄၈ ) ကိုကြည့်ပါ။<br>**မွေးစားရန်ခွင့်ပြုစာ။** မွေးစား စာချုပ်(အမှတ်စဉ် ၃) ကိုကြည့်ပါ။ | - ကျပ် ၁,၅၀၀ |

<table>
<tr><th>စဉ်</th><th>စာချုပ်စာတမ်းအမျိုးအစား</th><th colspan="3">ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်</th></tr>
<tr><td></td><td>၁၂။ အနုညာတခုံသမာဓိ စီရင်ဆုံးဖြတ်ချက်။ ဆိုလိုရင်းမှာ တရားမမှုစစ်ဆေးနေစဉ် အတွင်းတရားရုံးက ချမှတ်သည့်အမိန့် ဆုံးဖြတ်ချက်မှအပ အခြားနည်းဖြင့် လွှဲအပ်သည့် အမှုအပေါ်တွင် အနုညာတခုံသမာဓိလူကြီးက သော်လည်းကောင်း၊ ခုံနာယက လူကြီးကသော်လည်းကောင်း ပစ္စည်းခွဲဝေရန် ညွှန်ကြားသည့် အနုညာတခုံသမာဓိစီရင် ဆုံးဖြတ်ချက်မဟုတ်ဘဲ စာဖြင့်ရေးသားချမှတ်သည့် အနုညာတခုံသမာဓိစီရင် ဆုံးဖြတ်ချက်တစ်ခုခု။</td><td colspan="3"></td></tr>
<tr><td></td><td>(က)အဆိုပါ ဆုံးဖြတ်ချက်နှင့်သက်ဆိုင်သည့်ပစ္စည်း၏ သင့်ငွေ သို့မဟုတ် တန်ဖိုးမှာ ထိုဆုံးဖြတ်ချက်တွင် ဖော်ပြထားသည့် အတိုင်း ကျပ် ၁၀၀,၀၀၀ (၁သိန်း) ထက်မပို လျှင်</td><td colspan="3">ကျပ် ၁၀၀ သို့မဟုတ် ၎င်း၏ အစိတ်အပိုင်းအသီးသီးအတွက်သို့မဟုတ် အနုညာတခုံသမာဓိ စီရင်ဆုံးဖြတ်ချက်တန်ဖိုးအတွက် ၂ကျပ်။<br>သို့ရာတွင် ထိုက်သင့်သည့် တံဆိပ်ခွန်ပေါင်းမှာ အများဆုံး ကျပ် ၅၀၀ ဖြစ်ရမည်။</td></tr>
<tr><td></td><td>(ခ) ၎င်းမှာ ကျပ် ၁ သိန်းထက် ပိုပြီး ကျပ် ၅ သိန်း ထက်မပိုလျှင်</td><td colspan="3">-ကျပ် ၁,၅၀၀</td></tr>
<tr><td></td><td>(ဂ)၎င်းမှာ ကျပ် ၅ သိန်းထက်ပိုပြီး ကျပ် ၁၀ သိန်း ထက်မပိုလျှင်</td><td colspan="3">-ကျပ် ၂,၅၀၀</td></tr>
<tr><td></td><td>(ဃ)ကျပ်၁၀ သိန်းအထက်ဖြစ်လျှင်</td><td colspan="3">အပိုင်း၁၂(ဂ)အရ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်အပြင် ကျပ် ၁၀ သိန်းထက်ပိုသည့် နောက်ထပ်ကျပ် ၁သိန်း သို့မဟုတ် ၎င်း၏အစိတ်အပိုင်းအသီးသီးအတွက် ၂၅၀ကျပ်။</td></tr>
<tr><td></td><td>၁၃။ ခံဝန်ချုပ်မဟုတ်သော ငွေလွှဲ လက် မှတ် (ပုဒ်မ ၂(၂)တွင် အဓိပ္ပာယ် ဖွင့် ဆိုထားသည့်အတိုင်း) ဘဏ် ငွေ စက္ကူ သို့မဟုတ် ငွေစက္ကူ။</td><td>တစ်စောင်တည်းလက်မှတ်ရေး ထိုးလျှင်</td><td>နှစ်ပိုင်းတစ်စုံကျလက်မှတ်ရေးထိုးလျှင် တစ်ပိုင်းစီအတွက်</td><td>သုံးပိုင်းတစ်စုံကျလက်မှတ်ရေးထိုးလျှင်တစ်ပိုင်း„စီ အတွက်</td></tr>
<tr><td></td><td>(က)တောင်းဆိုသည့်အခါမဟုတ်ဘဲ အခြားနည်းဖြင့်ငွေထုတ်ပေးရမည့်ကိစ္စတွင်လက်မှတ်ရေးထိုး သည့်သို့မဟုတ်တင်ပြသည့် နေ့ရက်မှ တစ်နှစ်မကျော်မီ ငွေထုတ်ပေးရမည်ဖြစ်ပါက</td><td>ကျပ်</td><td>ကျပ်</td><td>ကျပ်</td></tr>
<tr><td></td><td>- ငွေလွှဲလက်မှတ် သို့မဟုတ် ငွေစက္ကူပါ ငွေပမာဏမှာ ကျပ် ၅၀၀၀၀၀၀(သိန်း ၅၀)ထက်မပိုလျှင်</td><td>၄၅၀</td><td>၃၀၀</td><td>၁၅၀</td></tr>
<tr><td></td><td>-ငွေလွှဲလက်မှတ် သို့မဟုတ် ငွေစက္ကူပါ ငွေပမာဏမှာ ကျပ်(သိန်း ၅၀)ထက်ပိုပြီး (သိန်း၇၀) ထက် မပိုလျှင် -</td><td>၆၅၀</td><td>၄၀၀</td><td>၂၀၀</td></tr>
<tr><td></td><td>-ငွေလွှဲလက်မှတ် သို့မဟုတ် ငွေစက္ကူ ပါ ငွေပမာဏမှာ ကျပ် (သိန်း ၇၀) ထက်ပိုပြီး (သိန်း ၉၀) ထက်မပိုလျှင်</td><td>၈၀၀</td><td>၅၅၀</td><td>၃၀၀</td></tr>
<tr><td></td><td>--ငွေလွှဲလက်မှတ် သို့မဟုတ် ငွေစက္ကူပါငွေပမာဏမှာ ကျပ်(သိန်း ၉၀)ထက် ပိုပြီး(သိန်း၁၃၀)ထက်မပိုလျှင်</td><td>၁၂၀၀</td><td>၈၀၀</td><td>၄၀၀</td></tr>
<tr><td></td><td>-ငွေလွှဲလက်မှတ် သို့မဟုတ် ငွေစက္ကူ ပါ ငွေပမာဏမှာ ကျပ် (သိန်း ၁၃၀) ထက်ပိုပြီး (သိန်း ၁၇၀) ထက်မပို လျှင် -</td><td>၁၅၀၀</td><td>၁၀၀၀</td><td>၅၀၀</td></tr>
</table>

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် | | |
|---|---|---|---|---|
| | | တစ်စောင်တည်း လက်မှတ်ရေး ထိုးလျှင် | နှစ်ပိုင်းတစ်စုံကျ လက်မှတ်ရေးထိုးလျှင် တစ်ပိုင်းစီအတွက် | သုံးပိုင်းတစ်စုံကျ လက်မှတ်ရေးထိုးလျှင် တစ်ပိုင်းစီအတွက် |
| | | ကျပ် | ကျပ် | ကျပ် |
| | -ငွေလွှဲလက်မှတ် သို့မဟုတ် ငွေစက္ကူပါ ငွေပမာဏမှာ ကျပ် (သိန်း ၁၇၀)ထက်ပိုပြီး (သိန်း ၂၁၀) ထက်မ ပိုလျှင် - | ၁၉၀၀ | ၁၂၅၀ | ၆၅၀ |
| | -ငွေလွှဲလက်မှတ်သို့မဟုတ် ငွေစက္ကူ ပါ ငွေပမာဏမှာ ကျပ် (သိန်း ၂၁၀) ထက်ပိုပြီး (သိန်း ၂၅၀) ထက်မပိုလျှင် - | ၂၂၅၀ | ၁၅၀၀ | ၇၅၀ |
| | -ငွေလွှဲလက်မှတ် သို့မဟုတ် ငွေစက္ကူ ပါ ငွေပမာဏမှာ ကျပ် (သိန်း ၂၅၀) ထက်ပိုပြီး (သိန်း ၃၀၀) ထက်မပိုလျှင် - | ၂၇၀၀ | ၁၈၀၀ | ၉၀၀ |
| | -ငွေလွှဲလက်မှတ် သို့မဟုတ် ငွေစက္ကူ ပါ ငွေပမာဏမှာ ကျပ် (သိန်း ၃၀၀) ထက်ပိုပြီး(သိန်း ၅၀၀) ထက်မပိုလျှင် | ၄၅၀၀ | ၃၀၀၀ | ၁၅၀၀ |
| | -ငွေလွှဲလက်မှတ်သို့မဟုတ် ငွေစက္ကူ ပါ ငွေပမာဏမှာ ကျပ် (သိန်း ၅၀၀) ထက်ပိုပြီး(သိန်း၇၅၀)ထက်မပိုလျှင် | ၆၇၅၀ | ၄၅၀၀ | ၂၂၅၀ |
| | -ငွေလွှဲလက်မှတ် သို့မဟုတ် ငွေစက္ကူပါ ငွေပမာဏမှာ ကျပ် (သိန်း ၇၅၀) ထက်ပိုပြီး (သိန်း ၁၀၀၀) ထက်မပို လျှင် | ၉၀၀၀ | ၆၀၀၀ | ၃၀၀၀ |
| | -ကျပ်၁၀၀၀သိန်း အထက်နှင့် ကျပ် ၁၀၀ သိန်း သို့မဟုတ် ၎င်း၏ အစိတ် အပိုင်းအသီးသီးအတွက် | ၆၅၀ | ၄၀၀ | ၂၀၀ |
| | (ခ)အဆိုပါ လက်မှတ်ရေးထိုးသည့် သို့မဟုတ် တင်ပြသည့်နေ့ရက်မှ တစ်နှစ်ထက်ကျော်လွန်၍ ငွေထုတ်ပေးရမည်ဆိုပါက | အလားတူငွေအတွက် တံဆိပ်ခွန်မှာ ခံဝန်ချုပ် (အမှတ်စဉ်၁၅) အတွက် တံဆိပ်ခွန်အတိုင်းဖြစ်သည်။ | | |
| | **၁၄။သဘောကုန်တင်တန်ဆာ။**(ခရီးတောက်လျှောက် သဘောကုန်တင်တန်ဆာပါဝင်သည်။)<br><br>**ကင်းလွတ်ခွင့်များ**<br>(က)ဖော်ပြပါ ကုန်စည်များကို ဆိပ်ကမ်းများ အက်ဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဆိပ်ကမ်းတစ်ခုခု၏ နယ်နိမိတ်အတွင်း တစ်နေရာတွင် လက်ခံ၍ထိုဆိပ်ကမ်းနယ်နိမိတ်အတွင်းတွင်ပင် အခြားတစ်နေရာ၌ ပေးအပ်ရမည့်အခါ ပြုလုပ်သည့် သဘောကုန်တင် တန်ဆာ။ | - ကျပ် ၁၅၀<br>မှတ်ချက်။သဘောကုန်တင် တန်ဆာကို အပိုင်း ပိုင်း လက်မှတ် ရေးထိုး လျှင်၎င်း အတွက် ထိုက်သင့်သော တံဆိပ်ခေါင်းကို ထိုအစုံ တွင် ပါဝင်သည့် အသီးသီး တွင် ကပ်နှိပ်ရမည်။ | | |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | (ခ)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပေးအပ်ရမည့် ပစ္စည်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြင်ပတွင်ချုပ်ဆိုသည့် သင်္ဘောကုန်တင်တန်ဆာ။ | |
| | **၁၅။ ခံဝန်ချုပ်။**[ပုဒ်မ ၂(၅) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း]ငင်းမှာ ဒီဘင်ချာခေါ် ကြွေးမြီ ခံဝန်ချုပ် (အမှတ်စဉ်၂၇)မဟုတ်သည့်အပြင် ဤအက်ဥပဒေအရဖြစ်စေ၊ ရုံးခွန်အက်ဥပဒေအရဖြစ်စေ အခြားနည်း ပြဋ္ဌာန်းထားခြင်းလည်း မရှိသောခံဝန်ချုပ်။<br>အမွေထိန်းခံဝန်ချုပ်(အမှတ်စဉ် ၂)၊ သင်္ဘော အပေါင်စာချုပ်၊ (အမှတ် စဉ် ၁၆)၊ အကောက်ခွန်ခံဝန်ချုပ်၊ (အမှတ်စဉ် ၂၆) လျော်ကြေးခံဝန်ချုပ်၊ (အမှတ်စဉ် ၃၄) သင်္ဘောပါကုန်အပေါင်စာချုပ် (အမှတ်စဉ် ၅၆) အာမခံစာချုပ်၊ (အမှတ်စဉ် ၅၇) တို့ကိုကြည့်ပါ။<br>**ကင်းလွတ်ခွင့်**<br>ကုသိုလ်ဖြစ်ဆေးပေးခန်း သို့မဟုတ် ဆေးရုံ သို့မဟုတ် အခြားပြည်သူသုံးလုပ်ငန်းကိစ္စ တစ်ခုခုအတွက် ပုဂ္ဂလိက ပေးလှူငွေမှ ရရှိသည့် ဒေသဝင်ငွေမှာ တစ်လလျှင် သီး ခြားဖော်ပြထားသည့်ငွေပမာဏအောက် မလျော့စေရပါဟု အာမခံရန်ကိစ္စ အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးဦးက ချုပ်ဆိုသည့် ခံဝန်ချုပ်။ | ထိုငွေပမာဏ သို့မဟုတ် တန်ဖိုးအပေါ် ၁.၅ %။ |
| | **၁၆။ သင်္ဘောအပေါင်စာချုပ်။** ဆိုလိုရင်းမှာ ပင်လယ်ရေကြောင်းသွား သင်္ဘောရေယာဉ်မှူးက သင်္ဘောကိုထိန်းသိမ်းစောင့်ရှောက်နိုင်ရန် သို့မဟုတ် ရေကြောင်းခရီးသွားလာနိုင်ရန် သင်္ဘောကို အာမခံထား၍ ငွေချေးယူရန် ချုပ်ဆိုသည့် စာချုပ်စာတမ်းတစ်ခုခု။ | အလားတူငွေပမာဏအတွက် တံဆိပ်ခေါင်းခွန်မှာ ခံဝန်ချုပ် (အမှတ်စဉ် ၁၅) အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ |
| | **၁၇။ ဖျက်သိမ်းသည့်စာချုပ်စာတမ်း။** စာချုပ်စာတမ်း အသိသက်သေလက်မှတ်ရေးထိုးပြီး အခြားနည်းပြဋ္ဌာန်းမထားလျှင် (ယခင်က ချုပ်ဆိုထားသည့် စာချုပ်စာတမ်းတစ်ခုခုကို ဖျက်သိမ်းသည့် စာချုပ်စာတမ်းတစ်ခုခုအပါအဝင်) ရထိုက်ခွင့် စွန့်လွှတ်သည့် စာချုပ်စာတမ်း (အမှတ်စဉ် ၅၅)၊ ပစ္စည်းလွှဲ ပေးမှုဖျက်သိမ်းရေးစာချုပ်စာတမ်း (အမှတ်စဉ် ၅၈-ခ)၊ အငှားစာချုပ် ပြန်အပ်စာတမ်း (အမှတ်စဉ် ၆၁) ယုံမှတ်အပ်နှံမှုဖျက်သိမ်းသည့်စာ ချုပ်စာတမ်း( အမှတ်စဉ် ၆၄-ခ) တို့ကိုကြည့်ပါ။ | - ကျပ် ၁၅၀ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **၁၈။ပစ္စည်းရောင်းသက်သေခံလက်မှတ်။** ၎င်းမှာ (တစ်ပုံစီခွဲကာ လေလံတင် ရောင်းချသောပစ္စည်းနှင့်စပ်လျဉ်း၍) တရားမ တရားရုံးတစ်ခုခုကဖြစ်စေ၊ အခွန်အာဏာပိုင်ကဖြစ်စေ၊ ကော်လက်တာ သို့မဟုတ် အခြားအခွန် အရာရှိက ဖြစ်စေ လေလံတင်ရောင်းချသော ပစ္စည်းတစ်ခုခု ဝယ်သူအား ထုတ်ပေးသည့် သက်သေခံလက်မှတ်ဖြစ်ပြီး - | |
| | (က) ဝယ်သည့်ငွေကျပ် ၅၀၀၀၀၀ (၅ သိန်း) ထက်မပိုလျှင် | ထိုဝယ်ငွေပမာဏ အပေါ် ၁ % |
| | (ခ) အခြားကိစ္စတစ်ခုခုအတွက်ဖြစ်လျှင်။ | ထိုဝယ်ငွေပမာဏနှင့် ညီမျှသော အဖိုးစားနားအတွက် တံဆိပ်ခေါင်းခွန်မှာ ပစ္စည်းလွှဲပြောင်းခြင်း စာချုပ်စာတမ်း ( အမှတ်စဉ်၂၃) အတွက် တံဆိပ်ခေါင်းခွန်အတိုင်းဖြစ်သည်။ |
| | **၁၉။သက်သေခံလက်မှတ် သို့မဟုတ် အခြားစာတမ်း အမှတ်အသား။** တရားဥပဒေအရ ဖွဲ့စည်းထားသော အစုစပ်ကုမ္ပဏီ သို့မဟုတ် အခြားအသင်းစု တစ်ခုခုတွင် ပါဝင်သော သို့မဟုတ် လက်ဝယ်ရှိသောအစုရှယ်ယာ၊ တိုးပေးသော အစုရှယ်ယာလက်မှတ် သို့မဟုတ် အစုရှယ်ယာစတော့တစ်ခုခုကိုရထိုက်ခွင့် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိကြောင်းကို သော်လည်းကောင်း၊ အဆိုပါကုမ္ပဏီ သို့မဟုတ် တရားဝင် အဖွဲ့အစည်းတစ်ခုခုတွင် ပါဝင်သော သို့မဟုတ် အစု ရှယ်ယာလက်မှတ် သို့မဟုတ် အစုရှယ်ယာ စတော့ကို ပိုင်ရှင်ဖြစ်ထိုက်ခွင့်ရှိကြောင်း သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိကြောင်းကိုသော်လည်းကောင်း လက်ဝယ်ရှိသူကဖြစ်စေ၊ အခြားသူတစ်ဦးဦးကဖြစ်စေ၊ သက်သေခံသည့်လက်မှတ် သို့မဟုတ် အခြားစာတမ်းအမှတ်အသား။ အစုရှယ်ယာများ ခွဲဝေသတ်မှတ်ပေးသောစာ (အမှတ်စဉ် ၃၆)ကိုလည်း ကြည့်ပါ။ | - ကျပ် ၅၀ |
| | **၂၀။သဘော်စင်းလုံးငှားစာချုပ်။** ဆိုလိုရင်းမှာ ရေယာဉ်ကို သို့မဟုတ် ရေယာဉ်၏ သီးခြား အဓိကအစိတ်အပိုင်း တစ်ခုခုကို ငှားသူအား ၎င်း၏အသီးအခြားကိစ္စများ အလို့ငှာပြစ်ဒဏ်အပိုဒ်ထည့်သွင်းလျက်ဖြစ်စေ၊ မထည့်သွင်းဘဲလျက်ဖြစ်စေ ငှားသည့်(ဆွဲသဘော်ငှားရန် သဘောတူစာချုပ်မှအပ) အခြားစာချုပ်စာတမ်းတစ်ခုခု။ | |
| | (က) မြင်းကောင်ရေအား ၂၀ထက် နည်းလျှင်၊ | - ကျပ် ၃,၀၀၀ |
| | (ခ) မြင်းကောင်ရေအား ၂၀ အောက်မနည်း မှ ၅၀ ထက်မပိုလျှင်။ | -ကျပ် ၇,၅၀၀ |
| | (ဂ) မြင်းကောင်ရေအား ၅၀ထက် ပိုလျှင် | -ကျပ် ၁၅,၀၀၀ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **၂၁။ ချက်လက်မှတ်။**ပုဒ်မ ၂(၇)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အတိုင်း။ | -ကျပ် ၅ |
| | **၂၂။ ကြွေးမြီပြေငြိမ်းစာချုပ်။** ဆိုလိုရင်းမှာ မြီစားက မြီရှင်များ အကျိုးငှာ မိမိ၏ပစ္စည်းကို လွှဲပြောင်းရန် သော်လည်းကောင်း၊ မြီရှင်တို့၏ ကြွေးမြီများနှင့်စပ်လျဉ်း၍ ပြေငြိမ်းငွေ သို့မဟုတ် ကြွေးမြီဝေစုပေးပါမည်ဟု မြီရှင်များအား အာမခံရန်သော်လည်းကောင်း၊ မြီစား၏ စီးပွားရေး လုပ်ငန်းကို မြီရှင်များ အကျိုးငှာကြည့်ရှုစစ်ဆေးသူများ၏ ကြီးကြပ်စစ်ဆေးမှုအရ ဖြစ်စေ၊ ကြွေးမြီပေးဆပ်ရန်အချိန် အခွင့်ပေးစာချုပ်အရဖြစ်စေ ဆက်လက် ဆောင်ရွက်ရေး အတွက် ပြဋ္ဌာန်းရန် သော်လည်းကောင်း၊ ချုပ်ဆိုသော စာချုပ်စာတမ်းတစ်ခုခု။ | -ကျပ် ၁,၅၀၀ |
| | **၂၃။ ပစ္စည်းလွှဲပြောင်းခြင်းစာချုပ်စာတမ်း။**[ပုဒ်မ ၂(၁၀)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း]။ ၎င်းမှာ အမှတ်စဉ် ၆၂ အရ တံဆိပ်ခေါင်းခွန် ထိုက်သင့်သည့် သို့မဟုတ် ကင်းလွတ်သည့် အလွှဲအပြောင်းမဟုတ်သည့် ပစ္စည်းလွှဲပြောင်းခြင်း စာချုပ်စာတမ်း။<br>**ကင်းလွတ်ခွင့်**<br>မြန်မာနိုင်ငံမူပိုင်ခွင့်အက်ဥပဒေအရပြုလုပ်သည့်မူပိုင်ခွင့်လွှဲ အပ်စာတမ်း။ ပူးတွဲအစုစပ်လုပ်ငန်းစာချုပ်၊ အစုစပ်လုပ်ငန်း စာချုပ်စာတမ်း။ (အမှတ်စဉ် ၄၆)ကိုကြည့်ပါ.။ | ထိုငွေပမာဏ(သို့မဟုတ်) တန်ဖိုး အပေါ် ၃ % |
| | **၂၄။ မိတ္တူ သို့မဟုတ် ကောက်နုတ်ချက်။** ၎င်းမှာ ပြည်သူ့ဝန်ထမ်းအရာရှိတစ်ဦးဦးကဖြစ်စေ၊ ၎င်း၏အမိန့်ဖြင့် ဖြစ်စေ မိတ္တူမှန် သို့မဟုတ် ကောက်နုတ်ချက်မှန်ဖြစ်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသည့်အပြင် ရုံးခွန်နှင့်သက် ဆိုင်သည့် တည်ဆဲတရားဥပဒေအရ ရုံးခွန်လည်း မထိုက်သင့် သောမိတ္တူ သို့မဟုတ် ကောက်နုတ်ချက် ဖြစ်ပြီး - | |
| | (၁) မူရင်းမှာ တံဆိပ်ခေါင်းခွန် မထိုက်သင့်လျှင် သို့မဟုတ် ၎င်း အတွက် ထိုက်သင့်သည့် တံဆိပ် ခေါင်းခွန်မှာ ကျပ် ၁၀၀ ထက် မပိုလျှင်၊ | - ကျပ် ၁၅၀ |
| | (၂) အခြားကိစ္စတစ်ခုခုဖြစ်လျှင်၊<br>**ကင်းလွတ်ခွင့်များ**<br>(က) အများပြည်သူတို့ဆိုင်ရာ ရုံးတစ်ခုခုတွင် ဖြစ်စေ၊ အများပြည်သူဆိုင်ရာ အကျိုးတစ်ခုခုအတွက်ဖြစ်စေ မှတ်တမ်းတင်ရန်ကိစ္စ အလို့ငှာ တရားဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားချက်အရ ပြည်သူ့ဝန်ထမ်းအရာရှိက ကူးယူရ မည့် သို့မဟုတ် ပေးရမည့်စာရွက်စာတမ်း တစ်ခုခု၏ မိတ္တူ။<br>(ခ)မွေးဖွားမှုဘာသာသွတ်သွင်းမှု၊ အမည်ပေးမှု၊ လှူဒါန်းမှု၊ ထိမ်းမြားမှုကွာရှင်းမှုသေဆုံးမှု သို့မဟုတ် မြေမြှုပ်သင်္ဂြိုလ်မှု နှင့် သက်ဆိုင် သော မှတ်ပုံစာရင်းတစ်ခုခုမှကူး ယူသည့်မိတ္တူ သို့မဟုတ် ထုတ်ယူသည့် ကောက်နုတ်ချက်။ | - ကျပ် ၂၅၀ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
| --- | --- | --- |
| | **၂၅။ စာချုပ်စာတမ်း မူရင်းခွဲ သို့မဟုတ် မူ ရင်းမိတ္တူ။** ၎င်းမှာ တံဆိပ်ခေါင်းခွန် ထိုက်သင့်သည့်အပြင် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်လည်း ပေးဆောင်ပြီးသည့် စာချုပ်စာတမ်းတစ်ခုခု၏ မူရင်းခွဲဖြစ်ပြီး - | |
| | (က) မူရင်းစာချုပ်စာတမ်းအတွက် ထိုက်သင့်သော တံဆိပ်ခေါင်းခွန် မှာ ကျပ် ၁၀၀ ထက်မပိုလျှင်၊ | မူရင်းစာချုပ်စာတမ်းအပေါ်တွင် ပေးဆောင်ရမည့် တံဆိပ်ခေါင်းခွန် အတိုင်းဖြစ်သည်။ |
| | (ခ) အခြားကိစ္စတစ်ခုခုဖြစ်လျှင်၊ | - ကျပ် ၁၀၀ |
| | **ကင်းလွတ်ခွင့်**<br>တောင်သူလယ်သမားများအားပေးသည့် အငှားစာချုပ်တစ်ခုခုမှာ တံဆိပ်ခေါင်းခွန်ကင်းလွတ်သည့် စာချုပ်ဖြစ်လျှင် ထိုအငှားစာချုပ်၏မူရင်းခွဲ | |
| | **၂၆။ အကောက်ခွန်ခံဝန်ချုပ်။** | |
| | (က) ငွေကျပ် ၁,၀၀၀,၀၀၀ (၁၀ သိန်း) ထက်မပိုလျှင်၊ | အဆိုပါ ငွေပမာဏအတွက် တံဆိပ်ခေါင်းခွန်မှာ ခံဝန်ချုပ် (အမှတ်စဉ်၁၅)အတွက် တံဆိပ်ခွန်အတိုင်း ဖြစ်သည်။ |
| | (ခ) အခြားကိစ္စတစ်ခုခုဖြစ်လျှင်။ | ကျပ် ၁,၀၀၀,၀၀၀ ထက် ပိုသောငွေ ပမာဏအတွက် ကျပ် ၁သောင်းတိုင်း အတွက် သို့မဟုတ် ၎င်း ၏ အစိတ် အပိုင်း အသီးသီးအတွက် ၂၀ ကျပ်။ |
| | **၂၇။ဒီဘင်ချာခေါ်ကြွေးမြီခံဝန်ချုပ်။** (အပေါင်ဒီဘင်ချာ ခေါ် ကြွေးမြီခံဝန်ချုပ် ဟုတ်သည်ဖြစ်စေ ၊မဟုတ်သည်ဖြစ်စေ) ၎င်းမှာ ဈေးကွက်ဝင်ငွေချေးသက်သေခံစာချုပ်ဖြစ်ပြီး - | |
| | (က)ထပ်ဆင့်လက်မှတ်ရေးထိုး၍ ဖြစ်စေ၊ သီးခြားအလွှဲအပြောင်းစာချုပ်စာတမ်းချုပ်ဆို၍ဖြစ်စေ၊လွှဲပြောင်းနိုင်လျှင်၊ | အလားတူငွေပမာဏအတွက် ခံဝန်ချုပ် (အမှတ် စဉ်၁၅)တွင် သတ်မှတ်ထားသည့် တံဆိပ် ခေါင်းခွန် အတိုင်းဖြစ်သည်။ |
| | (ခ) ပေးအပ်၍လွှဲပြောင်းနိုင်လျှင် | ဒီဘင်ချာ၏တန်ဖိုးရင်းငွေနှင့် ညီမျှသော အဖိုးစားနားအတွက် တံဆိပ်ခွန်မှာ ပစ္စည်းလွှဲပြောင်းခြင်း စာချုပ်စာတမ်း(အမှတ်စဉ် ၂၃)အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်ရမည်။ |
| | **ရှင်းလင်းချက်။** "ဒီဘင်ချာခေါ် ကြွေးမြီခံဝန်ချုပ်" ဆိုသည့်စကားရပ်တွင် ၎င်းနှင့်အတူပူးတွဲပါ အတိုးထုတ်ဖြတ်ပိုင်း(ကူပွန်)တစ်ခုခု ပါဝင်သည်။ သို့ရာတွင် အဆိုပါ အတိုးထုတ်ရန် ဖြတ်ပိုင်းများ(ကူပွန်)၏သင့်ငွေကို တံဆိပ်ခေါင်းခွန်ခန့်မှန်းရာတွင် ထည့်သွင်း ခြင်းမပြုရ။ | |
| | **ကင်းလွတ်ခွင့်**<br>တရားဥပဒေအရ ဖွဲ့စည်းထားသည့် အစုစပ်ကုမ္ပဏီ သို့မဟုတ် အခြားအသင်းစုကမှတ်ပုံတင်အပေါင်စာ ချုပ်သဘောဖြင့်ထုတ်သည့် ဒီဘင်ချာခေါ်ကြွေးမြီခံဝန်ချုပ်။ | |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | ထိုအပေါင်စာချုပ်မှာ စာချုပ်အရထုတ်မည့် ဒီဘင်ချာခေါ် ကြွေးမြီခံဝန်ချုပ်များ၏ စုစုပေါင်းသင့်ငွေအတွက် ထိုက်သင့်သော တံဆိပ်ခေါင်း ကပ်နှိပ်ထားပြီးဖြစ်ရမည့်အပြင် ငွေချေးယူသည့်ကုမ္ပဏီက သို့မဟုတ် အဖွဲ့အစည်းက ထိုဒီဘင်ချာခေါ် ကြွေးမြီခံဝန်ချုပ် လက်ရှိဖြစ်သူအကျိုးငှာ ယုံကြည်အပ်နှံခံရသူများထံ ယင်းတို့၏ ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို လွှဲပေးသည့်စာချုပ်လည်း ဖြစ်ရမည်။ သို့ရာတွင် ထိုသို့ထုတ်သည့် ဒီဘင်ချာခေါ် ကြွေးမြီခံဝန်ချုပ်များကို အဆိုပါအပေါင်စာချုပ်သဘောဖြင့် ထုတ်သည်ဟု အတိအလင်း ဖော်ပြရမည်။ ခံဝန်ချုပ် (အမှတ်စဉ် ၁၅) ပုဒ်မ ၈ နှင့် ၅၅ တို့ကိုလည်း ကြည့်ပါ။<br>**ယုံမှတ်အပ်နှံမှုကြေညာချက်စာတမ်း။** ယုံမှတ်အပ်နှံမှု စာချုပ်စာတမ်း(အမှတ်စဉ် ၆၄) ကိုကြည့်ပါ။ | |
| | **၂၈။ ကုန်စည်များပေးအပ်ရန် အမိန့်စာ။**ဆိုလိုရင်းမှာ မည်သည့်စာချုပ်စာတမ်းမဆို ယင်းတွင် အမည်ဖော်ပြထားသူကိုဖြစ်စေ၊ ထိုသူကလွှဲအပ်ထားသောသူကဖြစ်စေ၊ ယင်းကို လက်ရှိထားသူကိုဖြစ်စေ၊ သင်္ဘောကျင်း သို့မဟုတ် ဆိပ်ကမ်းတစ်ခုခုတွင် သော်လည်းကောင်း၊ကုန်စည်များကို ငှားရမ်းခဖြင့် သိုလှောင်သည့် သို့မဟုတ် အငှား ထည့်သွင်းသည့် ကုန်လှောင်ရုံတစ်ခုခုတွင် သော်လည်းကောင်း၊ ဆိပ်ခံတံတားတစ်ခုခုတွင် သော်လည်းကောင်း တည်ရှိသည့် ကုန်စည်များပေးအပ်ထိုက်ခွင့်ရရှိစေလျှင် ထိုသို့ရရှိစေသည့် စာချုပ်စာတမ်း။ အဆိုပါကုန်စည်များ ပိုင် ဆိုင်ခွင့်ကိုရောင်းချသည့်အခါ သို့မဟုတ် လွှဲပြောင်းသည့်အခါ ယင်းစာချုပ်စာတမ်းတွင် အဆိုပါကုန်စည်ပိုင်ရှင်က ဖြစ်စေ၊ ထိုကုန်စည်ပိုင်ရှင်အတွက်ဖြစ်စေ လက်မှတ်ရေးထိုးရမည်။ အဆိုပါ ကုန်စည်များမှာ တန်ဖိုး ကျပ် ၂၀၀၀ ထက်ပိုလျှင်၊<br>**ပိုင်ဆိုင်ကြောင်းပြသည့်စာချုပ်တင်သွင်းခြင်း။**<br>**ပိုင်ဆိုင်ကြောင်းပြသည့်စာချုပ်များတင်သွင်းခြင်း** သို့မဟုတ် **ပေါင်နှံခြင်းနှင့်သက် ဆိုင်သည့် သဘော တူစာချုပ်** (အမှတ်စဉ် ၆) ကို ကြည့်ပါ။<br>**အစုစပ်လုပ်ငန်းဖျက်သိမ်းခြင်း။** **အစုစပ်လုပ်ငန်း** (အမှတ်စဉ် ၄၆) ကို ကြည့်ပါ။ | - ကျပ် ၅၀ |
| | **၂၉။ ကွာရှင်းမှုစာချုပ်စာတမ်း။**ဆိုလိုရင်းမှာ တစ်ဦး တစ်ယောက်သောသူက မိမိ၏ထိမ်းမြားခြင်း ကိုဖျက်သိမ်းသည့် စာချုပ်စာတမ်းတစ်ခုခု။<br>**ပစ္စည်းလက်ဖွဲ့စာချုပ်စာတမ်း။** ပစ္စည်းစီမံခန့်ခွဲမှုစာချုပ်စာတမ်း (အမှတ်စဉ်၅၈)ကိုကြည့်ပါ။ မူရင်းခွဲမိတ္တူ (အမှတ်စဉ် ၂၅) ကို ကြည့်ပါ။ | - ကျပ် ၂၅၀ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **၃၀။ တရားလွှတ်တော်ချုပ်စာရင်းတွင် တရားလွှတ်တော်ရှေ့နေအဖြစ် ရေးသွင်းသည့် စာတမ်း။** | - ကျပ် ၃၀,၀၀၀ |
| | **၃၁။ပစ္စည်းချင်းဖလှယ်သည့်စာချုပ်စာတမ်း။ ကောက်နုတ်ချက်စာတမ်းမိတ္တူ။** (အမှတ်စဉ် ၂၄)မိတ္တူကိုကြည့်ပါ။ | ထိုစာချုပ်စာတမ်းတွင် ဖော်ပြထားသည့်အတိုင်း အများဆုံးတန်ဖိုးရှိပစ္စည်း၏ တန်ဖိုးနှင့် ညီမျှသော အဖိုးစားနားအတွက် တံဆိပ်ခေါင်းခွန်မှာ ပစ္စည်းလွှဲပြောင်းခြင်းစာချုပ်စာတမ်း(အမှတ်စဉ်၂၃) အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ |
| | **၃၂။ နောက်ထပ်အပေါင်စာချုပ်စာတမ်း။** ဆိုလိုရင်းမှာ ပေါင်နှံပြီးသည့်ပစ္စည်းကို နောက်ထပ် ပေါင်နှံသည့်စာချုပ်စာတမ်းတစ်ခုခု - | |
| | (က) မူရင်းအပေါင်စာချုပ်မှာ အမှတ်စဉ်၄၀(က)တွင် ရည်ညွှန်းထားသည့် (တစ်နည်းအားဖြင့် ပစ္စည်းလက်ရှိပေးအပ်သည့်) စာချုပ်မျိုး ဖြစ်လျှင်၊ | ထိုစာချုပ်စာတမ်းဖြင့် အာမခံထားသည့် နောက်ထပ် အပေါင်ငွေနှင့်ညီမျှသော အဖိုးစားနားအတွက် တံဆိပ်ခေါင်းခွန်မှာ ပစ္စည်းလွှဲပြောင်းခြင်း စာချုပ်စာတမ်း(အမှတ်စဉ်၂၃) အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ |
| | (ခ)အဆိုပါ အပေါင်စာချုပ်မှာ အမှတ်စဉ်၄၀(ခ)တွင် ရည်ညွှန်းထားသည့် (တစ်နည်းအားဖြင့် ပစ္စည်းလက်ရှိမပေးအပ်သည့်) စာချုပ်မျိုးဖြစ်ပြီး၊ | |
| | (၁)နောက်ထပ်အပေါင်စာချုပ်ကိုချုပ်ဆိုစဉ်ကအဆိုပါစာချုပ်စာတမ်းအရပစ္စည်းလက်ရှိပေးအပ်လျှင်၊သို့မဟုတ် ပေးအပ်ရန်သဘောတူလျှင် | အဆိုပါ မူရင်းအပေါင်စာချုပ်နှင့် နောက်ထပ် အပေါင်စာချုပ်ပေါ်တွင် ပေးဆောင်ပြီး တံဆိပ်ခေါင်းခွန် ထက်လျှော့၍ (မူရင်း အပေါင်စာချုပ်နှင့်ပြုလုပ်ပြီးနောက်ထပ်အပေါင်စာချုပ်အပါအဝင်) စုစုပေါင်းအပေါင်ငွေနှင့် ညီမျှသော အဖိုးစားနားအတွက် တံဆိပ်ခေါင်းခွန်မှာ ပစ္စည်းလွှဲပြောင်းခြင်းစာချုပ်စာတမ်း (အမှတ်စဉ် ၂၃) အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ |
| | (၂) ပစ္စည်းကိုလက်ရှိမပေးအပ်လျှင်၊ | အဆိုပါ စာချုပ်စာတမ်း အရပေးရမည့် သို့မဟုတ် လွှဲအပ်ပေးရမည့် ငွေအားလုံးအတွက် တံဆိပ်ခေါင်းခွန်မှာ ခံဝန်ချုပ် (အမှတ်စဉ် ၁၅) အတွက် တံဆိပ်ခေါင်း ခွန်အတိုင်း ဖြစ်သည်။ |
| | **၃၃။ မေတ္တာဖြင့်ပစ္စည်းပေးကမ်းသည့် စာချုပ်စာတမ်း။** ၎င်းမှာ ပစ္စည်းလွှဲပေးမှုစာချုပ်စာတမ်း (အမှတ်စဉ်၅၈) သော်လည်းကောင်း၊ သေတမ်းစာ သို့မဟုတ် လွှဲပြောင်းစာချုပ်စာတမ်း (အမှတ်စဉ် ၆၂)သော်လည်းကောင်း မဟုတ်သည့် စာချုပ်စာတမ်းဖြစ်သည်။<br>**အလုပ်ငှားသဘောတူစာချုပ်** သို့မဟုတ် **ဝန်ဆောင်မှုပေးရန်သဘောတူစာချုပ်။**သဘောတူစာချုပ်(အမှတ်စဉ်၅)ကိုကြည့်ပါ။ | အဆိုပါ စာချုပ်စာတမ်းတွင် ဖော်ပြထားသည့် ပစ္စည်းတန်ဖိုးနှင့် ညီမျှ သော အဖိုးစားနားအ တွက် တံဆိပ်ခေါင်းခွန်မှာ ပစ္စည်းလွှဲပြောင်းခြင်း စာချုပ်စာတမ်း (အမှတ်စဉ် ၂၃ ) အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **၃၄။ လျော်ကြေးခံဝန်ချုပ်။** ကြည့်ရှုစစ်ဆေးသူခန့်အပ်စာချုပ်။ ကွေးမြီပြေငြိမ်း စာချုပ် (အမှတ်စဉ်၂၂) ကို ကြည့်ပါ။ အာမခံထားသည့်စာချုပ်။ အာမခံပေါ်လစီစာချုပ် (အမှတ်စဉ် ၄၇) ကို ကြည့်ပါ။ | အလားတူငွေပမာဏအတွက် တံဆိပ်ခွန်မှာ အာမခံစာချုပ် (အမှတ်စဉ်၅၇)ပါ တံဆိပ်ခေါင်းခွန်အတိုင်းဖြစ်သည်။ |
| | **၃၅။ အငှားစာချုပ်။** ၎င်းတွင် ထပ်ဆင့် အငှားစာချုပ်၊ ထို့ပြင်ငှားရန် သို့မဟုတ် ထပ်ဆင့်ငှားရန် သဘောတူစာချုပ် တစ်ခုခုပါဝင်ပြီး-<br>(က) ထိုအငှားစာချုပ်ဖြင့် ငှားရမ်းခသတ်မှတ်၍ စပေါ်ငွေမပေးရသည့် သို့မဟုတ် မပေးအပ်ရသည့် ကိစ္စတွင် - | |
| | (၁)အငှားစာချုပ်မှာတစ်နှစ်အောက်လျော့သော ကာလအပိုင်းအခြားအ တွက်ဖြစ်သည့်သဘော သက်ရောက်လျှင်၊ | -ထိုအငှားစာချုပ်အရ ပေးရမည့် သို့မဟုတ် လွှဲအပ်ပေးရမည့်ငွေ အားလုံးအတွက် တံဆိပ်ခွန်မှာ (အမှတ်စဉ် ၁၅)ပါ တံဆိပ်ခေါင်းခွန်အတိုင်းဖြစ်သည်။ |
| | (၂)အငှားစာချုပ်မှာ တစ်နှစ်အောက်မလျော့ သုံးနှစ်ထက်မပိုသောကာလအပိုင်းအခြားအတွက် ဖြစ်သည့်သဘော သက်ရောက်လျှင်၊ | -သတ်မှတ်ထားသည့် ပျမ်းမျှရရန် ရှိသော ငှားရမ်းခ သင့်ငွေပမာဏ သို့မဟုတ် တန်ဖိုးအတွက် တံဆိပ်ခေါင်းခွန်မှာ ခံဝန်ချုပ် (အမှတ်စဉ် ၁၅)အတွက် တံဆိပ်ခေါင်းခွန်အတိုင်းဖြစ်သည်။ |
| | (၃)အငှားစာချုပ်မှာ သုံးနှစ် ထက် ကျော်လွန်သောကာလအပိုင်းအခြားအတွက် ဖြစ်သည့် သဘောသက်ရောက်လျှင် | -သတ်မှတ်ထားသည့် ပျမ်းမျှရရန် ရှိသော ငှားရမ်းခ သင့်ငွေပမာဏ သို့မဟုတ် တန်ဖိုးအတွက် တံဆိပ်ခေါင်းခွန်မှာ ပစ္စည်းလွှဲပြောင်းခြင်းစာချုပ် (အမှတ်စဉ်၂၃)အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ |
| | (၄)အငှားစာချုပ်မှာ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားတစ်ခုခုအတွက်ဖြစ်သည့် သဘောမသက်ရောက်လျှင်၊ | နှစ်ရှည်အငှားစာချုပ် ဆက်လက်အတည်ဖြစ်လျှင် ပထမ၁၀နှစ်အတွက် ပေးရမည့် သို့မဟုတ် လွှဲအပ်ရမည့် ပျမ်းမျှရမည့် နှစ်စဉ် ငှားရမ်းခ၏ သင့်ငွေ သို့မဟုတ် တန်ဖိုးနှင့်ညီ မျှသော အဖိုးစားနားအတွက် တံဆိပ်ခေါင်းခွန်မှာ ပစ္စည်းလွှဲပြောင်းခြင်းစာချုပ်( အမှတ်စဉ်၂၃) အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ |
| | (၅)အငှားစာချုပ်မှာ ထာဝစဉ် ဖြစ်သည့်သဘော သက်ရောက်လျှင်၊ | -ထိုအငှားစာချုပ် ချုပ်ဆိုသည့် နေ့ရက်မှ ပထမနှစ်ပေါင်း ၅၀ အတွက် ပေးရမည့် သို့မဟုတ် လွှဲအပ်ပေးရမည့် စုစုပေါင်းငှားရမ်းခ ၅ပုံ ၁ပုံ နှင့်ညီမျှသော အဖိုးစားနားအတွက် တံဆိပ်ခေါင်းခွန်မှာ ပစ္စည်းလွှဲပြောင်းခြင်းစာချုပ်(အမှတ်စဉ် ၂၃) အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ် သည်။ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | (ခ) အငှားစာချုပ်ကို ဒဏ်ငွေ သို့မဟုတ်စပေါ်ငွေအတွက် ဖြစ်စေ၊ ကြိုတင်ပေးငွေအတွက် ဖြစ်စေ ထုတ်ပေး၍ ငှားရမ်းခ သတ်မှတ်မထားလျှင်၊ | ထိုအငှားစာချုပ်တွင် ဖော်ပြထားသည့် အတိုင်း အဆိုပါဒဏ်ငွေ ၊ စပေါ်ငွေ သို့မဟုတ် ကြိုတင် ပေးငွေပမာဏ သို့မဟုတ် တန်ဖိုးနှင့် ညီမျှသော အဖိုးစားနားအတွက် တံဆိပ်ခေါင်းခွန်မှာ ပစ္စည်း လွှဲပြောင်းခြင်းစာချုပ်စာတမ်း (အမှတ်စဉ် ၂၃) အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ |
| | (ဂ)အငှားစာချုပ်ကို သတ်မှတ်ထားသည့် ငှားရမ်းခအပြင် ဒဏ်ငွေ သို့မဟုတ် စပေါ်ငွေအတွက် သော်လည်း ကောင်း၊ ကြိုတင်ထုတ်ချေးငွေ အတွက်သော်လည်း ကောင်း ထုတ်ပေးသည် ဖြစ်လျှင်၊ | ထိုဒဏ်ငွေ၊ စပေါ်ငွေ သို့မဟုတ် ကြိုတင် ပေးငွေကို မပေးရပါက သို့မဟုတ် လွှဲအပ်မပေး ရပါက အဆိုပါ အငှားစာချုပ်ပေါ်တွင် ပေး ဆောင်ရမည်ဖြစ်သည့် တံဆိပ်ခေါင်းခွန် အပြင် ထိုအငှားစာချုပ်တွင် ဖော်ပြထားသည့်ဒဏ်ငွေ၊ စပေါ်ငွေ သို့မဟုတ် ကြိုတင်ပေးငွေနှင့် ဖြစ်စေ၊ ထိုငွေတန်ဖိုးနှင့်ဖြစ်စေ ညီမျှသော အဖိုးစားနား အတွက် တံဆိပ်ခေါင်းခွန်မှာ ပစ္စည်းလွှဲပြောင်း ခြင်း စာချုပ်စာတမ်း(အမှတ်စဉ်၂၃) အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ သို့ရာတွင် အငှားချထားရန် သဘောတူစာချုပ်တွင် အငှား စာချုပ်အတွက် လိုအပ်သည့်အတိုင်း တန်ဖိုး အလျောက် တံဆိပ်ခေါင်းပါရှိ၍ အဆိုပါ သဘော တူစာချုပ်နှင့်အညီ အငှားစာချုပ်ကို နောက်ပိုင်း တွင် ချုပ်ဆိုလျှင် အဆိုပါ အငှားစာချုပ်အတွက် တံဆိပ်ခေါင်းခွန်မှာ ကျပ် ၆၀၀ ထက်မပိုစေရ ။ |
| | **ကင်းလွတ်ခွင့်များ**<br>(က)တောင်သူလယ်သမားများနှင့် စပ်လျဉ်း၍ စိုက်ပျိုး လုပ်ကိုင်ရန်ကိစ္စများ အလို့ငှာ ဒဏ်ငွေသော်လည်းကောင်း၊ စပေါ်ငွေသော်လည်းကောင်း မပေးဆောင်ဘဲ သို့မဟုတ် မပေးအပ်ဘဲ ချုပ်ဆို၍ ကာလအပိုင်းအခြားကို အတိ အလင်း သတ်မှတ်ပြီးလျှင် ထိုသို့သတ်မှတ်သည့် ကာလ အပိုင်းအခြားမှာ တစ်နှစ်ထက်မပိုသည့် သို့မဟုတ် သတ်မှတ်ရာပါ ပျမ်းမျှရ နှစ်စဉ်ငှားရမ်းခမှာ ကျပ် ၁၀,၀၀၀ ထက်မပိုသည့် အငှားစာချုပ်၊(၎င်းတွင် အစာရေ စာထုတ် လုပ်ရန် သစ်ပင်များ အငှားစာချုပ် လည်း ပါဝင်သည်။)<br>(ခ) တည်ဆဲဥပဒေများအရ ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ထုတ်ပေးထားသည့် အင်း အိုင် အငှားစာချုပ်များ | |
| | **၃၆။အစုရှယ်ယာများခွဲဝေသတ် မှတ်ပေးသည့်စာ။** ၎င်းမှာ ကုမ္ပဏီ သို့မဟုတ် ဖွဲ့စည်းရန် ရည်ရွယ်သည့် ကုမ္ပဏီ တစ်ခုခုတွင်ဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် ဖွဲ့စည်းရန် ရည်ရွယ် သည့် ကုမ္ပဏီတစ်ခုခုက ချေးယူလိုက်သည့်ငွေ တစ်ရပ်ရပ် နှင့် စပ်လျဉ်း၍ဖြစ်စေ အစုရှယ်ယာများကို ခွဲဝေသတ်မှတ် ပေးသည့် စာဖြစ်သည်။ | - ကျပ် ၆၀၀ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
| --- | --- | --- |
| | **သက်သေခံလက်မှတ်များ သို့မဟုတ် အခြားစာတမ်းအမှတ်အသား** (အမှတ်စဉ် ၁၉) ကိုလည်း ကြည့်ပါ။ | |
| | **၃၇။ ငွေပေးအမိန့်။** ဆိုလိုရင်းမှာ အမည်ပါသူသို့ ငွေထုတ်ပေးရန် တစ်ဦးကတစ်ဦးအား ခွင့်ပြုသည့် စာချုပ်စာတမ်းတစ်ခုခု။<br>အာမခံစာ။ သဘောတူစာချုပ် (အမှတ် စဉ် ၅) ကိုကြည့်ပါ။ | - ကျပ် ၂၀၀ |
| | **၃၈။ ကြွေးမြီပေးဆပ်ရန်အချိန်အခွင့်ပေးစာချုပ်စာတမ်း။** ဆိုလိုရင်းမှာ မြီရှင်များက မိမိတို့ကြွေးမြီများ တောင်းဆိုခြင်းကို သတ်မှတ်ထားသည့်အချိန်အတွင်း ရပ်ဆိုင်း၍ မြီစားအား ယင်း၏သဘောအတိုင်း လုပ်ငန်းဆက်လက် ဆောင်ရွက်ခွင့်ပြုရန် မြီစားနှင့်မြီရှင်များ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်တစ်ခုခု။ | - ကျပ် ၁,၀၀၀ |
| | **၃၉။ ကုမ္ပဏီ သင်းဖွဲ့မှတ်တမ်း-**<br>(က) မြန်မာနိုင်ငံကုမ္ပဏီများအက် ဥပဒေပုဒ်မ ၁၇အရ သင်းဖွဲ့စည်းမျဉ်းများပူးတွဲပါရှိလျှင်၊<br>(ခ) ထိုသို့ပူးတွဲမပါရှိလျှင်၊<br>**ကင်းလွတ်ခွင့်**<br>မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၆ အရ စီးပွားရေး အကျိုးအမြတ်အတွက် မဟုတ်ဘဲ ဖွဲ့စည်း၍ မှတ်ပုံတင်ထားသည့် အသင်းတစ်ခုခု၏သင်းဖွဲ့မှတ်တမ်း။ | <br>- ကျပ် ၁၅,၀၀၀<br><br>- ကျပ် ၁၅၀,၀၀၀ |
| | **၄၀။ အပေါင်စာချုပ်** ယင်းမှာပိုင်ဆိုင်ကြောင်းပြသည့်စာချုပ်စာတမ်းများတင်သွင်းခြင်း၊ ပေါင်နှံခြင်းနှင့် သက်ဆိုင်သည့်သဘောတူစာချုပ်(အမှတ်စဉ်၆) သော်လည်းကောင်း၊ သဘောင်္ာအပေါင်စာချုပ်(အမှတ်စဉ်၁၆)၊ ကောက်ပဲသီးနှံအပေါင်စာချုပ် (အမှတ်စဉ် ၄၁)၊ သဘောင်္ာပါကုန်အပေါင်စာချုပ်(အမှတ်စဉ် ၅၆)နှင့် အာမခံစာချုပ်(အမှတ်စဉ် ၅၇)တို့ သော်လည်းကောင်း မဟုတ်သည့်အပေါင်စာချုပ်ဖြစ်ပြီး - | |
| | (က)အဆိုပါစာချုပ်တွင် ပါဝင်သော ပစ္စည်းအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ ပေါင်နှံသူက လက်ရှိပေးအပ်လျှင် သို့မဟုတ် ပေးအပ်ရန်သဘောတူလျှင်၊ | အဆိုပါ အပေါင်စာချုပ်ဖြင့် အာမခံပေးသည့် ငွေနှင့်ညီမျှသော အဖိုးစားနားအတွက် တံဆိပ်ခေါင်းခွန်မှာ ပစ္စည်းလွှဲပြောင်းခြင်း စာချုပ်စာတမ်း (အမှတ်စဉ် ၂၃) အတွက်တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ |
| | (ခ) အထက်တွင်ဆိုခဲ့သည့်အတိုင်း လက်ရှိ မပေးအပ်လျှင် သို့မဟုတ် ပေးအပ်ရန် သဘောမတူလျှင်၊ | အဆိုပါ အပေါင်စာချုပ်ဖြင့် အာမခံသည့် ငွေအတွက် တံဆိပ်ခေါင်းခွန်မှာ ခံဝန်ချုပ်(အမှတ်စဉ် ၁၅)အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **ရှင်းလင်းချက်။** ပစ္စည်းပေါင် သူသည် အပေါင်ခံရသူအား ငွေးရမ်းခများ ကောက်ခံရန် ကိုယ်စားလှယ်စာ ကိုသော်လည်းကောင်း အပေါင်ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသ အငှားစာချုပ် ကိုသော်လည်းကောင်း ပေးလျှင် ဤအမှတ်စဉ်၏ အဓိပ္ပါယ်အရ လက်ရှိပေးအပ်သည်ဟု မှတ်ယူရမည်။ | |
| | (ဂ) နောက်ထပ်သော်လည်းကောင်း၊ အရန် သော်လည်းကောင်း၊ အပိုသော်လည်းကောင်း၊ အစားသော်လည်းကောင်း ဖြစ်သောအာမခံစာချုပ်တွင် သို့မဟုတ် အထက်ဖော်ပြပါကိစ္စ အလို့ငှာ နောက်ထပ် အာမခံသည့်အနေဖြင့် အဓိက သို့မဟုတ် မူလ အာမခံစာချုပ်တွင် ထိုက်သင့်သည့် တံဆိပ်ခေါင်း ပါ ရှိလျှင် - | |
| | - ကျပ် ၁၀၀၀၀၀၀၀(၁၀သိန်း) ထက်မပိုဘဲ အာမခံသမျှငွေအတွက်၊ | - ကျပ် ၅၀ |
| | - ထို့ပြင် ကျပ်၁၀၀၀၀၀၀၀(၁၀သိန်း) ထက်ပိုသမျှ အာမခံသည့်ငွေအတွက် ကျပ်(၁သိန်း)လျှင် သို့မဟုတ် ၎င်း၏ အစိတ်အပိုင်း တစ်ခုလျှင် - | - ကျပ် ၅၀ |
| | **ကင်းလွတ်ခွင့်များ** | |
| | (၁)တည်ဆဲဥပဒေများအရ ငွေချေးယူသူတို့က သို့မဟုတ် ယင်းတို့အတွက် အာမခံသူတို့က အဆိုပါထုတ်ချေးငွေများ ပြန်ဆပ်ရန် အာမခံအဖြစ်ဖြင့် ချုပ်ဆိုသည့်စာချုပ်စာတမ်းများ၊ | |
| | (၂)ငွေလွှဲလက်မှတ်နှင့်အတူပါ ပစ္စည်းအပေါင်သွင်းစာတမ်း။ | |
| | **၄၁။ ကောက်ပဲသီးနှံအပေါင်စာချုပ်** ယင်းတွင် ပေါင်နှံစဉ်က ကောက်ပဲသီးနှံ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထိုကောက်ပဲသီးနှံ အပေါင်တစ်ခုခုဖြင့် ချေးယူသည့်ငွေကို ပြန်ဆပ်ပါမည်ဟု အာမခံရန် သဘောတူကြောင်း သက်သေခံသည့် စာချုပ်စာတမ်းတစ်ခုခုပါဝင်သည် - | |
| | (က)စာချုပ်စာတမ်းချုပ်ဆိုသည့် နေ့ရက်မှ သုံးလမကျော်မီ ပြန်ဆပ်ရမည့်ချေးငွေဖြစ်လျှင် - | |
| | - ကျပ် ၂၀၀၀၀၀(၂သိန်း)ထက်မပိုဘဲ အာမခံသမျှငွေအတွက်၊ | - ကျပ် ၅၀ |
| | - ထို့ပြင် ကျပ်၂၀၀၀၀၀(၂သိန်း) ထက်ပိုသမျှ အာမခံသည့်ငွေ အ တွက် ကျပ်၂၀၀၀၀၀ (၂ သိန်း ) လျှင် သို့မဟုတ် ၎င်း၏အစိတ် အပိုင်းတစ်ခုလျှင် - | - ကျပ် ၅၀ |
| | (ခ) စာချုပ်စာတမ်းချုပ်ဆိုသည့် နေ့ ရက်မှ ၃လကျော်တွင် ပြန်ဆပ် ရမည် ဖြစ်သော်လည်း ၁၈ လ ထက်မကျော်မီ ပြန်ဆပ်ရမည့် အကြွေးဖြစ်လျှင်၊ | |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | - ကျပ် ၁၀၀၀၀၀ (၁သိန်း) ထက် မပိုဘဲ အာမခံသမျှ ငွေအတွက်၊ | - ကျပ် ၅၀ |
| | - ထို့ပြင် ကျပ်၁၀၀၀၀၀(၁သိန်း) ထက်ပိုသမျှ အာမခံသည့်ငွေ အတွက် ကျပ် ၁၀၀၀၀၀ (၁ သိန်း)လျှင် သို့မဟုတ် ၎င်း၏ အစိတ်အပိုင်း တစ်ခုလျှင် - | - ကျပ် ၅၀ |
| | ၄၂။ **နိုတြီသက်သေခံလက်မှတ်။** ဆိုလိုသည်မှာ နိုတြီအရာရှိက မိမိ၏ ရာထူးအလျောက် တာဝန်ဝတ္တရားများ ဆောင်ရွက်ရာတွင် ပြုလုပ်သည့် သို့မဟုတ် လက်မှတ် ရေးထိုးသည့် သို့မဟုတ် နိုတြီအရာရှိအဖြစ်ဖြင့် တရားဥပဒေနှင့်အညီ ဆောင်ရွက်သော အခြားသူတစ်ဦးဦးက ပြုလုပ်သည့် သို့မဟုတ် လက်မှတ်ရေးထိုးသည့် **ငွေထုတ်မပေးကြောင်း ကြေညာစာတမ်း** (အမှတ်စဉ်၅၀) မဟုတ်သော စာချုပ်စာတမ်း၊ ထပ်ဆင့် လက်မှတ်ရေးထိုး ထောက်ခံချက်၊<br><br>**ငွေလွှဲလက်မှတ်** သို့မဟုတ် **ငွေပေးကတိစာချုပ်ကို ငွေထုတ်မပေးကြောင်း ကြေညာစာတမ်း** (အမှတ် စဉ် ၅၀) ကိုကြည့်ပါ။ | - ကျပ် ၁,၀၀၀ |
| | ၄၃။ **မှတ်စု သို့မဟုတ် အမှာစာတမ်း** ယင်းမှာ အကျိုးဆောင်က သော်လည်းကောင်း၊ ကိုယ်စားလှယ်ကသော်လည်းကောင်း မိမိ၏အကြီးအကဲအတွက် အောက်ပါတို့ကို ဝယ်ယူကြောင်း သို့မဟုတ် ရောင်းချကြောင်းဖြင့် အဆိုပါအကြီးအကဲထံ ပေးပို့သည့်အကြောင်းကြားစာတမ်းဖြစ်သည် -<br>(က) တန်ဖိုး ကျပ် ၁၀၀,၀၀၀ (၁သိန်း) ထက် ပိုသော ကုန်စည် တစ်ခုခု၊ | - ကျပ် ၅၀ |
| | (ခ)တန်ဖိုးကျပ် ၁၀၀,၀၀၀ (၁သိန်း) ထက်ပိုသော အစုရှယ်ယာစတော့ သို့မဟုတ် ဈေးကွက်ဝင်ငွေချေး သက်သေခံလက်မှတ်တစ်ခုခု၊ | အစုရှယ်ယာစတော့(ခ်) သို့မဟုတ် ငွေချေး သက်သေခံလက်မှတ်တန်ဖိုး ကျပ် ၁၀,၀၀၀၀ (၁သိန်း) သို့မဟုတ် ၎င်း၏အစိတ်အပိုင်း အသီးသီးအတွက် ၁၅ ကျပ်။ သို့ရာတွင် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်မှာ အများဆုံး ကျပ်၁၀၀,၀၀ ထက် မပိုစေရ။ |
| | ၄၄။ **သင်္ဘောရေယာဉ်မှူး၏ ကြေညာစာတမ်း ။**<br>**သင်္ဘောရေယာဉ်မှူး၏ ကြေညာချက်** (အ မှတ်စဉ် ၅၁) ကိုလည်းကြည့်ပါ။ **ငွေပေးအမိန့်၊ ငွေလွှဲလက်မှတ်** (အမှတ်စဉ် ၁၃) ကိုကြည့်ပါ။ | -ကျပ် ၁၀၀ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **၄၅။ ပစ္စည်းခွဲဝေသည့် စာချုပ် စာတမ်း။**[ပုဒ်မ ၂ (၁၅)တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း]<br>**မှတ်ချက်။** ပစ္စည်းခွဲဝေပြီးနောက် ကျန်ရှိသော အများဆုံး ဝေစုမှာ (သို့မဟုတ် ဝေစုနှစ်စုတွင် သော်လည်းကောင်း၊ နှစ်စု ထက်ပိုသောဝေစုများတွင် သော်လည်းကောင်း၊ တန်ဖိုးချင်း တူညီ၍ အခြားဝေစုတစ်ခုခု အောက်မနည်းလျှင် အဆိုပါ တန်ဖိုးတူဝေစုတစ်ခုခုမှာ) ၎င်းမှအခြားဝေစုများ ခွဲဝေပေး သည့်ဝေစုဖြစ်သည်ဟု မှတ်ယူရမည်။<br>သို့ရာတွင် -<br>(က) ပစ္စည်းကိုအသီးသီးခွဲဝေရန် သဘောတူညီချက်ပါရှိ သော ပစ္စည်းခွဲစာချုပ်စာတမ်းကို ချုပ်ဆို၍ အဆိုပါ သဘော တူညီချက်နှင့်အညီ ပစ္စည်းခွဲဝေခြင်းပြုလုပ်သည့်အခါ ထို ပစ္စည်းခွဲဝေသည့် စာချုပ်စာတမ်းအတွက် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်တွင် ပထမစာချုပ်စာတမ်းအတွက် ပေးဆောင် ထားသည့် တံဆိပ်ခေါင်းခွန်ငွေကို လျှော့ရမည်။ သို့ရာတွင် ကျန်တံဆိပ်ခေါင်းခွန်မှာ ကျပ် ၂၀၀၀ အောက် မလျှော့စေရ။<br>(ခ) အခွန်စတင်စည်းကြပ်သည့်အခါမှ နှစ်ပေါင်း သုံးဆယ် ထက်မပိုသည့်ကာလ အပိုင်းအခြားအတွင်းမြေကို လက်ရှိ ထား၍ စည်းကြပ်သည့်အခွန်ကို အပြည့်ပေးဆောင်လျှင် တံဆိပ်ခေါင်းခွန်ကိစ္စ အလို့ငှာ တန်ဖိုးကို နှစ်စဉ်ထမ်းဆောင် ရမည့်အခွန်၏ ၅ဆ ထက် မပိုစေဘဲ တွက်ချက်ရမည်။<br>(ဂ) အခွန်အာဏာပိုင်တစ်ဦးဦးက ဖြစ်စေ၊ တရားမတရား ရုံးတစ်ခုခုကဖြစ်စေ ပစ္စည်းခွဲဝေစေဟု ချမှတ်သည့် အပြီး သတ်အမိန့်မှာ သို့မဟုတ် အနုညာတခုံသမာဓိလူကြီးက ပစ္စည်းခွဲဝေစေဟု ညွှန်ကြားသည့် ဆုံးဖြတ်ချက်မှာ ပစ္စည်းခွဲ ဝေသည့် စာချုပ်စာတမ်းအတွက်လိုအပ်သော တံဆိပ် ခေါင်းပါရှိ၍ အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့် အညီ ပစ္စည်းခွဲဝေစေသည့်စာချုပ်စာတမ်းကို နောက်ပိုင်း တွင် ချုပ်ဆိုလျှင် အဆိုပါစာချုပ်စာတမ်းအတွက် တံဆိပ် ခေါင်းခွန်မှာ ကျပ် ၂,၀၀၀ ထက် မပိုစေရ။ | ပစ္စည်းခွဲဝေသည့် ဝေစု သို့မဟုတ် ဝေစုများ၏ တန်ဖိုးအတွက် တံဆိပ်ခေါင်းခွန်မှာ ခံဝန်ချုပ် (အမှတ်စဉ် ၁၅)အတွက် တံဆိပ်ခေါင်းခွန် အတိုင်း ဖြစ်သည်။ |
| | **၄၆။ အစုစပ်လုပ်ငန်းစာချုပ်။**<br>က ။ အစုစပ်လုပ်ငန်းစာချုပ်မှာ - | |
| | (က) အစုစပ်လုပ်ငန်း၏ မတည် ငွေရင်းမှာ ကျပ် ၅၀၀,၀၀၀ (၅ သိန်း) ထက်မပိုလျှင်၊ | - ကျပ် ၃၀၀ |
| | (ခ) အခြားကိစ္စတစ်ခုခုတွင်ဖြစ်လျှင်၊ | -ဤ အမှတ်စဉ်အပိုင်း-က၏ အထက်ပါ အပိုဒ်ခွဲ (က)အရ ထိုက်သင့်သည် တံဆိပ်ခေါင်းခွန် အပြင် ပိုသောငွေပမာဏ သို့မဟုတ် တန်ဖိုး အပေါ် ၁% ။<br>သို့ရာတွင် အများဆုံး တံဆိပ်ခေါင်းခွန်မှာ ကျပ် ၁၀၀,၀၀၀(၁သိန်း) ဖြစ်ရမည်။ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် | |
|---|---|---|---|
| | ခ။ **အစုစပ်လုပ်ငန်း ဖျက်သိမ်း ခြင်းစာချုပ်။** [အပေါင်အနှံ။ ပိုင်ဆိုင်ကြောင်းပြသည့် စာချုပ်များတင်သွင်းခြင်း သို့မဟုတ် ပေါင်နှံခြင်းနှင့် သက်ဆိုင်သော သဘောတူစာချုပ် (အမှတ်စဉ် ၆) ကို ကြည့်ပါ။ | - ကျပ် ၂၀၀၀ | |
| | | တစ် စောင် တည်း ချုပ်ဆို လျှင် | နှစ်စောင် ချုပ်ဆိုလျှင် တစ်စောင်စီအတွက် |
| | **၄၇။ အာမခံပေါ်လစီစာချုပ်** | | |
| | က။ပင်လယ်ရေကြောင်းအာမခံစာချုပ်(ပုဒ်မ၇ကိုကြည့်ပါ) | | |
| | (၁) ပင်လယ်ရေကြောင်းခရီး တစ်ခုခုအတွက်သို့မဟုတ် ပင်လယ် ရေကြောင်းခရီး တစ်ခုခုထွက်ရန် အတွက် - | | |
| | (i) စပေါ်ငွေမှာ သို့မဟုတ် အဖိုးစားနားမှာ အာမခံပေါ်လစီစာချုပ်ဖြင့် အာမခံသည့် ငွေတစ်ကျပ်၏ ၁၀ ပုံ ၁ ပုံနှုန်း သို့မဟုတ် ၁၀ ပြားထက်မပိုလျှင် | ၁၀ | ၁၀ |
| | (ii) အခြားကိစ္စတစ်ခုခုတွင် အာမခံပေါ်လစီစာချုပ်ဖြင့် အာမခံသည့်ငွေပေါင်း ကျပ် ၁၀၀၀၀၀ ပြည့်တိုင်း ပြည့်တိုင်း ထိုကျပ်၁၀၀၀၀၀ အတွက်၊ ထို့ပြင်၎င်း၏အစိတ်ပိုင်းတစ်ခုခုအတွက် | ၁၀ | ၁၀ |
| | (၂) အချိန်ကာလအတွက် - | | |
| | (iii) အာမခံပေါ်လစီစာချုပ်ဖြင့် အာမခံသည့် ငွေပေါင်း ကျပ်၁၀၀၀၀၀ပြည့်တိုင်းပြည့်တိုင်း ထိုကျပ် ၁၀၀၀၀၀ အတွက်၊ ထို့ပြင် ၎င်း၏အစိတ်အပိုင်းတစ်ခုခု အတွက် | | |
| | -အာမခံကို ၆လထက် မပိုသော အချိန်ကာလ တစ်ခုခုအတွက် ပြုလုပ်လျှင်၊ | ၁၀ | ၁၀ |
| | - အာမခံကို ၆ လထက်ပို၍ ၁၂လထက် မပိုသော အချိန်ကာလတစ်ခုခု အတွက်ပြုလုပ်လျှင် | ၁၀ | ၁၀ |
| | **ခ။ မီးအာမခံစာချုပ်နှင့်အခြား အာမခံစာချုပ်အမျိုးအစားများ။** (ဤအမှတ်စဉ် ၄၇တွင် အခြားနေရာ၌ ထည့်သွင်းမထားသော ထိုအာမခံစာချုပ်စာတမ်းများ) ၎င်းတို့မှာ ကုန်စည်များ၊ ရောင်းကုန်ဝယ်ကုန်များ၊ ကိုယ်ပိုင်ပစ္စည်းများ၊ ကောက်ပဲသီးနှံများနှင့် အခြားပစ္စည်းများ ဆုံးရှုံးခြင်းမှ သို့မဟုတ် ပျက်စီးခြင်းမှ ကာမိရန် ချုပ်ဆိုသည့် အာမခံစာချုပ်များဖြစ်ပြီး | | |
| | (၁) မူရင်းအာမခံပေါ်လစီစာချုပ် နှင့်စပ်လျဉ်း၍ - | | |
| | (i) အာမခံသည့်ငွေပေါင်း ကျပ်၅၀၀,၀၀၀ ထက်မပို လျှင်၊ | - ကျပ် ၅၀ | |
| | (ii) အခြားကိစ္စတစ်ခုခုဖြစ်လျှင် | - ကျပ် ၁၀၀ | |
| | (၂) မူရင်း အာမခံပေါ်လစီစာချုပ်အသစ်လဲလျှင် ထိုသို့ အသစ်လဲသည့်အခါ ပေးသည့်စပေါ်ငွေတစ်ခုခု အတွက် ပြေစာအသီးသီး နှင့်စပ်လျဉ်း၍ | (အမှတ်စဉ် ၅၃)အရ ထိုက်သင့်သောငွေရှိလျှင်၊ ထိုငွေအပြင် မူရင်းအာမခံပေါ်လစီစာချုပ် နှင့် စပ်လျဉ်း၍ ထိုက်သင့်သော တံဆိပ်ခေါင်းခွန်၏ထက်ဝက်ဖြစ်သည်။ | |

<table>
<tr><th>စဉ်</th><th>စာချုပ်စာတမ်းအမျိုးအစား</th><th colspan="2">ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်</th></tr>
<tr><td></td><td>ဂ။ မတော်တဆထိခိုက်မှုနှင့် ဖျားနာမှု အာမခံစာချုပ် -<br>(က) ခရီးတစ်ခေါက်တည်းအတွက်သာ အတည်ဖြစ်သော မီးရထားမတော်တဆထိခိုက်မှုအတွက် အာမခံသည့်စာချုပ် ဖြစ်လျှင်<br>ကင်းလွတ်ခွင့်<br>မည်သည့်မီးရထားတွင်မဆို အလယ်အလတ်တန်းဖြင့် သို့မဟုတ် တတိယတန်းဖြင့် စီးနင်းလိုက်ပါသူ ခရီးသည်အား ထုတ်ပေးသည့်အခါ -</td><td colspan="2">- ကျပ် ၁၀</td></tr>
<tr><td></td><td>(ခ) အခြားကိစ္စတစ်ခုခုတွင် အာမခံပေးရမည့် အများဆုံးငွေ ပေါင်းတိုင်းအတွက် ကျပ်၁၀၀,၀၀၀ သို့မဟုတ် ၎င်း၏ အစိတ်အပိုင်း အသီးသီးအတွက်။</td><td colspan="2">- ကျပ် ၃၀<br>သို့ရာတွင် မတော်တဆ ထိခိုက်၍ သေဆုံးမှုအတွက် အာမခံပေါ်လစီစာချုပ်ဖြစ်သည့်ကိစ္စတွင် နှစ်စဉ်စပေါ်ငွေမှာ ကျပ် ၁၀၀,၀၀၀လျှင် ၅၀၀ကျပ်ထက်မပိုသော အဆိုပါ စာချုပ်စာတမ်းပေါ်တွင်ပေးရမည့် အများဆုံးငွေနှင့်စပ်လျဉ်း၍ ကျပ် ၁၀၀,၀၀၀ သို့မဟုတ်၎င်း၏ အစိတ် အပိုင်းအသီးသီးအတွက် ၃၀ကျပ် ဖြစ်စေရမည်။</td></tr>
<tr><td></td><td></td><td>တစ် စောင် တည်း ချုပ်ဆို လျှင် ကျပ်</td><td>နှစ်စောင် ချုပ်ဆိုလျှင် တစ်စောင်စီအတွက် ကျပ်</td></tr>
<tr><td></td><td>ဂဂ။ လျော်ကြေးအတွက်အာမခံစာချုပ် ယင်းမှာ အာမခံထားသူက ခိုင်းစေသော သို့မဟုတ် ၎င်း၏ လက်အောက်တွင် လုပ်ကိုင်သော အလုပ်သမားများ မတော်တဆ ထိခိုက်မှုကြောင့် လျော်ကြေးပေးရန် တာဝန်အတွက် သော်လည်းကောင်း၊ ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေအရ လျော်ကြေး ပေးရန်တာဝန်အတွက် သော်လည်းကောင်း၊ အာမခံသည့်စာချုပ်ဖြစ်၍ စပေါ်ငွေအဖြစ်ဖြင့် ပေးရမည့်ကျပ် ၁၀၀,၀၀၀ သို့မဟုတ် ၎င်း၏ အစိတ်အပိုင်း အသီးသီး အတွက်၊</td><td>၁၀</td><td></td></tr>
<tr><td></td><td>ဃ။ အသက်အာမခံစာချုပ် သို့မဟုတ် သီးခြားပြဋ္ဌာန်း မထား သောအခြားအာမခံစာချုပ်။ ဤအမှတ်စဉ် ၄၇ ၏အပိုင်း င တွင် ဖော်ပြထားသော ထပ်မံအာမခံထားသည့် စာချုပ်မှအပ -</td><td></td><td></td></tr>
<tr><td></td><td>(i)ကျပ် ၂၅,၀၀၀ ထက် မပိုဘဲ အာမခံသမျှငွေအတွက်</td><td>၁၀</td><td>၁၀</td></tr>
<tr><td></td><td>(ii)ကျပ် ၂၅,၀၀၀ ထက်ပို၍ ကျပ် ၅၀,၀၀၀ ထက်မပိုဘဲ အာမခံသမျှ ငွေအတွက်</td><td>၂၀</td><td>၁၀</td></tr>
<tr><td></td><td>(iii)ကျပ် ၅၀,၀၀၀ထက်ပို၍ ကျပ် ၁၀၀၀၀၀ ထက်မပိုဘဲ အာမခံသမျှငွေအတွက်၊ ထို့ပြင် ကျပ် ၁၀၀,၀၀၀ ထက်ပိုသမျှ ၊ ကျပ် ၁၀၀,၀၀၀ တိုင်း သို့မဟုတ် ၎င်း၏ အစိတ်အပိုင်းအသီးသီး အတွက်<br>ကင်းလွတ်ခွင့်<br>စာပို့တိုက် အသက်အာမခံ အတွက် နည်းဥပဒေများနှင့်အညီ ထုတ်ပေးသည့် အသက်အာမခံပေါ်လစီ စာချုပ်များ။</td><td>၃၀</td><td>၁၀</td></tr>
</table>

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **င။ အာမခံကုမ္ပဏီက ထပ်မံအာမခံ ထားသည့် စာချုပ်။** ၎င်းမှာ၊ ဤအချက်ပါ အပိုင်း-ကတွင်သော်လည်းကောင်း၊ အပိုင်း-ခတွင်သော်လည်း ကောင်း၊ သီးခြားဖော်ပြထားသည့် ပေါ်လစီစာချုပ်မျိုး ထုတ်ပေးသော အာမခံကုမ္ပဏီက မူရင်းအာမခံစာချုပ်နှင့်စပ်လျဉ်း၍ ၎င်းစာချုပ်အရ အာမခံသည့်ငွေအချို့အဝက်ပေးရခြင်းကို ကာမိစေရန် အခြား ကုမ္ပဏီနှင့် ထပ်မံချုပ်ဆိုသည့် လျော်ကြေးစာချုပ် သို့မဟုတ် အာမခံစာချုပ် ဖြစ်သည်။<br>**အရပ်ရပ်ကင်းလွတ်ခွင့်**<br>အာမခံပေါ်လစီစာချုပ်ထုတ်ပေးရန် အာမခံစာ သို့မဟုတ် တာဝန်ခံစာ။<br>သို့ရာတွင် အဆိုပါ အာမခံစာမှာ သို့မဟုတ် တာဝန်ခံစာမှာ ထိုပေါ်လစီစာချုပ်အတွက် ဤအက်ဥပဒေဖြင့် သတ်မှတ်ထားသည့် တံဆိပ်ခေါင်းမပါရှိလျှင် ထိုစာအရ မည်သည့် အခွင့်အရေးကိုမျှ တောင်းဆိုပိုင်ခွင့် မရှိစေရ။ ထို့ပြင် ထိုစာမှာ ၎င်းတွင်ဖော်ပြထားသည့် ပေါ်လစီစာချုပ်ကို ပေးအပ်ရန် အတင်းအကြပ် ပြုလုပ်ရေးကိစ္စမှအပ အခြားကိစ္စတစ်ရပ်ရပ်အတွက် ခိုင်လုံခြင်း မရှိစေရ။ | မူရင်းအာမခံစာချုပ်အတွက် ပေးဆောင်ရမည့် တံဆိပ်ခွန်၏လေးပုံတစ်ပုံ၊ သို့ရာတွင် ကျပ်၁၀ အောက်မနည်း ၅၀ ကျပ် ထက် မပိုစေရ။ |
| | **၄၈။ ကိုယ်စားလှယ်လွှဲစာ။** [ပုဒ်မ ၂(၂၁)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း] ၎င်းမှာဆန္ဒမဲပေးရန် ကိုယ်စားလှယ် လွှဲအပ်စာ (အမှတ်စဉ်၅၂)မဟုတ်သော စာချုပ်စာတမ်းဖြစ်ပြီး - | |
| | (က)ထိုကိစ္စတစ်ရပ်တည်းနှင့် သက်ဆိုင်သော စာတမ်း အမှတ်အသားတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စာတမ်း အမှတ်အသားများကို မှတ်ပုံတင်ရေးကိစ္စ သက်သက်အတွက် ဖြစ်စေ၊ အဆိုပါ စာတမ်းအမှတ်အသားတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စာတမ်းအမှတ်အသားများချုပ်ဆိုခြင်းကို ဝန်ခံရေးအတွက် ဖြစ်စေ၊ ချုပ်ဆိုလျှင်၊ | - ကျပ် ၁၀၀ |
| | (ခ)တရားမမှု သို့မဟုတ်အခြားမှုခင်း များတွင်လိုအပ်လျှင် | - ကျပ် ၁၀၀ |
| | (ဂ)အပိုဒ်ခွဲ(က)တွင်ဖော်ပြထားသည့်ကိစ္စမှအပ အခြားကိစ္စ တစ်ရပ်တည်းတွင် ဆောင်ရွက်ရန် ပုဂ္ဂိုလ် တစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက်ပို၍ အများကိုဖြစ်စေ အခွင့်အာဏာ အပ်နှင်းလျှင်၊ | - ကျပ် ၃၀၀ |
| | (ဃ)တစ်ရပ်ထက်ပိုသောကိစ္စရပ်တွင် တွဲဖက်၍ဖြစ်စေ၊ ကိုယ်စီကိုယ်ငှဖြစ်စေ ဆောင်ရွက်ရန် သို့မဟုတ် အထွေထွေကိစ္စဆောင်ရွက်ရန် ၅ဦးထက်မပိုသော သူတို့အား အခွင့်အာဏာအပ်နှင်းလျှင်၊ | - ကျပ် ၁,၀၀၀ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | (င) တစ်ရပ်ထက်ပိုသော ကိစ္စရပ် များတွင် တွဲဖက်၍ ဖြစ်စေ၊ ကိုယ်စီကိုယ်ငှဖြစ်စေ ဆောင်ရွက်ရန် သို့မဟုတ် အထွေထွေကိစ္စဆောင်ရွက်ရန် ၅ဦးထက်ပိုပြီး ၁၀ဦး ထက်မပိုသောသူတို့အား အခွင့်အာဏာအပ်နှင်းလျှင်၊ | - ကျပ် ၂,၅၀၀ |
| | (စ)အဖိုးစားနားအတွက်ပေး၍ မရွှေ့မပြောင်းနိုင်သောပစ္စည်း တစ်ခုခုရောင်းချရန် ကိုယ်စားလှယ်အား အခွင့်အာဏာ အပ်နှင်းလျှင်၊ | အဖိုးစားနားပမာဏအတွက်တံဆိပ်ခေါင်းခွန်မှာ ပစ္စည်းလွှဲပြောင်းခြင်းစာချုပ်စာတမ်း (အမှတ်စဉ်၂၃)အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ |
| | (ဆ)အခြားကိစ္စတစ်ရပ်ရပ်ဖြစ်လျှင်၊ | အာဏာအပ်နှင်းခံရသူ အသီးသီးအတွက် ၈၀၀ ကျပ်စီ။<br>မှတ်ချက်။ မှတ်ပုံတင်ခြင်းဆိုသည့် စကားရပ်တွင် ၁၉၀၈ ခုနှစ်၊မှတ်ပုံတင်ခြင်း အက်ဥပဒေအရ မှတ်ပုံတင်ခြင်းနှင့် ဆက်စပ်လျှက်ရှိသည့် လုပ်ကိုင်ဆောင်ရွက်မှုတိုင်း ပါဝင်သည်။ |
| | **ရှင်းလင်းချက်။** ဤအမှတ်စဉ်ပါ ကိစ္စအလို့ငှာ တစ်ဦးထက်မပိုသောသူများသည် အစုစပ်လုပ်ငန်းတစ်ခုတည်းတွင် ပါဝင်သူများ ဖြစ်လျှင် ထိုသူတို့ကို တစ်ဦးတည်းအဖြစ်မှတ်ယူရမည်။ | |
| | **၄၉။ ငွေပေးကတိစာချုပ်။**[ပုဒ်မ၂(၂၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း] | |
| | (က)တောင်းဆိုသည့်အခါငွေ ထုတ်ပေးရမည့်ကိစ္စတွင် - | |
| | (၁)သင့်ငွေပမာဏ သို့မဟုတ် တန်ဖိုး မှာ ကျပ်၂၅၀၀၀ ထက်မပို လျှင်၊ | - ကျပ် ၅၀ |
| | (၂)သင့်ငွေပမာဏ သို့မဟုတ် တန်ဖိုးမှာကျပ်၂၅၀၀၀ ထက်ပို၍ ကျပ် ၁၀၀၀၀၀ ( ၁ သိန်း ) မပိုလျှင်၊ | - ကျပ် ၁၀၀ |
| | (၃)အခြားကိစ္စတစ်ခုခုဖြစ်လျှင်။ | - ကျပ် ၁၅၀ |
| | (ခ)တောင်းဆိုသည့်အခါ မဟုတ်ဘဲ အခြားနည်းဖြင့် ငွေထုတ်ပေးရမည့်ကိစ္စတွင်၊ | တောင်းဆိုသည့်အခါ မဟုတ်ဘဲ အခြားနည်းဖြင့်ထုတ်ပေးရမည့် အလားတူ ငွေအတွက် တံဆိပ်ခေါင်းခွန်မှာ ငွေပေးအမိန့်လက်မှတ် (အမှတ်စဉ်၁၃)အတွက် တံဆိပ်ခေါင်းခွန် အတိုင်း ဖြစ်သည်။ |
| | **၅၀။ ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ်ကို လက်မခံ ငွေထုတ်မပေးကြောင်း ကြေညာစာတမ်း။** ဆိုလိုသည်မှာ ငွေလွှဲလက်မှတ်ကို သို့မဟုတ် ငွေပေးကတိစာချုပ်ကို လက်မခံ ငွေထုတ်မပေးကြောင်းဖြင့် နိုတြီအရာရှိကဖြစ်စေ၊ နိုတြီအရာရှိအဖြစ်ဖြင့် တရားဥပဒေနှင့်အညီ ဆောင်ရွက်သော အခြားသူကဖြစ်စေ သက်သေခံလက်မှတ်ရေးထိုး၍ ပြုလုပ်သည့် ကြေညာစာတမ်း၊ | - ကျပ် ၂၅၀ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **၅၁။ သင်္ဘောရေယာဉ်မှူး၏ ကြေ ညာချက်။** ဆိုလိုရင်းမှာ ဆုံးရှုံးမှုများ စာရင်းညှိရန် သို့မဟုတ် ဆုံးရှုံးမှုပျမ်းမျှအရ အချိုးအစားတွက်ချက်ရန် ရည်ရွယ်၍ ရေယာဉ်မှူးက ရေးသားသည့် သင်္ဘောရေကြောင်းခရီးအကြောင်းအရာ ကြေညာချက်တစ်ခုခုအပြင် သင်္ဘောငှားသူ သို့မဟုတ် ကုန်တင်ပို့ခံရသူများနှင့်စပ်လျဉ်း၍ သင်္ဘောကို ကုန်မတင်မချကြောင်းဖြင့် ရေယာဉ်မှူးကစာဖြင့် ရေးသားကာ ပြုလုပ်သည့် ကြေညာချက်အသီးသီး။ ထိုကြေညာချက်ကို နိုတြီအရာရှိကဖြစ်စေ၊ နိုတြီအရာရှိအဖြစ်ဖြင့် တရားဥပဒေနှင့်အညီ ဆောင်ရွက်သော အခြားသူကဖြစ်စေ၊ သက်သေခံလက်မှတ်ရေးထိုးလျှင်၊ (သင်္ဘောရေယာဉ်မှူး၏ ကြေညာစာတမ်း(အမှတ်စဉ် ၄၄) ကိုလည်း ကြည့်ပါ။) | - ကျပ် ၂၅၀ |
| | **၅၂။ ဆန္ဒမဲပေးရန်အခွင့်အာဏာလွှဲအပ်စာ။** ယင်းမှာ-<br>(က)အစုရှယ်ယာစတော့ သို့မဟုတ် ရန်ပုံငွေများကို လွှဲပြောင်းနိုင်သည့် အစုရှယ်ယာများအဖြစ် ခွဲခြားထားသော တရားဥပဒေအရ ဖွဲ့စည်းထားသည့်ကုမ္ပဏီ သို့မဟုတ် အခြားတရားဝင်အဖွဲ့အစည်းတွင် ပါဝင်သူတို့ အစည်းအဝေးတစ်ခုခု၌ဖြစ်စေ၊<br>(ခ)ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းအဝေးတစ်ခုခု၌ ဖြစ်စေ၊<br>(ဂ)အသင်းအဖွဲ့တစ်ခုခု၏ပိုင်ရှင်များ၊ ယင်းတွင် ပါဝင်သူများ၊ သို့မဟုတ် ယင်း၏ရန်ပုံငွေများတွင် ထည့်ဝင်သူများအစည်းအဝေးတစ်ခု၌ဖြစ်စေ မဲဆန္ဒပေးရန် ပုဂ္ဂိုလ်တစ်ဦးဦးအား အခွင့်အာဏာအပ်နှင်းသည့်စာ ဖြစ်သည်။ | - ကျပ် ၅၀ |
| | **၅၃။ပြေစာ။**[ပုဒ်မ ၂(၂၃)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အတိုင်း]ယင်းမှာ ကျပ် ၅၀၀၀ ထက်ပိုသည့်ငွေအတွက် သို့မဟုတ် ကျပ်၅၀၀၀ထက်ပို၍ တန်ဖိုးရှိ အခြားပစ္စည်း တစ်ရပ်ရပ်အတွက် ငွေရပြေစာဖြစ် သည်။<br>**ကင်းလွတ်ခွင့်များ**<br>**ကင်းလွတ်ခွင့်ရှိသောပြေစာ-**<br>(က) ထိုက်သင့်သောတံဆိပ်ခေါင်းပါရှိသည့် စာချုပ်စာတမ်း သို့မဟုတ် ပုဒ်မ ၃ ပါ ခြွင်းချက်အရ တံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့်ပေးထားသည့်စာချုပ်စာတမ်း(အစိုးရအတွက်ချုပ်ဆိုသည့်စာချုပ်စာတမ်းများ) သို့မဟုတ် ချက်လက်မှတ် သို့မဟုတ် တောင်းဆိုသည့်အခါ ငွေထုတ်ပေးရမည့် ငွေလွှဲလက်မှတ်တစ်ခုခုပေါ်တွင်ဖြစ်စေ၊ ယင်းတွင်ဖြစ်စေ ဖော်ပြပါ အဖိုးစားနားငွေရကြောင်း၊ သို့မဟုတ် ယင်းအရ အာမခံထားသည့်ငွေရင်း၊ အတိုး သို့မဟုတ် ရာသက်ပန် နှစ်စဉ်ကြေး သို့မဟုတ် အခြားကာလအပိုင်းအခြားလိုက် ငွေရကြောင်း ဝန်ခံလျက် ထပ်ဆင့်လက်မှတ် ရေးထိုးထားသည့် သို့မဟုတ် ပါရှိသည့် ပြေစာ၊ | - ၅ ကျပ် |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
| --- | --- | --- |
| | (ခ)အဖိုးစားနားမရှိဘဲ ငွေတစ်ရပ်ရပ်ပေးသည့် အတွက်ပြေစာ၊<br>(ဂ)အစိုးရအခွန် စည်းကြပ်ထား သည့် မြေနှင့်စပ်လျဉ်း၍ တောင် သူလယ်သမားက ငှားရမ်းခပေးသည့် အတွက် ပြေစာ။<br>(ဃ)မြန်မာနိုင်ငံကြည်းတပ်၊ရေတပ် သို့မဟုတ် လေတပ်မှ ပြန်တမ်းဝင် မဟုတ်သော အရာရှိများ၊ စစ်သားများ သို့မဟုတ် တပ်မတော်လေတပ်သားများက အဆိုပါ ရာထူး ဆောင်ရွက်စဉ်ပေးသောလစာ သို့မဟုတ် စရိတ် ငွေ အတွက် ပြေစာ။<br>(င) မည်သူမဆိုအဆိုပါ ကြည်းတပ်၊ ရေတပ် သို့မဟုတ် လေ တပ်တစ်ခုခုတွင် ပြန်တမ်းဝင်မဟုတ်သောအရာရှိ၊ စစ် သား သို့မဟုတ် လေတပ်သားဖြစ်၍မိမိ၏လစာ သို့မ ဟုတ် စရိတ်ငွေများထဲမှ ပြေစာတွင် ပါဝင်သော ငွေကို လွှဲအပ်သည့်ကိစ္စများ၌ မိသားစုတွင် ပါဝင်သူ ဖြစ် ကြောင်း သက်သေခံလက်မှတ်ရသူတို့က ပေးသည့် ပြေစာ။<br>(စ) မည်သူမဆို ပင်စင်လစာ သို့မဟုတ် စရိတ်ငွေကို အဆိုပါ ပြန်တမ်းဝင်မဟုတ်သော အရာရှိ၊ စစ်သား၊ ရေတပ်သား သို့မဟုတ် လေတပ်သားအဖြစ်ဖြင့် အမှုထမ်း ရွက်သည့်အတွက် ရရှိသည်ဖြစ်၍ အခြား ရာထူး တစ်ခုခုဖြင့် အစိုးရအမှုထမ်းရွက်၍ ရရှိသည်မဟုတ် လျှင် ထိုသူက ထိုပင်စင်လစာများ သို့မဟုတ် စရိတ်ငွေ အတွက် ပေးသောပြေစာ။<br>(ဆ)ကျေးရွာရပ်ကွက် အကြီးအကဲ က မိမိကောက်ခံရရှိသည့် မြေခွန် သို့မဟုတ် အခွန်များအတွက် ပေးသော ပြေစာ။<br>(ဇ)ဘဏ်လုပ်ငန်းရှင်တစ်ဦးဦး၏ လက်တွင် ပေးသွင်းထား သည့် ငွေအတွက်ဖြစ်စေ၊ ငွေချေးသက်သေခံ လက်မှတ် များအတွက် ဖြစ်စေ တာဝန်ခံရန် ပေးသောပြေစာ။<br>သို့ရာတွင် ထိုပြေစာ၌ တာဝန်ခံ ရန်ဖြစ်သူမှအပ အခြား သူတစ်ဦးဦးထံမှရကြောင်း သို့မဟုတ် ယင်းအနေဖြင့်ရ ကြောင်းမဖော်ပြရ။<br>ထို့ပြင် ဤကင်းလွတ်ခွင့်မှာ အစုရှယ်ယာအတွက် ဖြစ် စေ၊ အစုရှယ်ယာခွဲဝေသတ်မှတ်ပေးမည့် အကြောင်းကြား စာအရ ဖြစ်စေ၊ ပေးသွင်းသော ငွေတစ်ရပ်ရပ်အတွက် သော် လည်းကောင်း၊ တရားဥပဒေအရဖွဲ့စည်းထားသည့် အစုစပ် ကုမ္ပဏီ သို့မဟုတ် အခြားအသင်းစု တစ်ခုခုတွင် ဖြစ်စေ၊ ဖွဲ့စည်းရန် အဆိုပြုသည့် သို့မဟုတ် ကြံရွယ်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတွင်ဖြစ်စေ ပါဝင်သော သို့မဟုတ် ရှိသောအစုရှယ်ယာလက်မှတ် သို့မဟုတ် အစုရှယ်ယာ တစ်ခုခုအတွက် တောင်းဆိုသည့်ငွေနှင့် စပ်လျဉ်း၍ သို့မ ဟုတ် ဈေးကွက်ဝင်ငွေချေး သက်သေခံလက်မှတ် ဖြစ်သော ဒီဘင်ချာခေါ် ကြွေးမြီခံဝန်ချုပ်နှင့်စပ်လျဉ်း၍ ပေး သွင်း သော ငွေတစ်ရပ်ရပ်အတွက်သော်လည်းကောင်း ပေးသည့် ပြေစာ သို့မဟုတ် ဝန်ခံစာနှင့် သက်ဆိုင်ခြင်းမရှိစေရ ။ | |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | [အာမခံပေါ်လစီစာချုပ်အမှတ်စဉ်၄၇၊အပိုင်း-ခ(၂)ကိုလည်း ကြည့်ပါ။] | |
| | **၅၄။ အပေါင်ပစ္စည်းပြန်လည် လွှဲပြောင်းခြင်းစာချုပ်စာတမ်း သို့မဟုတ် အပေါင် ဖျက်သိမ်းသည့် စာချုပ်စာတမ်း။** | အပေါင်နှင့်စပ်လျဉ်းသည့် အဖိုးစားနားငွေပမာဏအတွက် တံဆိပ်ခေါင်းခွန်မှာ ပစ္စည်းလွှဲပြောင်းခြင်းစာချုပ်စာတမ်း(အမှတ်စဉ်၂၃)အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ သို့ရာတွင်ကျပ်၁၀,၀၀၀ထက် မပိုစေရ။ |
| | **၅၅။ ပိုင်ဆိုင်ခွင့်စွန့်လွှတ်သည့် စာချုပ်စာတမ်း။** ဆိုလိုရင်းမှာ (ပုဒ်မ၂၃-က သို့မဟုတ် အမှတ်စဉ် ၅၄)ဖြင့် ပြဋ္ဌာန်းထားသော ပိုင်ဆိုင်ခွင့်စွန့်လွှတ်သည့်စာချုပ်စာတမ်း မဟုတ်ဘဲ) ပုဂ္ဂိုလ်တစ်ဦးက အခြားတစ်ဦးအပေါ်တွင် ဖြစ်စေ၊ သီးခြားဖော်ပြထားသည့် ပစ္စည်းတစ်ခုခု အပေါ်တွင်ဖြစ်စေ ပိုင်ဆိုင်ခွင့် စွန့်လွှတ်သည့်စာချုပ်စာတမ်း တစ်ခုခု - | |
| | (က) စွန့်လွှတ်ရန် တောင်းဆိုသည့်ငွေပမာဏ သို့မဟုတ် တန်ဖိုး မှာ ကျပ် ၁၅၀,၀၀၀(၁ သိန်းခွဲ) ထက်မပိုလျှင်၊ | ရထိုက်ခွင့်စွန့်လွှတ်သည့် စာချုပ်စာတမ်းတွင် ဖော်ပြသည့်ငွေ၊ သို့မဟုတ် တန်ဖိုးအတွက်တံဆိပ်ခွန်မှာ ခံဝန်ချုပ် (အမှတ်စဉ် ၁၅) အတွက် တံဆိပ်ခေါင်းခွန် အတိုင်း ဖြစ်သည်။ |
| | (ခ) အခြားကိစ္စတစ်ခုခုဖြစ်လျှင် - | - ကျပ် ၂,၅၀၀ |
| | **၅၆။ သင်္ဘောကုန်အပေါင်စာချုပ်။** ဆိုလိုရင်းမှာ သင်္ဘောပေါ်တင်ထားပြီးဖြစ်သော သို့မဟုတ် တင်ရန်ရှိသော ကုန်ပေါ်တွင် ငွေချေးယူ၍ သွားလိုရာဆိပ်ကမ်းသို့ ထိုကုန်ဆိုက်ရောက်မှသာ ထိုငွေကို ပြန်ဆပ်ရန် ချုပ်ဆိုသော စာချုပ် စာတမ်းတစ်ခု၊ | ချေးယူသည့် ငွေပမာဏအတွက် တံဆိပ်ခေါင်းခွန်မှာ ခံဝန်ချုပ်(အမှတ်စဉ်၁၅) အတွက် တံဆိပ်ခေါင်းခွန်အတိုင်းဖြစ်သည်။ |
| | **ယုံမှတ်အပ်နှံမှု သို့မဟုတ် ပစ္စည်းလွှဲပြောင်းပေးမှု တစ်ခုခု ဖျက်သိမ်း သည့်စာချုပ်စာတမ်း။ ပစ္စည်းလွှဲပြောင်းပေးခြင်းစာချုပ်စာတမ်း** (အမှတ်စဉ် ၅၈)၊ ယုံမှတ်အပ်နှံမှုစာချုပ်စာတမ်း (အမှတ်စဉ် ၆၄) တို့ကိုကြည့်ပါ။ | |
| | **၅၇။ အာမခံစာချုပ် သို့မဟုတ် အပေါင်စာချုပ်။** ယင်းမှာရာထူး အလျောက် ကျနစွာဆောင်ရွက်ရန် သို့မဟုတ် ထိုရာထူးအလျောက် ရရှိသည့်ငွေ သို့မဟုတ် အခြားပစ္စည်း အတွက် တာဝန်ခံရန် အာမခံအဖြစ်ဖြင့် ချုပ်ဆိုသည့် သို့မဟုတ် ပဋိညာဉ်အတိုင်း ကျနစွာဆောင်ရွက်စေရန် ခံဝန်သူကချုပ်ဆိုသည့် စာချုပ်ဖြစ်ပြီး - | |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | (က)အာမခံသည့်ငွေပေါင်းကျပ်၁၅၀,၀၀၀(၁သိန်းခွဲ)ထက်မပိုလျှင်၊ | အာမခံသည့်ငွေအတွက် တံဆိပ်ခွန်မှာ ခံဝန်ချုပ် (အမှတ်စဉ်၁၅)အတွက် တံဆိပ်ခွန်အတိုင်း ဖြစ်သည်။ |
| | (ခ) အခြားကိစ္စတစ်ခုခုဖြစ်လျှင်၊ | - ကျပ် ၂,၅၀၀ |
| | **ကင်းလွတ်ခွင့်**<br>အာမခံချုပ်ဆိုသည့် အောက်ပါခံဝန်ချုပ် သို့မဟုတ် အခြားစာချုပ်စာတမ်းများ -<br>(က) ကုသိုလ်ဖြစ်ဆေးပေးခန်း သို့မဟုတ် ဆေးရုံ သို့မဟုတ် အခြားပြည်သူသုံးလုပ်ငန်းကိစ္စတစ်ခုခုအတွက် ပုဂ္ဂလိက ပေးလှူငွေမှ ရရှိသည့် ပြည်တွင်းဝင်ငွေမှာ တစ်လလျှင် သတ်မှတ်ထားသည့်ငွေ အောက် မလျော့စေရပါဟု အာမခံရန်ကိစ္စ အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးဦးက ချုပ်ဆိုသည့်ခံဝန်ချုပ် သို့မဟုတ် အခြားစာချုပ်စာတမ်း။<br>(ခ) တည်ဆဲသက်ဆိုင်ရာ ဥပဒေများအရငွေ ချေးယူသူ တို့ကဖြစ်စေ၊ ယင်းတို့အတွက် ခံဝန်သူတို့ကဖြစ်စေ၊ အဆိုပါကြိုတင်ထုတ်ချေးငွေများ ပြန်ဆပ်ရန်အာမခံအဖြစ်ဖြင့် ချုပ်ဆိုသည့်ခံဝန်ချုပ် သို့မဟုတ် အခြားစာချုပ်စာတမ်း၊<br>(ဂ) ရာထူးအလျောက် ကျနစွာ ဆောင်ရွက်ပါမည်ဟူ၍ သော်လည်းကောင်း၊ ရာထူးအလျောက်ရရှိသည့် ငွေ သို့မဟုတ် အခြားပစ္စည်းအတွက် ကျနစွာ တာဝန်ခံပါမည် ဟူ၍ သော်လည်းကောင်း အစိုးရအရာရှိများကဖြစ်စေ၊ ယင်းတို့ အတွက် ခံဝန်သူများက ဖြစ်စေ၊ ချုပ်ဆိုသည့် ခံဝန်ချုပ် သို့မဟုတ် အခြားစာချုပ်စာတမ်း၊ | |
| | **၅၈။ ပစ္စည်းစီမံခန့်ခွဲမှုစာချုပ် စာတမ်း -**<br>(က) **ပစ္စည်းစီမံခန့်ခွဲမှုစာချုပ်စာတမ်း** (ပစ္စည်းလက်ဖွဲ့စာချုပ်အပါအဝင်) | အဆိုပါ ပစ္စည်းစီမံခန့်ခွဲမှု စာချုပ်စာတမ်းတွင် ဖော်ပြထားသည့်အတိုင်း လွှဲပေးသည့် ပစ္စည်း၏ သင့်ငွေပမာဏ သို့မဟုတ် တန်ဖိုး နှင့် ညီမျှသောငွေအတွက် တံဆိပ်ခေါင်းခွန်မှာ ခံဝန်ချုပ် (အမှတ်စဉ်၁၅)အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ သို့ရာတွင် ပစ္စည်းစီမံခန့်ခွဲရန် သဘောတူစာချုပ်ကို ထိုစာချုပ်အတွက် လိုအပ်သည့် တံဆိပ်ခေါင်းဖြင့် ကပ်နှိပ်ထားလျှင်ဖြစ်စေ၊ အဆိုပါ သဘောတူစာချုပ်နှင့်အညီ ပစ္စည်းစီမံခန့်ခွဲမှု စာချုပ်စာတမ်းကို နောက်ပိုင်းတွင် ချုပ်ဆိုလျှင် ဖြစ်စေ အဆိုပါ စာချုပ်စာတမ်းပေါ်တွင် တံဆိပ်ခေါင်းခွန်မှာ ၆၀၀ကျပ် ထက်မပို စေရ။ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **ကင်းလွတ်ခွင့်များ**<br>(က) မဟာမေဒင်ဘာသာဝင် အချင်းချင်း ထိမ်းမြား မင်္ဂလာပြုသည့်အခါ ချုပ်ဆိုသည့်ပစ္စည်းလက်ဖွဲ့စာချုပ်။<br><br>(ခ) **လှူဒါန်းစာ**။ ဆိုလိုရင်းမှာ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း စာချုပ်စာတမ်းတစ်ခုခုတွင် တန်ဖိုး သီးခြား မဖော်ပြဘဲ ၎င်းပေါ်တွင် တံဆိပ်ခေါင်းခွန် ကျပ် ၁၀၀၀ပေးဆောင်၍ ဘာသာရေးကိစ္စ အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဗုဒ္ဓဘာသာ ဝင်တစ်ဦးက ချုပ်ဆိုလျှင် ထိုသို့ ချုပ်ဆိုသောစာချုပ် စာတမ်း။ | |
| | **(ခ) ပစ္စည်းစီမံခန့်ခွဲမှုဖျက်သိမ်းခြင်းစာချုပ်စာတမ်း။** ယုံကြည် အပ်နှံမှုစာချုပ်စာတမ်း (အမှတ်စဉ် ၆၄) ကိုလည်း ကြည့်ပါ။ | ဖျက်သိမ်းရေးစာချုပ်စာတမ်းတွင် ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာပစ္စည်း၏ သင့်ငွေပမာဏ သို့မဟုတ် တန်ဖိုးနှင့်ညီမျှသောငွေအတွက် တံဆိပ်ခေါင်းခွန်မှာ ခံဝန်ချုပ် (အမှတ်စဉ် ၁၅)အတွက် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ သို့ရာတွင် ကျပ် ၃၀၀၀ ထက်မပိုစေရ။ |
| | ၅၉။အစုရှယ်ယာဝရမ်းများ။ ယင်းတို့မှာ လက်ရှိဖြစ်သူအား အစုရှယ်ယာများ ရထိုက်ခွင့်ပေးရန် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ထုတ်သည့်ဝရမ်းများ ဖြစ်သည်။<br><br>**ကင်းလွတ်ခွင့်များ**<br>တံဆိပ်ခေါင်းခွန်ကော်လတ္တော်အရာရှိအား တံဆိပ်ခေါင်း ခွန်အတွက် အောက်ပါငွေကို ပြေငြိမ်းခအဖြစ် ပေးဆောင် မှသာ အတည်ဖြစ်ရန် ကုမ္ပဏီက မြန်မာနိုင်ငံကုမ္ပဏီများ အက် ဥပဒေပုဒ်မ ၄၃နှင့်အညီ ထုတ်သည့်အစုရှယ်ယာဝရမ်း -<br>(က) ကုမ္ပဏီရှိ ထည့်ဝင်ပြီး မတည်ငွေရင်းတစ်ခုလုံး၏ ၁.၅ ရာခိုင်နှုန်း သို့မဟုတ်<br>(ခ) ကုမ္ပဏီတစ်ခုခုက အဆိုပါ တံဆိပ်ခေါင်းခွန် သို့မဟုတ် ပြေငြိမ်းခကို အပြည့်ပေးဆောင်ပြီးနောက် ယင်း၏ထည့်ဝင်ပြီး မတည်ငွေရင်းကို ဖြည့်ရန် နောက်ထပ် မတည်ငွေရင်း ထုတ်လျှင် ထိုသို့ထုတ်သည့် နောက်ထပ် မတည်ငွေရင်း၏ ၁.၅ ရာခိုင်နှုန်း<br><br>အစုရှယ်ယာလက်မှတ်။ သက်သေခံလက်မှတ်(အမှတ်စဉ်၁၉) ကို ကြည့်ပါ။ | ရှယ်ယာဝရမ်းတွင် သီးခြားဖော်ပြထားသည့် အစုရှယ်ယာများ၏ တန်ဖိုးရင်းနှင့်ညီမျှသည့် အဖိုးစားနားအတွက် တံဆိပ်ခေါင်းခွန်မှာ ပစ္စည်းလွှဲစာချုပ်(အမှတ်စဉ်၂၃) ပေါ်တွင် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်အတိုင်း ဖြစ်သည်။ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **၆၀။သင်္ဘောကုန်တင်အမှာစာ။** ယင်းမှာ သင်္ဘောတစ်ခုခုပေါ်တွင် ကုန်စည်များ တင်ဆောင်ရန်ဖြစ်သော သို့မဟုတ် တင်ဆောင်ခြင်း နှင့် သက်ဆိုင်သော အမှာစာဖြစ်သည်။ | - ကျပ် ၅၀ |
| | **၆၁။အငှားစာချုပ်ပြန်လည်အပ်သည့် စာတမ်း။** | |
| | (က) အငှားစာချုပ်အတွက် ထိုက်သင့်သော တံဆိပ်ခေါင်းခွန် မှာ ကျပ် ၅၀၀ ထက်မပိုလျှင်၊ | အဆိုပါ အငှားစာချုပ်အတွက် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်။ |
| | (ခ) အခြားကိစ္စတစ်ခုခုဖြစ်လျှင်၊ | - ကျပ် ၆၀၀ |
| | **ကင်းလွတ်ခွင့်**<br>အငှားစာချုပ်မှာ တံဆိပ်ခေါင်းခွန် ကင်းလွတ်လျှင် ထို အငှားစာချုပ်ကို ပြန်လည် စွန့်လွှတ်သည့်စာတမ်း။ | |
| | **၆၂။ လွှဲပြောင်းစာချုပ်စာတမ်း။** (အဖိုးစားနားဖြင့်ဖြစ်စေ၊ အဖိုးစားနားမရှိဘဲ ဖြစ်စေ)- | |
| | (က) တရားဥပဒေအရ ဖွဲ့စည်းထားသည့် အစုစပ်ကုမ္ပဏီတွင် သို့မဟုတ် အခြားအသင်းစုတွင်ပါဝင်သည့် အစုရှယ်ယာများ အလွှဲအပြောင်းစာချုပ်စာတမ်း၊ | အစုရှယ်ယာ တန်ဖိုး အပေါ် ၀.၃ % ။ |
| | (ခ)ပုဒ်မ ၈ ဖြင့်ပြဋ္ဌာန်းထားသည့် ဒီဘင်ချာခေါ် ကြွေးမြီခံဝန်ချုပ်များမှအပ တံဆိပ်ခေါင်းခွန် ထိုက်သင့်သည် ဖြစ်စေ၊ မထိုက်သင့်သည်ဖြစ်စေ ဈေးကွက်ဝင်ငွေချေး သက်သေခံလက်မှတ်များဖြစ်သည့် ဒီဘင်ချာခေါ် ကြွေးမြီခံဝန်ချုပ်များ လွှဲပြောင်းစာချုပ်စာတမ်း၊ | ဒီဘင်ချာခေါ် ကြွေးမြီခံဝန်ချုပ် တန်ဖိုး အပေါ် ၀.၃ % ။ |
| | (ဂ)ခံဝန်ချုပ်ဖြင့်ဖြစ်စေ၊ အပေါင်စာချုပ်ဖြင့်ဖြစ်စေ၊ အာမခံပေါ်လစီစာချုပ်ဖြင့်ဖြစ်စေ အာမခံသည့် အကျိုးသက်ဆိုင်ခွင့်တစ်ခုခု လွှဲပြောင်းစာချုပ်စာတမ်း | |
| | (၁)အဆိုပါခံဝန်ချုပ်၊ အပေါင်စာချုပ် သို့မဟုတ် အာမခံပေါ်လစီစာချုပ်ပေါ်တွင် တံဆိပ်ခေါင်းခွန်မှာ ကျပ် ၁၀၀ ထက်မပိုလျှင်။ | ထိုခံဝန်ချုပ်၊ အပေါင်စာချုပ် သို့မဟုတ် အာမခံပေါ်လစီစာချုပ်အတွက် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်။ |
| | (၂) အခြားကိစ္စတစ်ခုခုဖြစ်လျှင်၊ | - ကျပ် ၃၀၀ |
| | (ဃ) အမွေထိန်းဝန်အက်ဥပဒေ ပုဒ်မ ၂၅အရ ပစ္စည်းတစ်ခုခု လွှဲပြောင်း စာချုပ်စာတမ်း၊ | - ကျပ် ၃၀၀ |
| | (င) ယုံမှတ်အပ်နှံထားသည့်ပစ္စည်းတစ်ခုခုကို အဖိုးစားနားမပါရှိဘဲ ယုံမှတ်အပ်နှံခံရသူတစ်ဦးလက်မှအခြား ယုံမှတ်အပ်နှံခံရသူတစ်ဦးလက်သို့ဖြစ်စေ၊ အကျိုးခံစားခွင့်ရသူလက်သို့ ဖြစ်စေ လွှဲပြောင်း စာချုပ်စာတမ်း၊ | - ကျပ် ၃၀၀ သို့မဟုတ် ထိုငွေအောက်လျော့၍ ဤ အချက်ပါ အပိုဒ်(က)မှ (ဂ)အရ ထိုက်သင့်သောငွေ။ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **ကင်းလွတ်ခွင့်များ**<br>ထပ်ဆင့် ထောက်ခံချက် လက်မှတ်ရေးထိုး၍လွှဲပြောင်းသည့် အောက် ပါ စ ာချုပ်စာတမ်းများ -<br>(က) ငွေလွှဲလက်မှတ်၊ ချက်လက်မှတ်၊ သို့မဟုတ် ငွေပေး ကတိစာချုပ်။<br>(ခ) သင်္ဘောကုန်တင်တန်ဆာ၊ ကုန်စည်များ ပေးအပ်ရန် အမိန့်စာ၊ ကုန်စည်များအတွက် ဝရမ်း သို့မဟုတ် ကုန်ပိုင်ဆိုင် ကြောင်းပြသည့် အခြားအရောင်းအဝယ်စာတမ်းအမှတ် အသား။<br>(ဂ) အာမခံပေါ်လစီစာချုပ်<br>(ဃ)ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရ၏ ငွေချေး သက်သေခံလက်မှတ်များ။ ပုဒ်မ ၈ ကို လည်းကြည့်ပါ။ | |
| | **၆၃။အငှားစာချုပ် လွှဲပြောင်း စာချုပ်စာတမ်း။** ယင်းမှာ တစ်ဆင့်အငှားချထားသည့်အနေဖြင့် မဟုတ်ဘဲ လွှဲအပ်သည့် အနေဖြင့် အငှားစာချုပ် လွှဲပြောင်းသည့် စာချုပ်စာတမ်း ဖြစ်သည်။<br>**ကင်းလွတ်ခွင့်**<br>အမှတ်စဉ် ၂၀နှင့်၃၅ တို့မှ အပ တံဆိပ်ခေါင်းခွန် ကင်းလွတ်သော အငှားစာချုပ် တစ်ခုခုလွှဲပြောင်းသည့် စာချုပ်စာတမ်း။ | လွှဲပြောင်းရန်အတွက် အဖိုးစားနားငွေပမာဏ နှင့် ညီမျှသောအဖိုးစားနားအတွက် တံဆိပ် ခေါင်းခွန်မှာ ပစ္စည်းလွှဲပြောင်းခြင်းစာချုပ် စာတမ်း (အမှတ်စဉ်၂၃)အတွက် တံဆိပ် ခေါင်းခွန်အတိုင်း ဖြစ်သည်။ |
| | **၆၄။ယုံမှတ်အပ်နှံမှု စာချုပ် စာတမ်း။**<br>(က)ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍သေတမ်းစာမဟုတ်သော ရေးသားချက်တစ်ခုခုဖြင့် ပြုလုပ်သည့် ယုံမှတ်အပ်နှံမှု ကြေညာသည့် စာချုပ်စာတမ်း။ | ထိုစာချုပ်စာတမ်းတွင် ဖော်ပြထားသည့် အတိုင်း သက်ဆိုင်ရာပစ္စည်း၏ သင့်ငွေ ပမာဏ သို့မဟုတ် တန်ဖိုး နှင့်ညီမျှသောငွေ အတွက် တံဆိပ်ခေါင်းခွန်မှာ ခံဝန်ချုပ် (အမှတ်စဉ်၁၅)အတွက် တံဆိပ်ခေါင်းခွန် အတိုင်း ဖြစ်သည်။ သို့ရာတွင် ကျပ် ၆၀၀ ထက်မပိုစေရ။ |
| | (ခ) ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ သေတမ်းစာမဟုတ် သော စာချုပ်စာတမ်းတစ်ခုခုဖြင့် ယုံမှတ်အပ်နှံမှုဖျက်သိမ်း သည့်စာချုပ်စာတမ်း။<br><br>**ပစ္စည်းစီမံခန့်ခွဲမှုစာချုပ်စာတမ်း။** [အမှတ်စဉ်၅၈]ကိုလည်း ကြည့်ပါ။<br>**တန်ဖိုးဖြတ်ချက်စာတမ်း။** ရာဖြတ်စာတမ်း[အမှတ်စဉ်၈] ကိုကြည့်ပါ။ | ထိုစာချုပ်စာတမ်းတွင် ဖော်ပြထားသည့် အတိုင်း သက်ဆိုင်ရာပစ္စည်း၏ သင့်ငွေ ပမာဏ သို့မဟုတ် တန်ဖိုးနှင့်ညီမျှသောငွေ အတွက် တံဆိပ်ခေါင်းခွန်မှာ ခံဝန်ချုပ် (အမှတ်စဉ်၁၅)အတိုင်း ဖြစ်သည်။ သို့ရာတွင် ကျပ် ၆၀၀ ထက်မပိုစေရ။ |

| စဉ် | စာချုပ်စာတမ်းအမျိုးအစား | ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် |
|---|---|---|
| | **၆၅။ ကုန်စည်များအတွက်ဝရမ်း။** ဆိုလိုရင်းမှာ မည်သည့်စာချုပ် စာတမ်းမဆို ယင်းတွင်အမည် ဖော်ပြ ထားသူ တစ်ဦးဦး၌ သို့မဟုတ် ထိုသူက လွှဲအပ်ထားသောသူများ၌ သို့မဟုတ် ၎င်းကို လက်ရှိဖြစ်သူ သင်္ဘောကျင်း၊ ကုန်လှောင်ရုံ သို့မဟုတ် ဆိပ်ခံတံတားတစ်ခုခုတွင် တည်ရှိသည့် ကုန်စည်များကို ပိုင်ဆိုင်ခွင့်ရှိကြောင်း သက်သေခံလျှင် ထိုသို့ သက်သေခံသည့်စာချုပ်စာတမ်း၊ ယင်းမှာ ကုန်ပစ္စည်းထိန်းသိမ်းသူကဖြစ်စေ၊ ထိုသူအတွက်ဖြစ်စေ၊ လက်မှတ်ရေးထိုးသည့် သို့မဟုတ် တာဝန်ခံသည့် စာချုပ်စာတမ်း ဖြစ်သည်။ | -ကျပ် ၅၀ |

## အခန်း (၁)

## ၁၉၄၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းနည်းဥပဒေများမှ ကောက်နုတ်ချက်

## (Myanmar Stamp Rules, 1940)

## အခန်း (၁)

## နိဒါန်း

၁။ ဤနည်းဥပဒေများအား မြန်မာနိုင်ငံတံဆိပ်ခေါင်းနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

**အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

၂။ ဤနည်းဥပဒေများတွင် -

(က) အက်ဥပဒေဆိုသည်မှာ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ဆိုသည်။

(ခ) ပုဒ်မဆိုသည်မှာ ဤဥပဒေ၏ ပုဒ်မကို ဆိုသည်။

(ဂ) ဇယားဆိုသည်မှာ ဤဥပဒေ၏ ဇယားကိုဆိုသည်။

(ဃ) တံဆိပ်ခေါင်းကြီးကြပ်သူဆိုသည်မှာ ရန်ကုန်မြို့ရှိ တံဆိပ်ခေါင်းကြီးကြပ်သူကိုဆိုသည်။

**တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်း**

၃။ (၁) မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေနှင့် ဤနည်းဥပဒေများအရ အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်းမရှိလျှင် -

(က) စာချုပ်စာတမ်းများတွင် ထမ်းဆောင်ရမည့်အခွန်ကို အစိုးရက ထုတ်ဝေသည့် တံဆိပ်ခေါင်းဖြင့် ပေးဆောင်ရမည်။

(ခ) သီးခြားစာချုပ်စာတမ်းတစ်ခုခုအတွက် တံဆိပ်ခေါင်း၏ မျက်နှာစာပေါ်တွင် စာလုံးတစ်ခုခု သို့မဟုတ် စကားလုံးများ ရေးသားပါရှိပြီးဖြစ်ပါက အခြားစာချုပ်အမျိုးအစားတစ်ခုခုအတွက် အသုံးမပြုရ။

**တံဆိပ်ခေါင်းအမျိုးအစား ၂ မျိုး**

၃။ (၂) စာချုပ်စာတမ်းများတွင် အခွန်ပေးဆောင်ရမည့် တံဆိပ်ခေါင်းအမျိုးအစား ၂ မျိုးမှာ -

(က) နှိပ်တံဆိပ်ခေါင်းစက္ကူ (impressed stamp) နှင့်

(ခ) ကပ်တံဆိပ်ခေါင်း (adhesive stamp) တို့ဖြစ်သည်။

## အခန်း(၂)

## နှိပ်တံဆိပ်ခေါင်းစက္ကူများအကြောင်း

၄။ (၁) ပုဒ်မ ၁၁ အရ ကပ်တံဆိပ်ခေါင်းကပ်နိုင်သည့် ဟွန်ဒီလက်မှတ်မှအပ အခြားဟွန်ဒီလက်မှတ်များကို စက္ကူပေါ်တွင် အောက်ပါအတိုင်း ရေးရမည်

(က) တောင်းဆိုသည့်အခါ ပေးရမည့်ဟွန်ဒီမှအပ အခြားဟွန်ဒီကို ချုပ်ဆိုသည့်နေ့ရက်ကဖြစ်စေ၊ တင်ပြသည့် နေ့ရက်ကဖြစ်စေ တစ်နှစ်အတွင်း ပေးချေရမည့်တန်ဖိုးငွေ (ယခင်) ကျပ် ၃၀၀၀၀ ထက်မပိုသော ဟွန်ဒီလက်မှတ်ကို "ဟွန်ဒီ" ဆိုသည့် စာသားပါသည့် အပိမ့် သို့မဟုတ် ဖောင်းကြွအရေးအကြောင်းပါပြီး ထိုက်သင့်သည့် တံဆိပ်ခေါင်းရိုက်နှိပ်ထားသော နှိပ်တံဆိပ်ခေါင်းစက္ကူတွင် ရေးရမည်။

(ခ) တန်ဖိုးငွေကျပ် (ယခင်) ၃၀၀၀၀ ထက်ပိုသည့်ငွေအတွက် ဖြစ်စေ၊ တင်ပြသည့်နေ့ရက်တွင် သို့မဟုတ် တစ်နှစ်ထက်ပိုသောကာလတွင် ပေးချေရမည့် ဟွန်ဒီလက်မှတ်ကို အစိုးရက ရောင်းချရန် ထုတ်ပေးသောစက္ကူတွင် နည်းဥပဒေ ၁၁ ပါ နည်းလမ်းအတိုင်း အခွန်အရာရှိက ရိုက်နှိပ်ပြီး သို့မဟုတ် ကပ်ပြီးနောက် ရေးသားရမည်။

(၂) ဟွန်ဒီလက်မှတ်ရေးသည့်စာရွက်အသီးသီးမှာ ၈ $\frac{၁}{၈}$ လက်မ၊ အနံ ၅ $\frac{၁}{၈}$ လက်မအောက် မလျော့စေရမည့်အပြင် ၎င်းတွင် စက္ကူအလွတ်တွဲ၍ မပါရှိစေရ။

(၃) နည်းဥပဒေအရ အပိုဒ် (၁)ပါ ပြဋ္ဌာန်းချက်များမှာ ဟွန်ဒီလက်မှတ်များဖြစ်သည့်အချက်တွင် သက်ဆိုင်စေရမည်။

၅။ **ငွေပေးကတိစာချုပ်နှင့် ငွေလွှဲလက်မှတ်များ**

ပုဒ်မ ၁၁ အရ ဖြစ်စေ၊ နည်းဥပဒေ ၁၃ နှင့် ၁၇ တို့အရဖြစ်စေ ပြဋ္ဌာန်းချက်မှအပ ငွေပေးကတိစာချုပ် သို့မဟုတ် ငွေလွှဲလက်မှတ်ကို ထိုက်သင့်သည့်တံဆိပ်ခေါင်းပါရှိသည့် စက္ကူတွင် "ဟွန်ဒီ" ဆိုသည့်စာသားကို အပိမ့် သို့မဟုတ် ဖောင်းကြွအရေးအကြောင်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ရေးသားရမည်။

၆။ **အခြားစာချုပ်စာတမ်းများ**

အခွန်ထိုက်သင့်သည့် အခြားစာချုပ်စာတမ်းအသီးသီးမှာ ပုဒ်မ ၁၁ အရ ဖြစ်စေ၊ နည်းဥပဒေ ၁၀၊ ၁၂ နှင့် ၁၃ အရဖြစ်စေ ပြဋ္ဌာန်းချက်မှအပ ထိုက်သင့်သည့် တံဆိပ်ခေါင်းပါစက္ကူတွင် ဟွန်ဒီဆိုသော စာသားအဖောင်း အကြွ အရေးအကြောင်းမပါသည့် စက္ကူတွင် ရေးသားရမည်။

၇။ **နှိပ်တံဆိပ်ခေါင်းစက္ကူ တစ်ရွက်တည်း မလောက်သည့်အခါ မည်သို့အခွန်ထမ်းဆောင်ရမည့်အကြောင်း**

(၁) စာချုပ်စာတမ်းတစ်ခုခုနှင့်စပ်လျဉ်း၍ အခွန်တံဆိပ်ခေါင်း ပြည့်မီရန် အပိမ့်၊ အဖောင်း အကြွ အရေးအကြောင်းပါရှိသော နှိပ်တံဆိပ်ခေါင်းနှစ်ရွက် သို့မဟုတ် နှစ်ရွက်ထက်ပို၍ အသုံးပြုရသည့်အခါ အဆိုပါစာချုပ်စာတမ်း၏ ရေးသားချက်အစိတ်အပိုင်းအချို့ကို ထိုနှိပ်တံဆိပ်ခေါင်းစက္ကူအသီးသီးတွင် ရေးသားရမည်။

(၂) ဟွန်ဒီအရေးအကြောင်းမပါသည့် စက္ကူမဟုတ်သော အခြားနှိပ်တံဆိပ်ခေါင်းစက္ကူတစ်ရွက်တည်း၏ မျက်နှာစာဘက်တွင် စာချုပ်စာတမ်း စာသားအားလုံး ရေးသားရန် မလုံလောက်လျှင် စက္ကူအလွတ်နှင့် ပူးတွဲ၍ ရေးခွင့်ရှိသည်။ သို့ရာတွင် ထိုကဲ့သို့သော ကိစ္စမျိုး၌ နှိပ်တံဆိပ်ခေါင်းစက္ကူတွင် အဓိက အရေးကြီးသော အချက်များပါရှိစေရမည်။

၈။ ဇယား - ၁၊ အမှတ်စဉ် ၅၊ ၁၉၊ ၃၆၊ ၃၇၊ ၄၃၊ ၄၉ နှင့် ၅၂ များအရ အခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းများအတွက် အခွန်အရာရှိက ဆေးအရောင်ပါသော တံဆိပ်ဖြင့် ရိုက်နှိပ်ဖော်ပြခွင့်ရသည်။

၉။ နောက်ဆက်တွဲ - ၁ တွင် သီးခြားဖော်ပြထားသည့် တံဆိပ်ခေါင်းများကို ကပ်နှိပ်ခွင့်၊ ဖောက်၍ဖျက်ခွင့်ရှိသော အရာရှိများသည် ဤအက်ဥပဒေနှင့် နည်းဥပဒေများအလို့ငှာ သက်ဆိုင်ရာအရာရှိများဖြစ်သည်ဟု မှတ်ယူရမည်။

## ၁၀။ အချို့ကိစ္စများ၌ ခွင့်ပြုချက်ရရှိသော သက်ဆိုင်ရာအရာရှိများက တံဆိပ်ခေါင်းကပ်နှိပ်ခြင်း

**“အထူးကပ်တံဆိပ်ခေါင်း”** ဟူသောစာသားပါ တံဆိပ်ခေါင်းများကို သက်ဆိုင်ရာအရာရှိက အောက်ဖော်ပြပါ စာချုပ်စတမ်းများတွင် ကပ်ခွင့်၊ နှိပ်ခွင့် သို့မဟုတ် ဖောက်၍ ဖျက်ခွင့်ရှိသည် -

(၁) နောက်ဆက်တွဲ - ၂ ပါ သီးခြားသတ်မှတ်သော တံဆိပ်ခေါင်းများနှင့် သတ်မှတ်သည့်တန်ဖိုးနည်းအခွန်ထက်လျော့သော စာချုပ်စာတမ်းများမှအပ ၎င်းတို့၏ မူရင်းခွဲမိတ္တူများ၊

(၂) ဥရောပဘာသာစကား တစ်ခုခုကို အင်္ဂလိပ်ဘာသာပြန်ဆိုချက် ပူးတွဲပါသည့် နောက်ဆက်တွဲ - ၃ တွင် သီးခြားဖော်ပြသော တံဆိပ်ခေါင်းများ။

သို့ရာတွင် မူရင်းဘာသာရပ်ဖြင့် ရေးသားရာတွင် ငွေလွှဲလက်မှတ်မှအပ နောက်ဆက်တွဲ - ၃ တွင် သီးခြားသတ်မှတ်သည့် စာချုပ်စာတမ်းတစ်ခုခုကို အစိုးရက စည်းကမ်းချက်များသတ်မှတ်၍ ဤနည်းဥပဒေများနှင့် သက်ဆိုင်စေရမည်ဟု ညွှန်ကြားနိုင်သည်။ **(ထိုနည်းဥပဒေ ၁၀)**

## ၁၁။ တံဆိပ်ခေါင်းကပ်နည်းနှင့် ရိုက်နည်း

(၁) သက်ဆိုင်ရာအရာရှိသည် နည်းဥပဒေတွင် သီးခြားဖော်ပြထားသည့် စာချုပ်စာတမ်းတစ်ခုခုကို ၎င်းထံယူဆောင်လာပြီး တင်ပြလျှောက်ထားလာသည့်အခါ လျှောက်ထားသူက ပေးသွင်းရန်လိုအပ်သော တန်ဖိုးပါတံဆိပ်ခေါင်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တံဆိပ်ခေါင်းများကို ကပ်ရမည့်အပြင် တံဆိပ်ရိုက်စက်ကိရိယာဖြင့် ရိုက်နှိပ်၍ဖြစ်စေ၊ ဖောက်စက်ဖြင့် ဖောက်၍ဖြစ်စေ ပြုပြီး တံဆိပ်ခေါင်းစာမျက်နှာပေါ်တွင် ထိုသို့ရိုက်နှိပ်သည် သို့မဟုတ် ဖောက်သည့်ရက်စွဲတပ်၍ ရေးသားပေးရမည်။ အကယ်၍ စာချုပ်စာတမ်းမှာ စာပုရပိုက်တွင်ရေးသားခြင်းဖြစ်လျှင် တံဆိပ်ခေါင်းများကို သတ္တုကြေးကွင်းငယ်ဖြင့် တွယ်ချိတ်ထားရမည်။

သို့ရာတွင် တံဆိပ်ရိုက်စက်ကိရိယာ ထောက်ပံ့ပေးခြင်းမပြုနိုင်သည့် အချိန်အထိ အထူးကပ်တံဆိပ်ခေါင်းပေါ်တွင် ရာဘာတံဆိပ်ရိုက်နှိပ်အသုံးပြုနိုင်ပြီး သက်ဆိုင်ရာအရာရှိက အဆိုပါ တံဆိပ်အမှတ်အသားပေါ်တွင်ဖြတ်၍ ရက်စွဲတပ် လက်မှတ်ရေးထိုးထားရမည်။

ရန်ကုန်မြို့တွင်မူ သက်ဆိုင်ရာအရာရှိက အခွန်တံဆိပ်ခေါင်း ၅ ကျပ်တန်အောက်ကို ထိုရာဘာတံဆိပ်ခေါင်း ရိုက်နှိပ်အသုံးပြုနိုင်ပြီး ထိုတံဆိပ်ပေါ်တွင်ဖြတ်၍ ရက်စွဲတပ်လက်မှတ်ရေးထိုးထားရမည်။

(၂) ဤနည်းဥပဒေအရ တံဆိပ်ခေါင်းတစ်ခုခုကို ကပ်သည့်အခါ သက်ဆိုင်ရာအရာရှိသည် ထိုတံဆိပ်ခေါင်းပေါ်တွင် ၅ ကျပ်တန်နှင့်အထက်ဖြစ်လျှင် လက်မှတ်တိုရေးထိုးရမည်။ ၂၀ ကျပ်တန်နှင့်အထက်ဖြစ်ပါက တံဆိပ်ခေါင်းအောက်နားက ကပ်၍ ထိုးမြဲလက်မှတ်ရေးထိုးရမည်။

(၃) ဤနည်းဥပဒေ ၁၁(၂) အရ သက်ဆိုင်ရာအရာရှိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ၎င်း၏ လက်ထောက်အရာရှိတစ်ဦးဦးသို့ လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

၁၂။ **အချို့စာချုပ်စာတမ်းများတွင် နှိပ်တံဆိပ်ခေါင်းသုံးရခြင်း**

(၁) ပြည်ပတွင်ချုပ်ဆိုပြီး ပြည်တွင်းတွင်လက်ခံသော စာချုပ်စာတမ်းများကို နည်းဥပဒေ ၁၁ သို့မဟုတ် ၁၃ အရ ကပ်တံဆိပ်ခေါင်းသုံးရသည့် စာချုပ်စာတမ်းများမှအပ နှိပ်တံဆိပ်ခေါင်းစက္ကူဖြင့် ထမ်းဆောင်ရမည်။

(၂) အဆိုပါစာချုပ်စာတမ်းတစ်ခုခုကို ပုဒ်မ ၁၈(၂) အရ ကော်လက်တာအရာရှိထံ ယူဆောင်လာသည့်အခါတွင် ကော်လက်တာအရာရှိက မိမိနှင့်မသက်ဆိုင်လျှင် ထိုစာချုပ်စာတမ်းနှင့်အတူ ပေးဆောင်သည့် အခွန်ငွေတို့ကို သက်ဆိုင်ရာအရာရှိထံ ပေးပို့ရမည်။ သက်ဆိုင်ရာအရာရှိကလည်း နည်းဥပဒေ ၁၁ အရ သတ်မှတ်သည့်နည်းလမ်းအတိုင်း စာချုပ်စာတမ်းကို တံဆိပ်ခေါင်းရိုက်နှိပ်ပြီး တင်သွင်းသူသို့ ပြန်ပေးရန် ကော်လက်တာအရာရှိထံ ပြန်ပို့ရမည်။ ***[ထိုနည်းဥပဒေ ၁၂(၂)]***

**အခန်း (၃)**

**ကပ်တံဆိပ်ခေါင်းများ**

**အချို့စာချုပ်စာတမ်းများတွင် ကပ်တံဆိပ်ခေါင်း အသုံးပြုခြင်း**

၁၃။ အောက်ပါစာချုပ်စာတမ်းကို ကပ်တံဆိပ်ခေါင်းဖြင့် ကပ်နိုင်သည်။ ***(ထိုနည်းဥပဒေ ၁၃)***

(က) တောင်းခံသည့်အခါပေးရန်မှအပ အခြားကိစ္စတွင်ပေးချေရန် သတ်မှတ်တန်ဖိုး(ယခင် တစ်စောင် ၆ ပြား) ထက်မပိုသော တစ်ကြိမ်တည်း အစောင်စောင်ရေးသားသည့် ငွေလွှဲလက်မှတ်များ၊

(ခ) အများနှင့်သက်ဆိုင်သော ကုမ္ပဏီအသင်းအဖွဲ့များ၏ လွှဲပြောင်းသည့် ဒီဘင်ချာများ၊

(ဂ) ဇယား -၁၊ အမှတ်စဉ် ၂၄ အရ အခွန်ထိုက်သင့်သော မြေပုံ သို့မဟုတ် စီမံချက်မိတ္တူ၊ ပုံနှိပ်မိတ္တူနှင့် ပုံနှိပ်ပုံစံဖြင့်ပေးသော မှတ်ပုံတင်စာရင်းမိတ္တူ သို့မဟုတ် ကောက်နုတ်ချက်များ၊

(ဃ) ဇယား -၁၊ အမှတ်စဉ် ၅(က)(ခ) နှင့် ၄၃ တို့အရ အခွန်ထိုက်သင့်သော စာချုပ်စာတမ်းများ၊

(င) ဇယား -၁၊ အမှတ်စဉ် ၁၇ အရ အခွန်ထိုက်သင့်သော စာချုပ်စာတမ်းများ၊

(စ) ဇယား - ၁၊ အမှတ်စဉ် ၁၉၊ ၃၆၊ ၃၇၊ ၄၉(က)(၂) နှင့် (၃) နှင့်အမှတ်စဉ် ၅၂ တို့အရ အခွန်ထိုက်သင့်သောစာချုပ်စာတမ်းများ၊

၁၃။ (က) ဤနည်းဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ပေးဆောင်ရမည့်တံဆိပ်ခေါင်းခွန်ကို အတိအကျပေးဆောင်နိုင်ရန် လိုနေသောတံဆိပ်ခေါင်းများကို ပုံနှိပ်ဖြန့်ချီထားရခြင်းမရှိသေးလျှင် နည်းဥပဒေ ၁၆ တွင် သတ်မှတ်ထားသည့်(ယခင် ၂၅ပြား၊ ၁၂ ပြား၊ ၆ ပြားတန်) တံဆိပ်ခေါင်းများဖြည့်၍ ကပ်နိုင်သည်။ သို့ရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက အဆိုပါကပ်တံဆိပ်ခေါင်းများအစား ရုံးခွန်ကပ်တံဆိပ်ခေါင်းဖြင့် သုံးရန်ညွှန်ကြားနိုင်သည်။

**အစုရှယ်ယာလွှဲပြောင်းပေးသည့်အခါ လိုသည့်အခွန်ကို ပေးဆောင်ခြင်း**

၁၄။ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့တစ်ခု၏ အစုရှယ်ယာကို လွှဲပြောင်းသည့်စာချုပ်စာတမ်းကို ထိုက်သင့်သည့်တန်ဖိုးပါရှိပြီး အပိမ့် သို့မဟုတ် ဖောင်းကြွ အရေးအကြောင်းပါ တံဆိပ်ခေါင်းစက္ကူတွင် ရေးသားချုပ်ဆိုပြီးနောက် ရှယ်ယာတန်ဖိုးမြင့်တက်လာသည့်အတွက် ဇယား - ၁၊ အမှတ်စဉ် ၆၂(က)အရ ထိုက်သင့်သည့်တံဆိပ်ခေါင်းထက် လျော့နည်းနေကြောင်း တွေ့ရှိသည့်အခါ လျော့နည်းသည့်အခွန် ပြည့်မီစေရန် “ အစုရှယ်ယာလွှဲပြောင်းခြင်း” ဟူသော စာသားဖော်ပြပါရှိသော ကပ်တံဆိပ်ခေါင်းတစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ အသုံးပြုနိုင်သည်။

**တရားလွှတ်တော်ရှေ့နေ အမည်စာရင်းတင်သွင်းခြင်း**

၁၅။ တရားလွှတ်တော်ရှေ့နေအဖြစ် တရားလွှတ်တော်ချုပ်၏ အမည်စာရင်း၌ တင်သွင်းရာတွင် ပြန်တမ်းဝင်အရာရှိ၏ ကြီးကြပ်မှုဖြင့် ကပ်ရမည်။ ထိုအရာရှိသည် တံဆိပ်ခေါင်းများကို တရားလွှတ်တော်ချုပ်၏ပြန်တမ်းဝင်အရာရှိ၏ ကြီးကြပ်မှုဖြင့် ကပ်ရမည်။ ထိုအရာရှိသည် တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းဌာန၏ ကြီးကြပ်မှုဖြင့် ကပ်ရမည်။ ထိုအရာရှိသည် တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းဌာန၏ ကြီးကြပ်သူအရာရှိထံမှ ရယူရမည်ဖြစ်ပြီး စာရင်းများကို တံဆိပ်ခေါင်းများကို ထိုအရာရှိထံ တင်ပြရမည်။ အဆိုပါတရားလွှတ်တော်ချုပ်၏ ပြန်တမ်းဝင်အရာရှိသည် တံဆိပ်ခေါင်းများကို ကပ်ပြီးနောက် တံဆိပ်ခေါင်းများ၏ စာမျက်နှာပေါ်တွင် ရက်စွဲနှင့်အတူ ၎င်း၏လက်မှတ်ရေးထိုးရမည်။

၁၆။ ဤအက်ဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည်မှတစ်ပါး တံဆိပ်ခွန်ကို ဖော်ပြရန် အသုံးပြုသည့် ကပ်တံဆိပ်ခေါင်းမှာ ၂၅ ပြား သို့မဟုတ် ၃၅ ပြား သို့မဟုတ် ၆ ပြား သို့မဟုတ် ၃ ပြား ဆိုသည့် စကားရပ်များပါရှိသည့် လိုအပ်သောတံဆိပ်ခွန်အရေအတွက် ဖြစ်စေရမည်။

**အချို့အထူးကိစ္စများတွင် တံဆိပ်ခေါင်းအသုံးပြုခြင်း**

၁၇။ အောက်ပါစာချုပ်စာတမ်းများကို ကပ်တံဆိပ်ခေါင်းကပ်သည့်အခါ အောက်ဖော်ပြပါအချက်များ ဖော်ပြထားသည့် တံဆိပ်ခေါင်းဖြင့် ကပ်ရမည်။

(က) ပြည်ပတွင် ရေးဆွဲပြုလုပ်သည့် အခွန် ( ယခင်က ၆ ပြား၊ ယခုအကောက်ဥပဒေကို ၂၀၁၁ ခုနှစ် ပြင်ဆင်ချက်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၂၂/၂၀၁၂ တို့ဖြင့် ပြင်ဆင်ချက်အရ ၁၀ ကျပ်) ထက်ပိုမို၍ ထိုက်သင့်သောငွေလွှဲလက်မှတ်၊ ချက်လက်မှတ်နှင့် ငွေပေးကတိစာချုပ်တို့တွင် **"နိုင်ငံခြားငွေလွှဲလက်မှတ်" (Foreign Bill)** ဟူသောစာသားပါရှိသည့် တံဆိပ်ခေါင်းဖြင့်ကပ်ရမည်။

(ခ) အများနှင့်သက်ဆိုင်ရာကုမ္ပဏီနှင့် အသင်းအဖွဲ့တို့၏ အစုရှယ်ယာ ဒီဘင်ချာများကို လွှဲပြောင်းသည့် သီးခြားစာချုပ်စာတမ်းများတွင် **"အစုရှယ်ယာလွှဲပြောင်းခြင်း"** (Share Transfar) ဟူသောစာသားပါရှိသည့် တံဆိပ်ခေါင်းဖြင့်ကပ်ရမည်။

(ဂ) တရားလွှတ်တော်ရှေ့နေအဖြစ် တရားရုံးချုပ်၏အမည်စာရင်း၌ တင်သွင်းရာတွင် **"တရားလွှတ်တော်ရှေ့နေ"** (Advocate) ဟူသောစာသားပါရှိသည့် တံဆိပ်ခေါင်းဖြင့် ကပ်ရမည်။

(ဃ) **နိုတြီစာတမ်းများ** (Notarial Acts) တွင် **"နိုတြီ"** (Notarial) ဟူသော စာသားပါရှိသည့် တံဆိပ်ခေါင်းဖြင့်ကပ်ရမည်။

(င) ပုံနှိပ်ထားသောပုံစံဖြင့် ပြုလုပ်ထားသည့် မှတ်ပုံတင်စာရင်းမှ မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသော မြေပုံမိတ္တူ၊ စီမံချက်မိတ္တူ၊ ပုံနှိပ်မိတ္တူနှင့် ကောက်နုတ်ချက်မိတ္တူများကို **"ရုံးခွန် တံဆိပ်ခေါင်း"** ဖြင့် ကပ်ရမည်။

(စ) ဇယား - ၁၊ အမှတ် ၅ (က) နှင့် (ခ) သို့မဟုတ် အမှတ်စဉ် ၄၃ အရ တံဆိပ်ခေါင်းခွန်ထိုက်သင့်သော စာချုပ်စာတမ်းများတွင် **" သဘောတူစာချုပ် "** (Agreement) ၊ "ပွဲစားများ၏ မှတ်တမ်း (Borker's Note) ဆိုသည့် သက်ဆိုင်ရာစာသားများပါ တံဆိပ်ခေါင်းဖြင့် ကပ်ရမည်။

(ဆ) ဇယား - ၁၊ အမှတ်စဉ် ၄၇ အရ တံဆိပ်ခေါင်းခွန်ထိုက်သင့်သော စာချုပ်စာတမ်းများတွင် **" အာမခံ"** (Insurance) ဆိုသော စာသားပါ တံဆိပ်ခေါင်းဖြင့် ကပ်ရမည်။

## အဆိုပါနည်းဥပဒေ အခန်း (၄)

## အထွေထွေ

**မမှန်ကန်သည့် တံဆိပ်ခေါင်းအမျိုးအစားကို အသုံးပြုသည့် ကိစ္စအတွက် ပြဋ္ဌာန်းချက်**

၁၈။ စာချုပ်စာတမ်းတွင် ထိုက်သင့်သည့်တန်ဖိုးပါ တံဆိပ်ခေါင်းကို အသုံးပြုထားသော်လည်း တံဆိပ်ခေါင်းအမျိုးအစား မမှန်ကန်သည့်အခါ ကော်လက်တာအရာရှိသည် ထိုစာချုပ်စာတမ်းအတွက် ကျသင့်သည့်အခွန်ငွေ ပေးဆောင်စေပြီး ထိုစာချုပ်စာတမ်းမှာ ထိုက်သင့်သည့် တံဆိပ်ခေါင်းကပ်နှိပ်ပြီးကြောင်း ထပ်ဆင့်ထောက်ခံချက်လက်မှတ်ဖြင့် သက်သေခံလက်မှတ်ရေးထိုးပေးနိုင်သည်။

**ပြန်ပေးရန် သို့မဟုတ် အသစ်လဲလှယ်ရန် လျှောက်ထားသည့် အကြောင်းကိစ္စအတွက် သက်သေခံချက်တင်ပြရခြင်း**

၁၉။ ကော်လက်တာအရာရှိသည် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ အခန်း (၅) အရ တံဆိပ်ခေါင်းတန်ဖိုးကို ပြန်ပေးရန်ဖြစ်စေ၊ တံဆိပ်ခေါင်းကို အသစ်လဲလှယ်ပေးရန်ဖြစ်စေ လျှောက်ထားသူ သို့မဟုတ် ၎င်း၏ အခွင့်ရကိုယ်စားလှယ်ကို ကျမ်းကျိန်ဆို၍ဖြစ်စေ၊ ကတိသစ္စာပြု၍ဖြစ်စေ အစစ်ဆေးခံစေရန်သော်လည်းကောင်း၊ လျှောက်ထားရခြင်းအကြောင်းကိစ္စများကို ကျမ်းကျိန်ဆို၍ ထွက်ဆိုချက်ရေးသားတင်သွင်းစေရန်သော်လည်းကောင်း ဆင့်ဆိုခွင့်ရသည်။ ထို့ပြင် အဆိုပါအစစ်ခံချက် သို့မဟုတ် ကျမ်းကျိန်ဆိုထွက်ဆိုချက်ပါ အကြောင်းအရာများကို ထောက်ခံသည့် သက်သေခံချက်လိုအပ်သည်ဟု ထင်မြင်လျှင် သက်သေခံစစ်ချက်တင်ပြစေရန် ဆင့်ခေါ်နိုင်သည်။

**ပျက်စီးယိုယွင်းသည့် သို့မဟုတ် မှားယွင်းအသုံးပြုမိသည့် တံဆိပ်ခေါင်းများအတွက်ဖြစ်စေ၊ ဒီဘင်ချာ အသစ်လဲလှယ်သည့်အတွက်ဖြစ်စေ ခွင့်ပြုငွေများပေးခြင်း**

၂၀။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ အခန်း(၅)အရ ပျက်စီးယိုယွင်းသည့် သို့မဟုတ် မှားယွင်းအသုံးပြုမိသည့် သို့မဟုတ် ချက်ချင်းအသုံးပြုရန်မလိုသည့် တံဆိပ်ခေါင်းများအတွက်ဖြစ်စေ၊ ဒီဘင်ချာခေါ် ကြွေးမြီခံဝန်ချုပ်များ အသစ်လဲလှယ်သည့်အတွက်ဖြစ်စေ ခွင့်ပြုငွေကို ပေးရန်လျှောက်ထားပြီး ကော်လက်တော်အရာရှိက ထိုလျှောက်လွှာကို ခွင့်ပြုသည့်အမိန့် သို့မဟုတ် ထောက်ခံသည့်သက်သေခံချက် တင်ပြစေရန် အမိန့်ချမှတ်သည့်အခါ တံဆိပ်ခေါင်းကိုဖြစ်စေ လျှောက်ထားသူက မယူဘဲနေလျှင်သော်လည်းကောင်း၊ လျှောက်ထားချက်ကို ပလပ်ရမည်။ ထို့ပြင် ပျက်စီးယိုယွင်းသည့် သို့မဟုတ် မှားယွင်းအသုံးပြုမိသည့် တံဆိပ်ခေါင်းများရှိပါက ၎င်းကို ဖျက်စီးပစ်ရန် တံဆိပ်ခေါင်းဌာန ကြီးကြပ်သူအရာရှိထံ ပေးပို့ရမည်။

**ပုဒ်မ ၅၅ အရ ပြန်ပေးသည့် ဒီဘင်ချာမူရင်းကို ပယ်ဖျက်သည့် နည်းလမ်း**

၂၁။ ကော်လက်တာအရာရှိက ပုဒ်မ ၅၅ အရ ငွေကို ပြန်ပေးသည့်အခါ ထိုအရာရှိသည် ဒီဘင်ချာမူရင်းပေါ်တွင် "ပယ်ဖျက်ပြီး" ဆိုသောစာသားရေးသား၍ ၎င်း၏ရေးထိုးမြဲလက်မှတ် ရေးထိုးကာ ပယ်ဖျက်ရမည်။

**ဆုငွေချီးမြှင့်ခြင်း**

၂၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ ပြစ်မှုကျူးလွန်သူတစ်ဦးဦးကို ပြစ်မှုထင်ရှားစီရင်သည့်အခါ ကော်လက်တာအရာရှိသည် ပြစ်မှုထင်ရှားစေရေးအတွက် ပါဝင်ကူညီ၍ လာရောက်သက်သေခံချက်ပေးသူ မည်သူ့ကိုမဆို ဤကိစ္စအလို့ငှာ အစိုးရကသတ်မှတ်သည့် ဆုငွေကို ချီးမြှင့်နိုင်သည်။ ထို့ပြင် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တရားမဝင်သော တံဆိပ်ခေါင်းများ သိမ်းဆည်းရမိရန် သတင်းပေးသူကိုလည်း သတ်မှတ်သည့်ဆုငွေ ချီးမြှင့်နိုင်သည်။

၂၃။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ကောက်ခံရရှိသည့် အပိုတံဆိပ်ခေါင်းခွန် ၂ရာခိုင်နှုန်းအား ပြည်တွင်းအခွန်များဦးစီးဌာန ငွေစာရင်း မှတစ်ဆင့် ပြည်ထောင်စုရန်ပုံငွေသို့ ပေးသွင်းရမည်။ ထို့နောက်မြို့နယ်အခွန်ဦးစီးဌာနမှူးသည် (၃) လပတ်အလိုက် ခွင့်ပြုရန်ပုံငွေတောင်းခံ၍ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီအသီးသီး၏ မြို့နယ်စည်ပင်သာယာ ရေးရန်ပုံငွေသို့ ပြန်အမ်းငွေအဖြစ်လွှဲပြောင်းပေးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁၈၀၇ / ၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်

(၂၀၁၅ ခုနှစ်၊ ဇူလိုင် လ ၂၇ ရက်)

ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၇၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၁။ ဤနည်းဥပဒေများကို အခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည် -

(က) **အခွန်တံဆိပ်ခေါင်း** ဆိုသည်မှာ ဤနည်းဥပဒေများအရ ရောင်းချခွင့်ပြုသည့် အောက်ပါအခွန် တံဆိပ်ခေါင်းများကို ဆိုသည် -

(၁) အခွန်နှိပ် တံဆိပ်ခေါင်းများ၊

(၂) တန်ဖိုး ပြား ၅၀ နှင့် ငါးကျပ်တန် အခွန်ကပ်တံဆိပ်ခေါင်းများ၊

(၃) မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၁၁ တွင် ဖော်ပြထားသည့် စာချုပ်စာတမ်းများတွင် ကပ်ရမည့် ကပ်တံဆိပ်ခေါင်းများနှင့် အခြားကပ်တံဆိပ်ခေါင်းများ

(၄) အထူးကပ် လေဘယ်လ် တံဆိပ်ခေါင်းများနှင့် ဟွန်ဒီတံဆိပ်ခေါင်းများ။

(ခ) **ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူ** ဆိုသည်မှာ မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ၎င်းမှ ခန့်အပ်တာဝန်ပေးသည့် အခွန်အရာရှိ နှင့် ဒုတိယဦးစီးမှူး သို့မဟုတ် ဇဟိုတံဆိပ်ခေါင်း အရောင်းဌာနစိတ်မှ တာဝန်ခံအခွန်အရာရှိ သို့မဟုတ် ဒုတိယဦးစီးမှူးတို့ကို ဆိုသည်။

(ဂ) **လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ** ဆိုသည်မှာ ဤနည်းဥပဒေများအရ တံဆိပ်ခေါင်းရောင်းချရန် မြို့နယ်အခွန်ဦးစီးဌာနမှူးမှ လိုင်စင်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဃ) **လိုင်စင်** ဆိုသည်မှာ ဤနည်းဥပဒေများအရ တံဆိပ်ခေါင်းရောင်းချရန် ခွင့်ပြုထုတ်ပေးထားသည့် လက်မှတ်ကိုဆိုသည်။

(င) **လျှော့နှုန်း** ဆိုသည်မှာ အခွန်တံဆိပ်ခေါင်းများရောင်းချသည့်အတွက် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ ခံစားခွင့်ရှိသည့် လျှော့နှုန်းကိုဆိုသည်။

(စ) **တံဆိပ်ခေါင်းရောင်းချရန်နေရာဒေသ** ဆိုသည်မှာ လိုင်စင်တွင် ဖော်ပြသတ်မှတ်ပေးထားသည့် တံဆိပ်ခေါင်းရောင်းချခွင့်ပြုသည့် နေရာဒေသကို ဆိုသည်။

(ဆ) **နှစ်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(ဇ) **ဗဟိုတံဆိပ်ခေါင်းအရောင်းဌာနစိတ်** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန သက်ဆိုင်ရာဌာနခွဲမှ ဖွင့်လှစ်သည့် တံဆိပ်ခေါင်းအရောင်းဌာနစိတ်ကိုဆိုသည်။

## အခန်း (၂)
## လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့်ရုပ်သိမ်းခြင်း

၃။ **လိုင်စင်ရ** တံဆိပ်ခေါင်းရောင်းချသူအဖြစ် လျှောက်ထားမည့်သူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊

(ဂ) ပဋိညာဉ်အက်ဥပဒေအရ ပဋိညာဉ်ပြုလုပ်ရန်အရည်အချင်းရှိသူ ဖြစ်ရမည်၊

(ဃ) အနည်းဆုံးအခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူ ဖြစ်ရမည်၊

(င) အသက် (၁၈) နှစ်ပြည့်ပြီး၊ (၆၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(စ) ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၄။ လိုင်စင်ရရှိလိုသူ၏ အမည်၊ အသက်၊ အဖအမည်၊ မှတ်ပုံတင်အမှတ် နေရပ်လိပ်စာနှင့် တံဆိပ်ခေါင်းရောင်းချခြင်းပြုမည့်နေရာ သို့မဟုတ် ဆိုင်၏လိပ်စာတို့ကိုဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ စာဖြင့်လျှောက်ထားရမည်။

၅။ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုင်စင်လျှောက်ထားသူများအနက်မှ သင့်လျော်သည်ဟု ယူဆသူများအား မြို့နယ်အဆင့်အလိုက် သတ်မှတ်ထားသည့်ဦးရေထက် မကျော်လွန်စေဘဲ လိုင်စင်ထုတ်ပေးနိုင်သည်။

၆။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၄ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်ပါက အခကြေးငွေရယူခြင်းမပြုဘဲ ဤနည်းဥပဒေများအရ သတ်မှတ်ထားသည့် ပုံစံ- က ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၇။ လိုင်စင်တွင် တံဆိပ်ခေါင်းရောင်းချခွင့်ပြုသည့်နေရာဒေသ၊ လိုင်စင်သက်တမ်းနှင့် လိုင်စင်စည်းကမ်းချက်များကို ဖော်ပြပါရှိစေရမည်။

၈။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ လိုင်စင်ပြန်လည်အပ်နှံလိုသည့်အခါဖြစ်စေ၊ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် အခွန်တံဆိပ်ခေါင်းများ ဆက်လက်ရောင်းချလိုသည့်အခါဖြစ်စေ လိုင်စင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၆၀) ကြိုတင်၍ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

၉။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် နည်းဥပဒေ ၃ ပါ သတ်မှတ်ချက်များနှင့်အညီ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၁၀။ လိုင်စင်သက်တမ်းကာလမှာ (၂) နှစ် ဖြစ်သည်။

၁၁။ လိုင်စင်ရရှိသူ သေဆုံးသည့်အခါဖြစ်စေ၊ နည်းဥပဒေ ၁၂ အရ လိုင်စင်ရုပ်သိမ်းခံရသည့် အခါဖြစ်စေ၊ လိုင်စင်ပြန်လည်ပေးအပ်ခြင်းကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးက လက်ခံခွင့်ပြုသည့်အခါဖြစ်စေ လိုင်စင်ပျက်ပြယ်ပြီးဖြစ်သည်ဟုမှတ်ယူရမည်။

၁၂။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်တံဆိပ်ခေါင်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုဖြစ်စေ၊ လိုင်စင်စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ လိုင်စင်ရရှိသူက လိုက်နာရန်ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက ထုတ်ပေးထားသည့် လိုင်စင်ကို ရုပ်သိမ်းခြင်းပြုရမည်။

၁၃။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် တံဆိပ်ခေါင်းရောင်းချခွင့် ထုတ်ပေးသည့် လိုင်စင်များအား သတ်မှတ်ထားသော မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းထားရှိရမည့်အပြင် ၄င်းလိုင်စင်မိတ္တူများကို ပြည်တွင်းအခွန်များဦးစီးဌာန သက်ဆိုင်ရာဌာနခွဲ/ ပြည်ထောင်စုနယ်မြေ / တိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့လည်း ပေးပို့ရမည်။

## အခန်း(၃)

## လိုင်စင်ရရှိသူ၏တာဝန်များနှင့် အကျိုးခံစားခွင့်များ

၁၄။ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများသည် ၎င်းအားထုတ်ပေးထားသော လိုင်စင်ပါ တံဆိပ်ခေါင်းရောင်းချနိုင်သည့်နေရာဒေသများမှအပ အခြားနေရာဒေသများတွင် ရောင်းချခြင်းမပြုရ။

၁၅။ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူသည် ဤနည်းဥပဒေအရ ရောင်းချခွင့်ရှိသည့် တံဆိပ်ခေါင်းအမျိုးအစားနှင့် တန်ဖိုးများကိုသာရောင်းချရမည်။ ထိုသို့ရောင်းချရာတွင် တံဆိပ်ခေါင်းပါ သတ်မှတ်တန်ဖိုးဖြင့် ဝယ်ယူသူသို့ ချက်ချင်းရောင်းချပေးရမည်ဖြစ်ပြီး ယင်းသတ်မှတ်တန်ဖိုးထက်ပို၍ တောင်းခံခြင်း၊ လက်ခံခြင်း မပြုရ။

၁၆။ လိုင်စင်ရရှိသူသည် ၎င်း၏အမည်နှင့် ယှဉ်တွဲလျက် "လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ" ဟူ၍ ရေးသားထားသော ဆိုင်းဘုတ်နှင့် လိုင်စင်တို့ကို တံဆိပ်ခေါင်းရောင်းချသောနေရာ၌ မြင်သာသောနေရာတွင် ချိတ်ဆွဲထားရမည်။

၁၇။ လိုင်စင်ရရှိသူသည် ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူထံမှ ဝယ်ယူရရှိသည့် တံဆိပ်ခေါင်းအရေအတွက်နှင့်တန်ဖိုး၊ ပြန်လည်ရောင်းချသည့် တံဆိပ်ခေါင်းအရေအတွက်နှင့်တန်ဖိုး၊ လက်ကျန်တံဆိပ်ခေါင်းအရေအတွက်နှင့်တန်ဖိုးတို့ကို နေ့အလိုက်စာရင်းပြုစုထားရှိရမည်။

၁၈။ လိုင်စင်ရရှိသူသည် နည်းဥပဒေ၂၉ အရ ပြုစုထားရှိသည့် တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ မှတ်ပုံတင်စာအုပ်၊ နည်းဥပဒေ ၁၇ အရ ပြုစုထားသည့် စာရင်းနှင့် မိမိလက်ဝယ်ရှိ တံဆိပ်ခေါင်းများကို မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ၎င်းထက်အဆင့်မြင့်သော အခွန်အရာရှိတစ်ဦးဦးက စစ်ဆေးကြည့်ရှုရန် တောင်းဆိုလျှင် ချက်ခြင်းတင်ပြရမည်။

၁၉။ လိုင်စင်ရရှိသူသည် သက်ဆိုင်ရာ ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူထံမှသာ တံဆိပ်ခေါင်းဝယ်ယူဖြည့်တင်းခွင့်ရှိသည်။ ယင်းသို့ ဝယ်ယူသည့်အခါ တံဆိပ်ခေါင်းတန်ဖိုးအပြည့်ငွေ ပေးသွင်းရမည်။

၂၀။ ဤနည်းဥပဒေများအရ အတိအလင်းသတ်မှတ်ထားခြင်းမှအပ လိုင်စင်ရရှိသူကမှတ်ပုံတင် စာအုပ်တစ်ခုခု ထားရှိရန်ဖြစ်စေ၊ တံဆိပ်ရိုက်နှိပ်ရန်ဖြစ်စေ၊ ငွေစာရင်းပြုစုတင်ပြရန်ဖြစ်စေ တာဝန်မရှိစေရ။

၂၁။ လိုင်စင်ရရှိသူသည် ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူထံမှ ဝယ်ယူသည့်တံဆိပ်ခေါင်းတန်ဖိုး၏ ၄ ရာခိုင်နှုန်းကိုလျှော့နှုန်းအဖြစ် ခံစားခွင့်ရှိသည်။ အဆိုပါ လျှော့နှုန်းကို ညွှန်ကြားရေးမှူးချုပ်က အခါအားလျော်စွာ သတ်မှတ်သောနည်းလမ်းများနှင့်အတူ ရယူခံစားရမည်။

၂၂။ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် လိုင်စင်ထုတ်ပေးသည့်ရုံးမှ အခမဲ့ကူးပေးထားသည့် အခွန်တံဆိပ်ခေါင်းရောင်းချခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ထားသောဥပဒေ၊နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားလွှာမိတ္တူများကို ထိန်းသိမ်းထားရမည်ဖြစ်ပြီး ကြည့်ရှုရန် တောင်းဆိုလာသည့် မည်သူ့ကိုမဆို ကြည့်ရှုခွင့်ပြုရမည်။ ထိုစာမိတ္တူများကို ထပ်မံကူးယူလိုပါက လိုင်စင်ရသူ၏ စရိတ်ဖြင့်သာကူးယူရမည်။

၂၃။ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူသည် နည်းဥပဒေ ၃၄ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်သည့်အခါ ၎င်းအားထုတ်ပေးထားသည့် တံဆိပ်ခေါင်းရောင်းချခွင့်လိုင်စင်ကို မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ၎င်းထက်အဆင့်မြင့်သော အခွန်အရာရှိတစ်ဦးဦးမှ အချိန်မရွေး ရုပ်သိမ်းနိုင်သည်။

၂၄။ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ၏ လိုင်စင်ကို ရုပ်သိမ်းခြင်းခံရသည့်အခါဖြစ်စေ သို့မဟုတ် လိုင်စင်ကို ၎င်းက ပြန်လည်အပ်နှံသည်အခါဖြစ်စေ ၎င်း၏လက်ဝယ်ရှိ တံဆိပ်ခေါင်းများကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပြန်လည်အပ်နှံရမည်။ လိုင်စင်ရရှိသူသေဆုံးသဖြင့် လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် ၎င်း၏အမွေဆက်ခံသူက ပြန်လည်အပ်နှံရမည်။

၂၅။ လိုင်စင်သက်တမ်းမကုန်ဆုံးမီ လိုင်စင်ကို ပြန်လည်အပ်နှံသည့်အခါ၌ဖြစ်စေ၊ လိုင်စင်ရသူ၏အမှားအယွင်းတစ်စုံတစ်ရာကြောင့် လိုင်စင်ကို ရုပ်သိမ်းခြင်းခံရသည့်အခါ၌ဖြစ်စေ တံဆိပ်ခေါင်းများကို ပြန်လည်အပ်နှံရာတွင် ထိုသို့အပ်နှံသည့် တံဆိပ်ခေါင်းများ၏တန်ဖိုးမှ တစ်ဆယ်ရာခိုင်နှုန်း နုတ်ပယ်ထားသည့် တံဆိပ်ခေါင်းတန်ဖိုးကိုသာ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

၂၆။ လိုင်စင်ရသူ သေဆုံးခြင်းနှင့် လိုင်စင်သက်တမ်းကုန်ဆုံးခြင်းတို့ကြောင့် ပြန်လည်အပ်နှံသည့်အခါ ပြန်လည်ပေးအပ်သည့် တံဆိပ်ခေါင်းများအတွက် တံဆိပ်ခေါင်းတန်ဖိုးအပြည့်ကို ထုတ်ယူခွင့်ရှိသည်။

## အခန်း (၄)
## အခွန်တံဆိပ်ခေါင်းရောင်းချခြင်း

၂၇။ ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူများနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် ဤနည်းဥပဒေ ၂(က)(၁)ပါအခွန်နှိပ်တံဆိပ်ခေါင်းအသီးသီးအား ရောင်းချရာတွင် ထိုတံဆိပ်ခေါင်းများ၏ နောက်ကျောတွင် အောက်ပါအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ရေးသား၍ရောင်းချရမည်-

(က) ပြက္ခဒိန်နှစ်အလိုက် သီးခြားအမှတ်စဉ်၊

(ခ) ရောင်းချသည့် ရက်စွဲ၊

(ဂ) ဝယ်ယူသူအမည်၊ အဖအမည်နှင့် နေရပ်လိပ်စာ၊

(ဃ) စာသားဖြင့် တံဆိပ်ခေါင်းတန်ဖိုး၊

(င) ရောင်းချသူ၏ ရေးထိုးမြဲလက်မှတ်။

၂၈။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူများနှင့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများသည် ဤနည်းဥပဒေ ၂ (က) (၃)ပါ ကပ်တံဆိပ်ခေါင်း၏ ရှေ့မျက်နှာစာပေါ်တွင် အောက်ပါ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာရေးသား၍ ရောင်းချရမည် -

(က) ဝယ်ယူသူအမည်၊

(ခ) ရောင်းချသည့် ရက်စွဲ၊

(ဂ) ရောင်းချသူ၏ ရေးထိုးမြဲလက်မှတ်။

၂၉။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် မိမိ ရောင်းချသော တံဆိပ်ခေါင်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာနက သတ်မှတ်ထုတ်ပေးထားသည့် မှတ်ပုံတင်စာအုပ် တွင် မှန်ကန်ပြည့်စုံစွာ ချက်ချင်းရေးသွင်းထားရမည့်အပြင် အဆိုပါ မှတ်ပုံတင်စာအုပ်၏ နောက်ဆုံးစာတိုင်တွင် ဝယ်ယူသည့် ကိစ္စအကြောင်းရင်းအား မှတ်တမ်းတင်ထားရှိရမည်။

၃၀။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူသည် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအား ဤနည်းဥပဒေ ၂ (က) (၁) နှင့် (၃) တံဆိပ်ခေါင်းအမျိုးအစားများ ရောင်းချရာတွင် နည်းဥပဒေ ၂၇၊ ၂၈၊ ၂၉ ပါ အချက် အလက်များအား ရေးသားခြင်းမပြုဘဲ ရောင်းချရမည်။

၃၁။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူထံသို့ဖြစ်စေ၊ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချ သူထံသို့ဖြစ်စေ၊ အခွန်နှိပ်တံဆိပ်ခေါင်း သို့မဟုတ် ကပ်တံဆိပ်ခေါင်း ဝယ်ယူသည့်အခါ ထိုရောင်းချသူသည် လိုအပ်သည့် တန်ဖိုးရိုက်နှိပ်ထားသည့် တံဆိပ်ခေါင်းတစ်ရွက်တည်း သို့မဟုတ် တစ်လုံးတည်းသာလျှင် ဝယ်ယူသူသို့ ရောင်းချပေးရမည်။ ထိုတန်ဖိုးရှိ တံဆိပ်ခေါင်းတစ်ရွက်တည်း သို့မဟုတ် တစ်လုံးတည်းမရှိလျှင် လိုအပ်သည့်တန်ဖိုးပြည့်မီအောင် အရွက်ရေ သို့မဟုတ် လုံးရေ အနည်းဆုံးဖြင့် တံဆိပ်ခေါင်းများကို ဝယ်ယူသူသို့ ရောင်းချပေးရမည်။

၃၂။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူတို့သည် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားလွှာများဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ဆက်လက်အသုံးမပြုရန် ထုတ်ပြန်ထားသည့် တံဆိပ်ခေါင်းများကို ရောင်းချခြင်းမပြုရ။

၃၃။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် လိုင်စင်ထုတ်ပေးခြင်းခံရသူအတွက် တံဆိပ်ခေါင်းရောင်းချခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ် ပြန်၍ သတ်မှတ်နိုင်သည်-

(က) မြို့နယ်အဆင့်သတ်မှတ်ချက်အလိုက် ခန့်ထားနိုင်သည့် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူ အရေအတွက်၊

(ခ) ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူထံမှလိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများ ဝယ်ယူခွင့်ရှိသည့် တံဆိပ်ခေါင်းအမျိုးအစားနှင့် တံဆိပ်ခေါင်းတန်ဖိုး၊

(ဂ) အများဆုံးဝယ်ယူခွင့်ရှိသည့် တံဆိပ်ခေါင်းအရေအတွက်နှင့် စုစုပေါင်းတန်ဖိုး၊

(ဃ) သုံးလပတ်ကာလအလိုက် တံဆိပ်ခေါင်းများအား ကြားဖြတ်ဝယ်ယူနိုင်သည့် အကြိမ်အရေအတွက်။

၃၄။ ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူများနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် အခွန်တံဆိပ်ခေါင်းနှင့် သက်ဆိုင်သည့် ဥပဒေ၊နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအား လိုက်နာရမည်။

၃၅။ တံဆိပ်ခေါင်းများကို ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူတို့မှအပ အခြားမည်သူမျှ ရောင်းချခြင်းမပြုရ။

## အခန်း (၅)
## အထွေထွေ

၃၆။ ပြည်တွင်းအခွန်များဦးစီးဌာန သက်ဆိုင်ရာဌာနခွဲသည် လိုအပ်ပါက ဗဟိုတံဆိပ်ခေါင်းအရောင်းဌာနခွဲများ ဖွင့်လှစ်ရောင်းချနိုင်သည်။

၃၇။ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုင်စင်ရရှိသူက လိုင်စင်သက်တမ်းမကုန်ဆုံးမီ လိုင်စင်ကို ပြန်လည်ပေးအပ်လိုကြောင်း လုံလောက်သော အကြောင်းပြချက်ဖြင့် တင်ပြလာလျှင် လက်ခံခွင့်ပြုနိုင်သည်။

၃၈။ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ လက်ဝယ်ရှိ လက်ကျန်အခွန်တံဆိပ်ခေါင်းများကို ပြန်လည်ပေးအပ်ရန် တောင်းခံခွင့်ရှိသည်။

၃၉။ (က) နည်းဥပဒေ ၁၂ အရ လိုင်စင်ရုပ်သိမ်းခံရသူသည် မြို့နယ်အခွန်ဦးစီးဌာနမှူး၏ လိုင်စင်ရုပ်သိမ်းသည့် ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ယင်းအမိန့်ကို ရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်။

(ခ) ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးမှချမှတ်သည့် ဆုံးဖြတ်ချက်အား မကျေနပ်လျှင် ယင်းအမိန့်ကို ရရှိသည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း ညွှန်ကြားရေးမှူးချုပ်ထံသို့ အယူခံလွှောက်ထားနိုင်ပြီး ၎င်း၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၄၀။ မြန်မာနိုင်ငံအစိုးရ၊ ဘဏ္ဍာရေးဌာန၏ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၇၄ အရ ထုတ်ပြန်ခဲ့သည့် ၁၉၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉) "Rules for regulating the Sale of Stamps and Stamped Papers " ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁၈၀၇ / ၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်

(၂၀၁၅ ခုနှစ်၊ ဇူလိုင် လ ၂၇ ရက်)

ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၇၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေ များကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

၁။ ဤနည်းဥပဒေများကို အခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည် -

(က) **အခွန်တံဆိပ်ခေါင်း** ဆိုသည်မှာ ဤနည်းဥပဒေများအရ ရောင်းချခွင့်ပြုသည့် အောက်ပါအခွန် တံဆိပ်ခေါင်းများကို ဆိုသည် -

(၁) အခွန်နှိပ် တံဆိပ်ခေါင်းများ၊

(၂) တန်ဖိုး ပြား ၅၀ နှင့် ငါးကျပ်တန် အခွန်ကပ်တံဆိပ်ခေါင်းများ၊

(၃) မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၁၁ တွင် ဖော်ပြထားသည့် စာချုပ်စာတမ်း များတွင် ကပ်ရမည့် ကပ်တံဆိပ်ခေါင်းများနှင့် အခြားကပ်တံဆိပ်ခေါင်းများ

(၄) အထူးကပ် လေဘယ်လ် တံဆိပ်ခေါင်းများနှင့် ဟွန်ဒီတံဆိပ်ခေါင်းများ။

(ခ) **ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူ** ဆိုသည်မှာ မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ၄င်းမှ ခန့်အပ်တာဝန်ပေးသည့် အခွန်အရာရှိ နှင့် ဒုတိယဦးစီးမှူး သို့မဟုတ် ဗဟိုတံဆိပ်ခေါင်း အရောင်းဌာနစိတ်မှ တာဝန်ခံအခွန်အရာရှိ သို့မဟုတ် ဒုတိယဦးစီးမှူးတို့ကို ဆိုသည်။

(ဂ) **လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ** ဆိုသည်မှာ ဤနည်းဥပဒေများအရ တံဆိပ်ခေါင်းရောင်းချရန် မြို့နယ်အခွန်ဦးစီးဌာနမှူးမှ လိုင်စင်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဃ) **လိုင်စင်** ဆိုသည်မှာ ဤနည်းဥပဒေများအရ တံဆိပ်ခေါင်းရောင်းချရန် ခွင့်ပြုထုတ်ပေးထား သည့် လက်မှတ်ကိုဆိုသည်။

(င) **လျှော့နှုန်း** ဆိုသည်မှာ အခွန်တံဆိပ်ခေါင်းများရောင်းချသည့်အတွက် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူ ခံစားခွင့်ရှိသည့် လျှော့နှုန်းကိုဆိုသည်။

(စ) **တံဆိပ်ခေါင်းရောင်းချရန်နေရာဒေသ** ဆိုသည်မှာ လိုင်စင်တွင် ဖော်ပြသတ်မှတ်ပေးထားသည့် တံဆိပ်ခေါင်းရောင်းချခွင့်ပြုသည့် နေရာဒေသကို ဆိုသည်။

(ဆ) **နှစ်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(ဇ) **ဗဟိုတံဆိပ်ခေါင်းအရောင်းဌာနစိတ်** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန သက်ဆိုင်ရာ ဌာနခွဲမှ ဖွင့်လှစ်သည့် တံဆိပ်ခေါင်းအရောင်းဌာနစိတ်ကိုဆိုသည်။

## အခန်း (၂)

## လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့်ရုပ်သိမ်းခြင်း

၃။ **လိုင်စင်ရ** တံဆိပ်ခေါင်းရောင်းချသူအဖြစ် လျှောက်ထားမည့်သူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊

(ဂ) ပဋိညာဉ်အက်ဥပဒေအရ ပဋိညာဉ်ပြုလုပ်ရန်အရည်အချင်းရှိသူ ဖြစ်ရမည်၊

(ဃ) အနည်းဆုံးအခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူ ဖြစ်ရမည်၊

(င) အသက် (၁၈) နှစ်ပြည့်ပြီး၊ (၆၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(စ) ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၄။ လိုင်စင်ရရှိလိုသူ၏ အမည်၊ အသက်၊ အဖအမည်၊ မှတ်ပုံတင်အမှတ် နေရပ်လိပ်စာနှင့် တံဆိပ်ခေါင်း ရောင်းချခြင်းပြုမည့်နေရာ သို့မဟုတ် ဆိုင်၏လိပ်စာတို့ကိုဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ စာဖြင့်လျှောက်ထားရမည်။

၅။ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုင်စင်လျှောက်ထားသူများအနက်မှ သင့်လျော် သည်ဟု ယူဆသူများအား မြို့နယ်အဆင့်အလိုက် သတ်မှတ်ထားသည့်ဦးရေထက် မကျော်လွန်စေဘဲ လိုင်စင် ထုတ်ပေးနိုင်သည်။

၆။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၄ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်ပါက အခကြေးငွေရယူခြင်းမပြုဘဲ ဤနည်းဥပဒေများ အရ သတ်မှတ်ထားသည့် ပုံစံ- က ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၇။ လိုင်စင်တွင် တံဆိပ်ခေါင်းရောင်းချခွင့်ပြုသည့်နေရာဒေသ၊ လိုင်စင်သက်တမ်းနှင့် လိုင်စင်စည်းကမ်း ချက်များကို ဖော်ပြပါရှိစေရမည်။

၈။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ လိုင်စင်ပြန်လည်အပ်နှံလိုသည့်အခါဖြစ်စေ၊ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် အခွန်တံဆိပ်ခေါင်းများ ဆက်လက်ရောင်းချလိုသည့်အခါဖြစ်စေ လိုင်စင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၆၀) ကြိုတင်၍ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

၉။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် နည်းဥပဒေ ၃ ပါသတ်မှတ်ချက်များနှင့်အညီ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၁၀။ လိုင်စင်သက်တမ်းကာလမှာ (၂) နှစ် ဖြစ်သည်။

၁၁။ လိုင်စင်ရရှိသူ သေဆုံးသည့်အခါဖြစ်စေ၊ နည်းဥပဒေ ၁၂ အရ လိုင်စင်ရုပ်သိမ်းခံရသည့် အခါဖြစ်စေ၊ လိုင်စင်ပြန်လည်ပေးအပ်ခြင်းကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးက လက်ခံခွင့်ပြုသည့်အခါဖြစ်စေ လိုင်စင်ပျက်ပြယ်ပြီးဖြစ်သည်ဟုမှတ်ယူရမည်။

၁၂။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်တံဆိပ်ခေါင်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုဖြစ်စေ၊

လိုင်စင်စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ လိုင်စင်ရရှိသူ က လိုက်နာရန်ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက ထုတ်ပေးထားသည့် လိုင်စင်ကို ရုပ်သိမ်းခြင်းပြုရမည်။

၁၃။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် တံဆိပ်ခေါင်းရောင်းချခွင့် ထုတ်ပေးသည့် လိုင်စင်များအား သတ်မှတ်ထားသော မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းထားရှိရမည့်အပြင် ၎င်းလိုင်စင်မိတ္တူများကို ပြည်တွင်း အခွန်များဦးစီးဌာန သက်ဆိုင်ရာဌာနခွဲ/ ပြည်ထောင်စုနယ်မြေ / တိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူး ရုံးများသို့လည်း ပေးပို့ရမည်။

## အခန်း(၃)

## လိုင်စင်ရရှိသူ၏တာဝန်များနှင့် အကျိုးခံစားခွင့်များ

၁၄။ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများသည် ၎င်းအားထုတ်ပေးထားသော လိုင်စင်ပါ တံဆိပ်ခေါင်း ရောင်းချနိုင်သည့်နေရာဒေသများမှအပ အခြားနေရာဒေသများတွင် ရောင်းချခြင်းမပြုရ။

၁၅။ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူသည် ဤနည်းဥပဒေအရ ရောင်းချခွင့်ရှိသည့် တံဆိပ်ခေါင်း အမျိုးအစားနှင့် တန်ဖိုးများကိုသာရောင်းချရမည်။ ထိုသို့ရောင်းချရာတွင် တံဆိပ်ခေါင်းပါ သတ်မှတ်တန်ဖိုးဖြင့် ဝယ်ယူသူသို့ ချက်ချင်းရောင်းချပေးရမည်ဖြစ်ပြီး ယင်းသတ်မှတ်တန်ဖိုးထက်ပို၍ တောင်းခံခြင်း၊ လက်ခံခြင်း မပြုရ။

၁၆။ လိုင်စင်ရရှိသူသည် ၎င်း၏အမည်နှင့် ယှဉ်တွဲလျက် "လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ" ဟူ၍ ရေးသားထားသော ဆိုင်းဘုတ်နှင့် လိုင်စင်တို့ကို တံဆိပ်ခေါင်းရောင်းချသောနေရာ၌ မြင်သာသောနေရာတွင် ချိတ်ဆွဲထားရမည်။

၁၇။ လိုင်စင်ရရှိသူသည် ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူထံမှ ဝယ်ယူရရှိသည့် တံဆိပ်ခေါင်း အရေအတွက်နှင့်တန်ဖိုး၊ ပြန်လည်ရောင်းချသည့် တံဆိပ်ခေါင်းအရေအတွက်နှင့်တန်ဖိုး၊ လက်ကျန်တံဆိပ် ခေါင်းအရေအတွက်နှင့်တန်ဖိုးတို့ကို နေ့အလိုက်စာရင်းပြုစုထားရှိရမည်။

၁၈။ လိုင်စင်ရရှိသူသည် နည်းဥပဒေ၁၉ အရ ပြုစုထားရှိသည့် တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ မှတ်ပုံတင် စာအုပ်၊ နည်းဥပဒေ ၁၇ အရ ပြုစုထားသည့် စာရင်းနှင့် မိမိလက်ဝယ်ရှိ တံဆိပ်ခေါင်းများကို မြို့နယ်အခွန် ဦးစီးဌာနမှူး သို့မဟုတ် ၎င်းထက်အဆင့်မြင့်သော အခွန်အရာရှိတစ်ဦးဦးက စစ်ဆေးကြည့်ရှုရန် တောင်းဆိုလျှင် ချက်ခြင်းတင်ပြရမည်။

၁၉။ လိုင်စင်ရရှိသူသည် သက်ဆိုင်ရာ ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူထံမှသာ တံဆိပ်ခေါင်း ဝယ်ယူဖြည့်တင်းခွင့်ရှိသည်။ ယင်းသို့ ဝယ်ယူသည့်အခါ တံဆိပ်ခေါင်းတန်ဖိုးအပြည့်ငွေ ပေးသွင်းရမည်။

၂၀။ ဤနည်းဥပဒေများအရ အတိအလင်းသတ်မှတ်ထားခြင်းမှအပ လိုင်စင်ရရှိသူကမှတ်ပုံတင် စာအုပ် တစ်ခုခု ထားရှိရန်ဖြစ်စေ၊ တံဆိပ်ရိုက်နှိပ်ရန်ဖြစ်စေ၊ ငွေစာရင်းပြုစုတင်ပြရန်ဖြစ်စေ တာဝန်မရှိစေရ။

၂၁။ လိုင်စင်ရရှိသူသည် ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူထံမှ ဝယ်ယူသည့်တံဆိပ်ခေါင်းတန်ဖိုး၏ ၄ ရာခိုင်နှုန်းကိုလျှော့နှုန်းအဖြစ် ခံစားခွင့်ရှိသည်။ အဆိုပါ လျှော့နှုန်းကို ညွှန်ကြားရေးမှူးချုပ်က အခါအားလျော်စွာ သတ်မှတ်သောနည်းလမ်းများနှင့်အတူ ရယူခံစားရမည်။

၂၂။ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် လိုင်စင်ထုတ်ပေးသည့်ရုံးမှ အခမဲ့ကူးပေးထားသည့် အခွန်တံဆိပ်ခေါင်းရောင်းချခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ထားသောဥပဒေ၊နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ များနှင့် ညွှန်ကြားလွှာမိတ္တူများကို ထိန်းသိမ်းထားရမည်ဖြစ်ပြီး ကြည့်ရှုရန် တောင်းဆိုလာသည့် မည်သူ့ကိုမဆို ကြည့်ရှုခွင့်ပြုရမည်။ ထိုစာမိတ္တူများကို ထပ်မံကူးယူလိုပါက လိုင်စင်ရသူ၏ စရိတ်ဖြင့်သာကူးယူရမည်။

၂၃။ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူသည် နည်းဥပဒေ ၃၄ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်သည့်အခါ ၎င်းအားထုတ်ပေးထားသည့် တံဆိပ်ခေါင်းရောင်းချခွင့်လိုင်စင်ကို မြို့နယ်အခွန်ဦးစီးဌာန မှူး သို့မဟုတ် ၎င်းထက်အဆင့်မြင့်သော အခွန်အရာရှိတစ်ဦးဦးမှ အချိန်မရွေး ရုပ်သိမ်းနိုင်သည်။

၂၄။ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ၏ လိုင်စင်ကို ရုပ်သိမ်းခြင်းခံရသည့်အခါဖြစ်စေ သို့မဟုတ် လိုင်စင် ကို ၎င်းက ပြန်လည်အပ်နှံသည်အခါဖြစ်စေ ၎င်း၏လက်ဝယ်ရှိ တံဆိပ်ခေါင်းများကို မြို့နယ်အခွန်ဦးစီးဌာနမှူး ထံ ပြန်လည်အပ်နှံရမည်။ လိုင်စင်ရရှိသူသေဆုံးသဖြင့် လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် ၎င်း၏အမွေဆက်ခံသူ က ပြန်လည်အပ်နှံရမည်။

၂၅။ လိုင်စင်သက်တမ်းမကုန်ဆုံးမီ လိုင်စင်ကို ပြန်လည်အပ်နှံသည့်အခါ၌ဖြစ်စေ၊ လိုင်စင်ရသူ၏အမှား အယွင်းတစ်စုံတစ်ရာကြောင့် လိုင်စင်ကို ရုပ်သိမ်းခြင်းခံရသည့်အခါ၌ဖြစ်စေ တံဆိပ်ခေါင်းများကို ပြန်လည်အပ်နှံ ရာတွင် ထိုသို့အပ်နှံသည့် တံဆိပ်ခေါင်းများ၏တန်ဖိုးမှ တစ်ဆယ်ရာခိုင်နှုန်း နုတ်ပယ်ထားသည့် တံဆိပ်ခေါင်း တန်ဖိုးကိုသာ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

၂၆။ လိုင်စင်ရသူ သေဆုံးခြင်းနှင့် လိုင်စင်သက်တမ်းကုန်ဆုံးခြင်းတို့ကြောင့် ပြန်လည်အပ်နှံသည့်အခါ ပြန်လည်ပေးအပ်သည့် တံဆိပ်ခေါင်းများအတွက် တံဆိပ်ခေါင်းတန်ဖိုးအပြည့်ကို ထုတ်ယူခွင့်ရှိသည်။

## အခန်း (၄)

## အခွန်တံဆိပ်ခေါင်းရောင်းချခြင်း

၂၇။ ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူများနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် ဤ နည်းဥပဒေ ၂(က)(၁)ပါအခွန်နှိပ်တံဆိပ်ခေါင်းအသီးသီးအား ရောင်းချရာတွင် ထိုတံဆိပ်ခေါင်းများ၏ နောက်ကျောတွင် အောက်ပါအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ရေးသား၍ရောင်းချရမည်-

(က) ပြက္ခဒိန်နှစ်အလိုက် သီးခြားအမှတ်စဉ်၊

(ခ) ရောင်းချသည့် ရက်စွဲ၊

(ဂ) ဝယ်ယူသူအမည်၊ အဖအမည်နှင့် နေရပ်လိပ်စာ၊

(ဃ) စာသားဖြင့် တံဆိပ်ခေါင်းတန်ဖိုး၊

(င) ရောင်းချသူ၏ ရေးထိုးမြဲလက်မှတ်။

၂၈။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူများနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် ဤနည်းဥပဒေ ၂ (က) (၃)ပါ ကပ်တံဆိပ်ခေါင်း၏ ရှေ့မျက်နှာစာပေါ်တွင် အောက်ပါ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာရေးသား၍ ရောင်းချရမည် -

(က) ဝယ်ယူသူအမည်၊

(ခ) ရောင်းချသည့် ရက်စွဲ၊

(ဂ) ရောင်းချသူ၏ ရေးထိုးမြဲလက်မှတ်။

၂၉။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် မိမိ ရောင်းချသော တံဆိပ်ခေါင်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာနက သတ်မှတ်ထုတ်ပေးထားသည့် မှတ်ပုံတင်စာအုပ် တွင် မှန်ကန်ပြည့်စုံစွာ ချက်ချင်းရေးသွင်းထားရမည့်အပြင် အဆိုပါ မှတ်ပုံတင်စာအုပ်၏ နောက်ဆုံးစာတိုင်တွင် ဝယ်ယူသည့် ကိစ္စအကြောင်းရင်းအား မှတ်တမ်းတင်ထားရှိရမည်။

၃၀။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူသည် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအား ဤနည်းဥပဒေ ၂ (က) (၁) နှင့် (၃) တံဆိပ်ခေါင်းအမျိုးအစားများ ရောင်းချရာတွင် နည်းဥပဒေ ၂၇၊ ၂၈၊ ၂၉ ပါ အချက် အလက်များအား ရေးသားခြင်းမပြုဘဲ ရောင်းချရမည်။

၃၁။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူထံသို့ဖြစ်စေ၊ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူထံသို့ဖြစ်စေ၊ အခွန်နှိပ်တံဆိပ်ခေါင်း သို့မဟုတ် ကပ်တံဆိပ်ခေါင်း ဝယ်ယူသည့်အခါ ထိုရောင်းချသူသည် လိုအပ်သည့် တန်ဖိုးရိုက်နှိပ်ထားသည့် တံဆိပ်ခေါင်းတစ်ရွက်တည်း သို့မဟုတ် တစ်လုံးတည်းသာလျှင် ဝယ်ယူသူသို့ ရောင်းချပေးရမည်။ ထိုတန်ဖိုးရှိ တံဆိပ်ခေါင်းတစ်ရွက်တည်း သို့မဟုတ် တစ်လုံးတည်းမရှိလျှင် လိုအပ်သည့်တန်ဖိုးပြည့်မီအောင် အရွက်ရေ သို့မဟုတ် လုံးရေ အနည်းဆုံးဖြင့် တံဆိပ်ခေါင်းများကို ဝယ်ယူသူသို့ ရောင်းချပေးရမည်။

၃၂။ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူတို့သည် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားလွှာများဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ဆက်လက်အသုံးမပြုရန် ထုတ်ပြန်ထားသည့် တံဆိပ်ခေါင်းများကို ရောင်းချခြင်းမပြုရ။

၃၃။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် လိုင်စင်ထုတ်ပေးခြင်းခံရသူအတွက် တံဆိပ်ခေါင်းရောင်းချခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ် ပြန်၍ သတ်မှတ်နိုင်သည်-

(က) မြို့နယ်အဆင့်သတ်မှတ်ချက်အလိုက် ခန့်ထားနိုင်သည့် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူ အရေအတွက်၊

(ခ) ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူထံမှလိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများ ဝယ်ယူ ခွင့်ရှိသည့် တံဆိပ်ခေါင်းအမျိုးအစားနှင့် တံဆိပ်ခေါင်းတန်ဖိုး၊

(ဂ) အများဆုံးဝယ်ယူခွင့်ရှိသည့် တံဆိပ်ခေါင်းအရေအတွက်နှင့် စုစုပေါင်းတန်ဖိုး၊

(ဃ) သုံးလပတ်ကာလအလိုက် တံဆိပ်ခေါင်းများအား ကြားဖြတ်ဝယ်ယူနိုင်သည့် အကြိမ်အရေအတွက်။

၃၄။ ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူများနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် အခွန်တံဆိပ်ခေါင်းနှင့် သက်ဆိုင်သည့် ဥပဒေ၊နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအား လိုက်နာရမည်။

၃၅။ တံဆိပ်ခေါင်းများကို ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချ သူတို့မှအပ အခြားမည်သူမျှ ရောင်းချခြင်းမပြုရ။

## အခန်း (၅)

## အထွေထွေ

၃၆။ ပြည်တွင်းအခွန်များဦးစီးဌာန သက်ဆိုင်ရာဌာနခွဲသည် လိုအပ်ပါက ဗဟိုတံဆိပ်ခေါင်းအရောင်းဌာန စိတ်များ ဖွင့်လှစ်ရောင်းချနိုင်သည်။

၃၇။ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုင်စင်ရရှိသူက လိုင်စင်သက်တမ်းမကုန်ဆုံးမီ လိုင်စင် ကို ပြန်လည်ပေးအပ်လိုကြောင်း လုံလောက်သော အကြောင်းပြချက်ဖြင့် တင်ပြလာလျှင် လက်ခံခွင့်ပြုနိုင်သည်။

၃၈။ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူ လက်ဝယ်ရှိ လက်ကျန်အခွန်တံဆိပ်ခေါင်းများကို ပြန်လည်ပေးအပ်ရန် တောင်းခံခွင့်ရှိသည်။

၃၉။ (က) နည်းဥပဒေ ၁၂ အရ လိုင်စင်ရုပ်သိမ်းခံရသူသည် မြို့နယ်အခွန်ဦးစီးဌာနမှူး၏ လိုင်စင်ရုပ်သိမ်း သည့် ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ယင်းအမိန့်ကို ရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးထံ အယူခံ ဝင်နိုင်သည်။

(ခ) ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးမှချမှတ်သည့် ဆုံးဖြတ်ချက် အား မကျေနပ်လျှင် ယင်းအမိန့်ကို ရရှိသည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း ညွှန်ကြားရေးမှူးချုပ် ထံသို့ အယူခံလျှောက်ထားနိုင်ပြီး ၎င်း၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၄၀။ မြန်မာနိုင်ငံအစိုးရ၊ ဘဏ္ဍာရေးဌာန၏ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၇၄ အရ ထုတ်ပြန် ခဲ့သည့် ၁၉၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉) "Rules

for regulating the Sale of Stamps and Stamped Papers " ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။